# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တပို့တွဲလဆန်း (၉) ရက် ၊ တနင်္ဂနွေနေ့ ၊ (18-2-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၂၉၄)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး(YMBA)၏ ရာသက်ပန်ဂုဏ်ထူးဆောင်နာယက အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)မှ အဖွဲ့ဝင်များကို တွေ့ဆုံ

## အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာစောင့်ရှောက်ရေးသည် နိုင်ငံ့အရေးပင်ဖြစ်ပြီး နိုင်ငံ့အရေးနှင့်ပတ်သက်၍ နိုင်ငံတော်တွင်ရှိသည့် နိုင်ငံသားတိုင်းတွင် တာဝန်ရှိ



ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး(YMBA)၏ ရာသက်ပန်ဂုဏ်ထူးဆောင်နာယက အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)မှ အဖွဲ့ဝင်များကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA)၏ရာသက်ပန်ဂုဏ်ထူးဆောင်နာယက အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဗဟို)မှ အဖွဲ့ဝင်များကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ရွှေတိဂုံစေတီတော်မြတ်ကြီးပရိဝုဏ်အတွင်းရှိ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဗဟို)ရုံး၌ တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး(YMBA)၏ ရာသက်ပန် ဂုဏ်ထူးဆောင်နာယက အဂ္ဂမဟာ မင်္ဂလဓမ္မဇောတိကဓဇ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊

စာမျက်နှာ ၁၆ ကော်လံ ၁ သို့




ရတနာပုံ
၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်
အယ်ဒီတာ့အာဘော်

# ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီ နိုင်ငံတော်ကိုကာကွယ်

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကအခြေခံအကျဆုံးလိုအပ်ချက်မှာ တည်ငြိမ်အေးချမ်းရေးပင်ဖြစ်သည်။ တည်ငြိမ်အေးချမ်းမှသာ ကောင်းစွာစီးပွားရှာကာ ကောင်းစွာနေထိုင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် တည်ငြိမ်အေးချမ်းမှုရှိရန် လုံခြုံရေး၊ ကာကွယ်ရေးအင်အားကောင်းရန်လိုအပ်ပေသည်။ နိုင်ငံတစ်နိုင်ငံတွင် ရှိသေခန့်ညားလောက်သော လုံခြုံရေးအင်အား၊ ကာကွယ်ရေးအင်အားရှိရမည်ဖြစ်သည်။ လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းသောင်းကျန်းမှုများ ကြုံလာခဲ့သော မိမိတို့နိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို ပို၍လိုအပ်ပေသည်။

၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၊ ၂၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှစတင်၍ အာဏာတည်စေရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ လိုအပ်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဆက်လက်ထုတ်ပြန်လျက်ရှိရာ ထိုလုပ်ငန်းစဉ်များအနက် ယခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၄ ဖြင့် စတင်ဖွဲ့စည်းဆောင်ရွက်အကောင်အထည်ဖော်ခဲ့သည်။

နိုင်ငံတွင် ရှိသေခန့်ညားလောက်သော ကာကွယ်ရေးစွမ်းပကား၊ လုံခြုံရေးစွမ်းပကားရှိရန်အတွက် တပ်မတော်တစ်ရပ်တည်းတွင် တာဝန်ရှိသည်မဟုတ် နိုင်ငံကိုချစ်သော နိုင်ငံသားအားလုံးတွင် တာဝန်ရှိသည်ဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းစနစ်သည် နိုင်ငံတော်၏ ဥပဒေပြဋ္ဌာန်းချက်များ၊ တပ်မတော်၏ မြင့်မားစွမ်းဆောင်နိုင်မှုများ၊ ပြည်သူလူထုတစ်ရပ်လုံး၏ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ် အသိပညာမြင့်မားမှုများနှင့် ကာကွယ်ရေးပညာဗဟုသုတကြွယ်ဝမှုများ၊ ကာကွယ်ရေးပညာတတ်ကျွမ်းမှုများ ပေါင်းစပ်ဆောင်ရွက်မည့်လုပ်ငန်းစဉ်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အရန်တပ်ဖွဲ့ဥပဒေကို နိုင်ငံတော်တွင်ဖြစ်ပေါ်နေသည့်အခြေအနေများအရ ထုတ်ပြန်ခဲ့သည်။ နိုင်ငံသားတိုင်းတွင် နိုင်ငံတော်ကာကွယ်ရန် တာဝန်ရှိသည်ဖြစ်သဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေကို ယခင်ကတည်းက ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အထူးသဖြင့် ဒီတာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်အတွက်ဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းစနစ်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင်သာ ဆောင်ရွက်သွားမည်မဟုတ် နောင်လာမည့် ဒီမိုကရေစီအစိုးရလက်ထက်တွင်လည်း ဆက်လက်ဆောင်ရွက်သွားမည့် ရေရှည်စီမံချက်ဖြစ်သည်။ နိုင်ငံတော်ကို ကာကွယ်နိုင်သော စွမ်းရည်၊ နိုင်ငံတော်ကို ကာကွယ်နိုင်သော စွမ်းအား၊ နိုင်ငံတော်ကို ကာကွယ်နိုင်သောပညာ နိုင်ငံသားအားလုံးတတ်ရန် လိုအပ်ပေသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ရေရှည်မျှော်မှန်းပြီး ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းခြင်းဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံချစ်စိတ်ရှိသော နိုင်ငံသားတိုင်းနှင့် လူငယ်လူရွယ်အားလုံး နိုင်ငံတော်ကာကွယ်ရေးပညာကို သင်ယူတတ်မြောက်ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ကို ပါဝင်ဆောင်ရွက်နိုင်ပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဖေဖော်ဝါရီ ၁၇**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်းဦးရေ ၃၅၉၃၉၀ လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မန္တလေးတောင်ပေါ်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ တက်ရောက်ဖူးမြော်ကြပါတယ်။ ဘုရားဖူးတွေနဲ့ မန္တလေးတောင်ပေါ်မှာ စည်ကားနေပါတယ်။ ရဟန်းသံဃာတွေနဲ့ သက်ကြီးရွယ်အိုတွေအတွက် ဓာတ်လှေကား၊ စက်လှေကားတွေစီစဉ်ထားပါတယ်။ စောင်းတန်းကနေ တက်ရောက်ဖူးမြော်သူတွေအနေနဲ့ မန္တလေးတောင်ရဲ့ ဘုရားတွေကို စုံလင်စွာဖူးမြော်နိုင်ပါတယ်။ ကား၊ ဆိုင်ကယ်တွေနဲ့ တက်ရောက်ဖူးမြော်သူတွေအတွက် လမ်းတွေကို ပြုပြင်ပေးထားပါတယ်။ ဘုရားဖူးတွေ နေ့စဉ်လာရောက်ဖူးမြော်ကြတာကိုတွေ့ရပြီး အမှတ်တရပစ္စည်း အရောင်းဆိုင်တွေနဲ့ စားသောက်ဆိုင်တွေမှာလဲ ဝယ်ယူစားသောက်သူတွေနဲ့စည်ကားနေပါတယ်"ဟု မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၁၁၂၅ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၃၅၆၁၆၅ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူးဦးရေ ၂၁၀၀ လာရောက်ဖူးမြော်ကြောင်း ဝေရောစန ကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။

(၁၈၅)

# ပြည်ပကဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ပဲလွမ်းဖြူ အရောင်းအဝယ်ကောင်းလျက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၁၇**

ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ပဲလွမ်းဖြူ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် ပဲလွမ်းဖြူကို တရုတ်နိုင်ငံဘက်ကလည်း ဝယ်ယူမှုများရှိလာကြောင်း၊ ယခင်က မန္တလေးဈေးကွက်အတွင်း ပဲလွမ်းဖြူ အရောင်းအဝယ်ပုံမှန်သာရှိခဲ့ပြီး ယခုလက်ရှိတွင် ပဲလွမ်းဖြူများ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာကာ အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း သိရသည်။

"အခုလက်ရှိအချိန်မှာ ပဲလွမ်းဖြူတွေကို ပြည်ပနိုင်ငံတွေအပြင် ပြည်တွင်းက ကုန်သည်တွေကပါ ဝယ်ယူမှု တော်တော်လေးများလာပြီး ဈေးကွက်ထဲ အရင်ကထက် အရောင်းအဝယ်ပိုပြီးကောင်းလာတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ဖေဖော်ဝါရီ ၁၆ ရက် ပေါက်ဈေးအရ ပဲလွမ်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀၀ ပေါက်ဈေးရှိပြီး အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း သိရသည်။

"အခုလောလောဆယ်တော့ တရုတ်နိုင်ငံဘက်ကလဲ အဝယ်ပြန်များလာတယ်။ အရင်က တရုတ်ဘက်ကလဲ အဝယ်မရှိတာကြောင့် အရောင်းအဝယ် အေးနေခဲ့တယ်။ အခုတော့ ပဲလွမ်းဖြူတွေ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

ပဲလွမ်းဖြူကို ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်ရေဝင်ဒေသများတွင် မြစ်ရေကျချိန်၌ စိုက်ပျိုးကြကြောင်း၊ လက်ရှိ မန္တလေးဈေးကွက်သို့ မြင်းမူမြို့နယ်၊ မြောင်မြို့နယ်တို့မှ ပဲလွမ်းဖြူများ ဝင်ရောက်နေကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် သရက်ကုန်းငါးလုပ်ငန်းစခန်း၌ တိုင်းရင်းငါးမျိုးဖြစ်သော ငါးမြင်းကို မွေးမြူသားဖောက်သွားမည်

**မန္တလေး ဖေဖော်ဝါရီ ၁၇**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီး သရက်ကုန်းငါးလုပ်ငန်းစခန်း၌ တိုင်းရင်းငါးမျိုးဖြစ်သော ငါးမြင်းကို မွေးမြူသားဖောက်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သရက်ကုန်း ငါးလုပ်ငန်းစခန်း လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနောင်ဝင်းက ပြောပြ၍ သိရသည်။

တိုင်းရင်းငါးမျိုးစိတ်များ မျိုးသုဉ်းမသွားစေရေးအတွက် သရက်ကုန်း ငါးလုပ်ငန်းစခန်းက ငါးသားပေါက်များကို ဖမ်းယူစုဆောင်းကာ ပြုစုမွေးမြူမှုများပြုလုပ်ပြီး သားဖောက်ပေးသွားမည်ဖြစ်ကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ငါးနက်ပြာ၊ ငါးပတ်နှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ငါးဖန်းမကို မွေးမြူသားဖောက်ခဲ့ရာ အောင်မြင်ခဲ့ကြောင်း၊ လာမည့် ဘဏ္ဍာနှစ်တွင်လည်း ငါးမြင်းကို ဆက်လက်မွေးမြူသားဖောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"သရက်ကုန်းငါးလုပ်ငန်းစခန်းကနေပြီးတော့ တိုင်းရင်းငါးမျိုးစိတ်တွေကို စမ်းသပ်မွေးမြူပြီးတော့ သားဖောက်ပေးနေပါတယ်။ လာမဲ့ ဘဏ္ဍာနှစ်ထဲမှာတော့ ငါးမြင်းကို စမ်းသပ်သားဖောက်သွားမှာပါ။ လက်ရှိမွေးမြူထားတာ အကောင်ရေ ၂၀ ကျော်ရှိပါတယ်။ အဲဒီအကောင်ရေ ၂၀ ထဲကနေထုတ်ပြီး သားဖောက်သွားမှာပါ။ မြစ်၊ ချောင်း၊ အင်းအိုင်၊ ဆည်၊ တမံတွေမှာ တိုင်းရင်းငါးတွေစဉ်ဆက်မပြတ်ရှိနေနိုင်ဖို့အတွက်ပါ။ ငါးရိက္ခာဖူလုံစေဖို့နဲ့ ငါးသယံဇာတ ပေါများကြွယ်ဝစေဖို့ပါ။ ဒေသရေလုပ်သားတွေလဲ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါများစေဖို့ပါ။ အခုလို တိုင်းရင်းငါးတွေကို စမ်းသပ်သားဖောက်ပြီး ပေါများလာရင် မျိုးစိုက်ထည့်ပေးသွားမှာပါ"ဟု ဦးထွန်းနောင်ဝင်းက ပြောပြသည်။

သရက်ကုန်းစခန်းအနေဖြင့် ငါးမျိုးစိတ် ၁၀ မျိုးကို နှစ်စဉ်သားဖောက်၍ မျိုးစိုက်ထည့်ပေးနေသည့်အပြင် နည်းပါးလာသည့် တိုင်းရင်းငါးမျိုးစိတ်များကိုလည်း စမ်းသပ်သားဖောက် ဆောင်ရွက်နေရာ အောင်မြင်လျက်ရှိကြောင်း သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ညောင်ရွှေမြို့နယ် နန်းသဲကျေးရွာတွင် လူကူးတံတားတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ညောင်ရွှေ ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ထပ်တိုးအကောင်အထည်ဖော်ဆောင်ရွက်သည့် နန်းသဲကျေးရွာအုပ်စု နန်းသဲကျေးရွာတွင် လူကူးတံတားတည်ဆောက်နေမှုကို ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းနှင့် တာဝန်ရှိသူများက နန်းသဲကျေးရွာတွင် အရှည်ပေ ၃၀၀၊ အကျယ်လေးပေ၊ အမြင့် ၁၀ ပေရှိ လူကူးတံတားတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

နန်းသဲကျေးရွာတွင် အဆိုပါ လူကူးတံတား တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် သုည ဒသမ ၂၁ သန်း စုစုပေါင်းငွေကျပ် ၁၅ ဒသမ ၂၁ သန်းအသုံးပြုကာ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်နိုင်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ဝက်လက်မြို့ ရွာနန်းရွာ ရန်အောင်မင်္ဂလာဓာတောရကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဝံသက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏ၊ ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ဆည်ရေသောက်စနစ်ဖြင့် စပါး ဧက ၁၁၂၀ စိုက်ပျိုးသွားမည်



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ရမည်းသင်း ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ဆည်ရေသောက်စနစ်ဖြင့် စပါးဧက ၁၁၂၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးစိုက်ဧကများကို သစ်ဆုံဆည်နှင့် ကျီးနီကန်ဆည်မှ ရေပေးဝေမည်ဖြစ်ကြောင်း၊ နွေစပါးဧက ၁၁၂၀ ကို ယခုလ နောက်ဆုံးပတ်မှစ၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရာတွင်လည်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးသွားမည့် စပါးမျိုးများအနေဖြင့် မနောသုခ၊ ပုလဲသွယ်၊ ရွှေသွယ်ရင်၊ သီးထပ်ရင် စပါးမျိုးများကို အဓိကထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ရမည်းသင်းမြို့နယ်မှာ ဒီနှစ် နွေစပါးစိုက်ပျိုးသွားမှာဖြစ်ပြီး စပါးမျိုးအနေနဲ့ မျိုးလေးမျိုးကို အဓိကထားစိုက်ပျိုးသွားမှာပါ။ ဆည်ရေသောက်ဒေသတွေမှာ ဒေသနဲ့ကိုက်ညီတဲ့ စပါးမျိုးတွေကို စိုက်ပျိုးသွားမှာပါ။ အခုချိန်မှာတော့ ပျိုးထောင်နေပြီး မြေခံထည်ရေးပြင်နေပါပြီ။ စိုက်ပျိုးရေတွေပေးဝေပြီး ထွန်ယက်စိုက်ပျိုးဖို့ ဆောင်ရွက်နေပါပြီ။ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရဲ့ ညွှန်ကြားချက်တွေနဲ့ စိုက်ပျိုးသွားမှာပါ။ စပါးမျိုးသက်တမ်းတွေအနေနဲ့ကတော့ မျိုးအလိုက် သက်တမ်းရှိကြပါတယ်။ အခုစိုက်ပျိုးမဲ့မျိုးတွေအပြင် တခြားအထွက်နှုန်းကောင်းစပါးမျိုးတွေကိုလဲ စိုက်ပျိုးကြမှာပါ"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ဆန်စားသုံးမှုဖူလုံစေရေးအတွက် ရမည်းသင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၁၂၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း၌ နွေစပါးစိုက်ဧကများကို တောင်သူများအနေဖြင့် စိုက်ပျိုးကြရာတွင် ဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးခြင်း၊ မြစ်ရေတင်စနစ်ဖြင့် စိုက်ပျိုးခြင်း၊ မြေအောက်ရေစနစ်ဖြင့် စိုက်ပျိုးခြင်း ဟူသည့် စနစ်သုံးမျိုးဖြင့် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

(၁၈၅)

# မြဝတီမြို့နယ် ဟားချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြဝတီ ဖေဖော်ဝါရီ ၁၇**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဟားချောင်းကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရေးရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ဟားချောင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၀၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဘိုဘို**

# ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၃၆၆ ဧက စိုက်ပျိုးပြီးစီး

**ကျုံပျော် ဖေဖော်ဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၃၆၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၃၆၆ ဧကကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ပဲတီစိမ်းများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျုံပျော်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ပဲတီစိမ်း ၅၃၆၆ ဧက စိုက်ပျိုးခဲ့ပါတယ်။ ပဲတီစိမ်းဧကအားလုံး စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနကနေ စိုက်ပျိုးရေးနည်းပညာတွေနဲ့ တခြားလိုအပ်တာတွေကို ဆောင်ရွက်ပေးနေတယ်။ စိုက်ပျိုးတဲ့ ပဲတီစိမ်းတွေ အပင်ပေါက်အားကောင်းစေဖို့၊ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်မကျရောက်စေဖို့ စတဲ့လုပ်ငန်းတွေကိုလဲ ဌာနက ဆောင်ရွက်ပေးပါတယ်"ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းများ အထွက်နှုန်းကောင်းမွန်စေရေး၊ အရည်အသွေးကောင်းမွန်စေရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပိုးသတ်ဆေး၊ အပင်အားဆေးများ စနစ်တကျအသုံးပြုတတ်စေရေး စသည့် နည်းပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဆိုပါဒေသတွင် ယခင်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲတီစိမ်း တစ်ဧကလျှင် ၄၅ တင်းသာထွက်ရှိခဲ့ပြီး ယခုနှစ်တွင် တစ်ဧကလျှင် တင်း ၅၀ ကျော် ထွက်ရှိရန် ဆောင်ရွက်ထားကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ကမ္ဘာ့ဟင်းသီးဟင်းရွက်ဆီများသုံးစွဲမှုနှင့် တင်ပို့၊ တင်သွင်းမှုအခြေအနေများ

မျိုးသူ(ကုန်သွယ်မြင့်)

ကမ္ဘာပေါ်တွင် ပြောင်း၊ ဂျုံနှင့်ဆန်သည် စားသောက်ကုန်တွင် မရှိမဖြစ် အဓိကစားသောက်ကုန်ဖြစ်သည်ဟုဆိုနိုင်သည်။ သို့ရာတွင် အဆိုပါသီးနှံများပြီးလျှင် စားသုံးဆီသည်လည်း အဓိကကျသောစားသောက်ကုန်နှင့် လူသုံးကုန်ဖြစ်လာသည်။ စားသုံးဆီလိုအပ်ချက်သည် ကဏ္ဍပေါင်းများစွာတွင် အရေးပါလာသည်ကို တွေ့ရသည်။ လိုအပ်ချက်သည်လည်း တစ်နှစ်ထက်တစ်နှစ် မြင့်တက်လျက်ရှိသည်ကို တွေ့နိုင်သည်။ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်တွင် စားသုံးဆီထုတ်လုပ်မှုများ လျော့ကျခဲ့သော်လည်း ၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် ပြန်လည်မြင့်တက်လာနေသည်ကို တွေ့နိုင်သည်။

**ဟင်းသီးဟင်းရွက်ဆီသုံးစွဲမှု**

ကမ္ဘာပေါ်ရှိ စားသောက်ကုန်နှင့် အခြားကိစ္စရပ်များအတွက် သုံးစွဲလျက်ရှိသော ဟင်းသီးဟင်းရွက်ဆီများမှာ စားအုန်းဆီ၊ ပဲပုပ်ဆီနှင့် Rapeseed ဆီ၊ နေကြာဆီ၊ ဆီအုန်းစေ့ဆီ၊ မြေပဲဆီ၊ ဝါစေ့ဆီ၊ အုန်းဆီနှင့် သံလွင်ဆီတို့ဖြစ်ကြသည်။ အဆိုပါ ဟင်းသီးဟင်းရွက်ဆီများစားသုံးမှုသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တန်ချိန်သန်း ၁၅၀ ကျော်မှသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တန်ချိန်သန်း ၂၀၀ ကျော်ထိ ၁၀ နှစ်အတွင်း များစွာတိုးမြင့်လာသည်ကို တွေ့ရသည်။ လေ့လာကြည့်ရာတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စားအုန်းဆီသည် တန်ချိန် ၅၇ ဒသမ ၅၂ သန်းသုံးစွဲရာမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၇၇ ဒသမ ၉၉ သန်းထိ တိုးမြင့်လာသည်။ ရာခိုင်နှုန်းအားဖြင့်ကြည့်လျှင် ၃၅ ရာခိုင်နှုန်းခန့် တိုးမြင့်လာသည်။ ပဲပုပ်ဆီသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၄၅ ဒသမ ၂၇ သန်းသုံးစွဲရာမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၆၀ ဒသမ ၇၂ သန်းထိ ၃၄ ရာခိုင်နှုန်းကျော်တိုးမြင့်လာသည်။ Rapeseed ဆီသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၆ ဒသမ ၁၇ သန်းရှိရာမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၃၂ ဒသမ ၈၂ သန်းထိ ရာခိုင်နှုန်းအားဖြင့် ၂၅ ရာခိုင်နှုန်း တိုးမြင့်လာသည်။ နေကြာဆီသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၄ ဒသမ ၁၄ သန်းရှိရာမှ ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၀ ဒသမ ၂၇ သန်းထိ ရာခိုင်နှုန်းအားဖြင့် ၄၃ ရာခိုင်နှုန်းတိုးမြင့်လာသည်။ ဆီအုန်းစေ့ဆီသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၆ ဒသမ ၅၈ သန်းရှိရာမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၆ ဒသမ ၈၉ သန်းထိ ရာခိုင်နှုန်းအားဖြင့် ၃၅ ရာခိုင်နှုန်းတိုးမြင့်လာသည်။ မြေပဲဆီသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၅ ဒသမ ၆၈ သန်းရှိရာမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၆ ဒသမ ၂၉ သန်းထိ ရာခိုင်နှုန်းအားဖြင့် ၁၀ ရာခိုင်နှုန်းတိုးမြင့်လာသည်။ ဝါစေ့ဆီသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၅ ဒသမ ၀၉ သန်းရှိရာမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၄ ဒသမ ၉၆ သန်းသို့ကျဆင်းသဖြင့် ရာခိုင်နှုန်းအားဖြင့် ၂ ဒသမ ၅ ရာခိုင်နှုန်းခန့် ကျဆင်းလာသည်။ အုန်းဆီသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၃ ဒသမ ၃၄ သန်းရှိရာမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၃ ဒသမ ၆၉ သန်းထိ ရာခိုင်နှုန်းအားဖြင့် ၁၀ ရာခိုင်နှုန်းကျော် တိုးမြင့်လာသည်။ သံလွင်ဆီသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂ ဒသမ ၉၇ သန်းရှိရာမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂ ဒသမ ၅၆ သန်းသို့ လျော့နည်းသွားသဖြင့် ရာခိုင်နှုန်းအားဖြင့် ၂၀ ရာခိုင်နှုန်းခန့်ထိ သုံးစွဲမှုကျဆင်းလာသည်။ ၁၀ နှစ်တာအတွင်း ဟင်းသီးဟင်းရွက်ဆီများတွင် တိုးမြင့်မှုအများဆုံးမှာ နေကြာဆီဖြစ်ပြီး သံလွင်ဆီသုံးစွဲမှုမှာမူ ၂၀ ရာခိုင်နှုန်းထိ ကျဆင်းသည်ကို တွေ့ရှိရသည်။ မည်သို့ပင်ဖြစ်စေကာမူ ၁၀ နှစ်အတွင်း ဟင်းသီးဟင်းရွက်ဆီများသုံးစွဲမှုသည် ၃၀ ရာခိုင်နှုန်းကျော်တိုးမြင့်လာသည်ကို တွေ့နိုင်သည်။

**ကမ္ဘာ့စားအုန်းဆီတင်ပို့မှုအခြေအနေ**

ဟင်းသီးဟင်းရွက်ဆီများအနက်မှ စားအုန်းဆီသုံးစွဲမှုသည် ကမ္ဘာပေါ်တွင် အများဆုံးနှင့် တိုးမြင့်မှုအများဆုံးဖြစ်သဖြင့် ဦးစွာတင်ပြလိုသည်။ စားအုန်းဆီတင်ပို့မှုကိုလေ့လာရာတွင် Trade Map အချက်အလက်များအရ ကမ္ဘာတစ်ဝန်းလုံးတွင်၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၂၇၂၂ သန်း၊ ၂၀၁၉ ခုနှစ်တွင် ၂၀၅၆၇ သန်း၊ ၂၀၂၀ ပြည့်နှစ်တွင် ၂၂၆၆၂ သန်း၊ ၂၀၂၁ ခုနှစ်တွင် ၃၈၀၄၂ သန်း၊ ၂၀၂၂ ခုနှစ်တွင် သန်းပေါင်း ၄၂၆၆၀ သို့ မြင့်တက်လာသည်ကို တွေ့ရသည်။ တင်ပို့သောနိုင်ငံများကိုကြည့်လျှင် အများသိသည့်အတိုင်း အင်ဒိုနီးရှားနိုင်ငံသည် တင်ပို့မှုအများဆုံးဖြစ်သည်။ စားအုန်းဆီတင်ပို့သောနိုင်ငံများမှာ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အက်စ်တိုးနီးယားနိုင်ငံ၊ တူကီယဲနိုင်ငံ၊ ဂျီဘူတီနိုင်ငံ၊ အိုင်ဗရီကို့စ်နိုင်ငံ၊ ယူအေအီးနိုင်ငံ၊ အီတလီနိုင်ငံ၊ နီပေါနိုင်ငံ၊ ကင်ညာနိုင်ငံ၊ ဒိန်းမတ်နိုင်ငံ၊ အမေရိကန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အိုမန်နိုင်ငံ၊ စပိန်နိုင်ငံ၊ ဆော်ဒီအာရေဗျနိုင်ငံ၊ ကိုလံဘီယာနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အီကွေဒေါနိုင်ငံ၊ ဟွန်ဒူးရပ်စ်နိုင်ငံနှင့် ဂွါတီမာလာနိုင်ငံတို့ဖြစ်ကြသည်။ ထိပ်ပိုင်းနိုင်ငံတချို့၏ တင်ပို့မှုအခြေအနေများကို ကြည့်မည်ဆိုပါက အင်ဒိုနီးရှားနိုင်ငံနှင့်မလေးရှားနိုင်ငံတို့သည် ၂၀၁၅ ခုနှစ်၏ တင်ပို့မှုတန်ဖိုးထက် ၂၀၂၂ ခုနှစ်တွင် နှစ်ဆမျှပိုမိုတင်ပို့နိုင်ခဲ့သည်ကို တွေ့ရသည်။ အင်ဒိုနီးရှားနိုင်ငံသည် ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀၉၉၇ သန်းကျော်ဖိုးတင်ပို့သည်မှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၄၃၅၅ သန်းကျော်ဖိုးတင်ပို့လာသည်ကို တွေ့ရသည်။ မလေးရှားနိုင်ငံသည်လည်း ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၄၄၆ သန်းကျော်ဖိုးတင်ပို့ရာမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၂၅၀၇ သန်းကျော်ဖိုး တိုးမြင့်တင်ပို့လာခဲ့သည်။ နယ်သာလန်နိုင်ငံသည် ဆီချောထုတ်လုပ်တင်ပို့မှုများ ဆောင်ရွက်ထားပြီး ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၉၈၅ သန်းတင်ပို့ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀၁၃ သန်းကျော်ဖိုး တင်ပို့လာသည်ကို တွေ့ရသည်။ ဂျာမနီနိုင်ငံသည် ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၃၆၀ ကျော်ဖိုးတင်ပို့ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၃၆ သန်းကျော်ဖိုးတင်ပို့လာသည်ကို တွေ့ရသည်။ ထိုင်းနိုင်ငံသည် ဆီကြမ်း၊ ဆီချောထုတ်လုပ်နိုင်သောနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၈ သန်းကျော်ဖိုးတင်ပို့နိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၅၁ သန်းကျော်ဖိုး တင်ပို့လာနိုင်သည်ကို တွေ့ရသည်။

**ကမ္ဘာ့စားအုန်းဆီတင်သွင်းမှုအခြေအနေ**

ကမ္ဘာ့စားအုန်းဆီတင်သွင်းမှုအခြေအနေများကို Trade Map မှ လေ့လာကြည့်မည်ဆိုပါက တရုတ်နိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၃၉၂ သန်းကျော်ဖိုးတင်သွင်းခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၈၃၉ သန်းကျော်ဖိုး တင်သွင်းခဲ့သည်။ ပါကစ္စတန်နိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၈၃၄ သန်းကျော်ဖိုး တင်သွင်းခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၇၉၂ သန်းကျော်ဖိုး တိုးမြင့်တင်သွင်းခဲ့သည်။ အိန္ဒိယနိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၄၉၂ သန်းကျော်ဖိုး တင်သွင်းခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၈၃၉ သန်းကျော်ဖိုး တင်သွင်းခဲ့သည်။ အိန္ဒိယနိုင်ငံ၏တင်သွင်းမှုသည် ငါးနှစ်အတွင်းနှစ်ဆမျှ တိုးမြင့်တင်သွင်းလာသည်ကို တွေ့ရသည်။ အမေရိကန်နိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၁၃၈ သန်းကျော်ဖိုး တင်သွင်းခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၂၃၉၀ ကျော်ဖိုး တင်သွင်းခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည်လည်း ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၁၀၃၀ ကျော်ဖိုး တင်သွင်းခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၁၇၇၀ ကျော်ဖိုး တင်သွင်းခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၈၆ သန်းကျော်ဖိုးတင်သွင်းခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃၂၃ သန်းကျော်ဖိုး တင်သွင်းခဲ့သဖြင့် ငါးနှစ်အတွင်း အဆပေါင်း ၆၀၀ ကျော်တင်သွင်းထားသည်ကို တွေ့ရသည်။ ရုရှားနိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၄၈ သန်းကျော်ဖိုးတင်သွင်းခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၂၇၃ သန်းကျော်ဖိုး တင်သွင်းခဲ့သည်။ ထူးထူးခြားခြားအနေဖြင့် ကမ္ဘာ့စားအုန်းဆီအများဆုံးတင်ပို့သော မလေးရှားနိုင်ငံသည် ပြည်ပမှတင်သွင်းခြင်းကိုလည်းဆောင်ရွက်ထားကြောင်း တွေ့ရသည်။ Re-export ပြုလုပ်ခြင်းဖြစ်သည်ဟု ယူဆနိုင်သည်။ မလေးရှားနိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၇၈ သန်းကျော်ဖိုးတင်သွင်းခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၂၆၅ သန်းကျော်ဖိုး တင်သွင်းခဲ့သည်။ ဗီယက်နမ်နိုင်ငံသည်လည်း ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၄၁ သန်းကျော်ဖိုး တင်သွင်းခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် တိုးတက်လာပြီး အမေရိကန်ဒေါ်လာ သန်း ၁၂၆၀ ဖိုးတင်သွင်းထားသည်။ သို့ဖြစ်၍ ကမ္ဘာ့စားအုန်းဆီတင်ပို့ခြင်းတန်ဖိုးများမြင့်တက်လာခြင်းသည် ဝယ်လိုအားများပြားလာသည့်အခြေအနေဖြစ်ပေါ်နေကြောင်း တွေ့ရှိနိုင်သည်။

ယခုဖော်ပြသောအချက်အလက်များသည် H.S Code 151190 (Palm Oil and its fractions, whether or not refined, but not modified chemically) ဟူသော စားအုန်းဆီ ဆီကြမ်း (Crude Oil) မပါသည့် စားအုန်းဆီများစာရင်းဖြစ်သည်။ အကယ်၍ စားအုန်းဆီ ဆီကြမ်းကိုပါ ထည့်သွင်းတွက်ချက်မည်ဆိုပါက အိန္ဒိယနိုင်ငံသည် ဆီကြမ်းတင်သွင်းမှု များပြားသဖြင့် စားအုန်းဆီ ဆီကြမ်းနှင့် ဆီ နှစ်မျိုးစလုံးပေါင်းသည် ကမ္ဘာပေါ်တွင် အများဆုံးဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့စားအုန်းဆီတင်သွင်းမှုအများဆုံးနိုင်ငံသည် အိန္ဒိယနိုင်ငံဖြစ်သည်။

ကမ္ဘာပေါ်တွင် ဟင်းသီးဟင်းရွက်ဆီများသုံးစွဲမှု မြင့်တက်လာသည်နှင့်အမျှ စားအုန်းဆီထုတ်လုပ်သုံးစွဲမှုသည်လည်း မြင့်တက်လာနေသည်ကို တွေ့နိုင်သည်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် စားအုန်းဆီသုံးစွဲမှုသည် တန်ချိန်အားဖြင့် ၇၁ သန်းကျော်ရှိသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တန်ချိန်အားဖြင့် ၇၆ သန်းကျော်ထိ မြင့်တက်လာသည်ကို တွေ့ရသည်။ ဟင်းသီးဟင်းရွက်ဆီတွင် နေကြာဆီစားသုံးမှုမြင့်တက်မှုသည် ရာခိုင်နှုန်းအားဖြင့် အများဆုံးဖြစ်သော်လည်း ဒုတိယအများဆုံးမြင့်တက်လာသည့် ဟင်းသီးဟင်းရွက်ဆီမှာ စားအုန်းဆီဖြစ်ပြီး အရေအတွက်အားဖြင့်မူ အများဆုံးဖြစ်သည်ကို တွေ့နိုင်သည်။ စားအုန်းဆီသည် ကမ္ဘာ့စားသောက်ကုန်အနေဖြင့်လည်းကောင်း၊ တိရစ္ဆာန်အစာအဖြစ်လည်းကောင်း၊ လောင်စာအဖြစ်လည်းကောင်း လိုအပ်ချက်မြင့်တက်လျက်ရှိပြီး ကမ္ဘာ့စားသုံးဆီလိုအပ်ချက်၏ ၄၀ ရာခိုင်နှုန်းထိရှိသည်ဟု သိရသည်။

စားအုန်းဆီ စိုက်ပျိုးထုတ်လုပ်တင်ပို့ခြင်းအားဖြင့် အင်ဒိုနီးရှားနိုင်ငံသည် ပြည်သူသန်းပေါင်းများစွာကို ဆင်းရဲမှုမှ လွတ်မြောက်အောင်ဆောင်ရွက်ပေးနိုင်ခဲ့သည်ဟုဆိုသည်။ စားအုန်းဆီသည် ရေခဲမုန့်မှသည် အလှပြင်ပစ္စည်းများတွင်ပါ ပါဝင်လျက်ရှိသဖြင့် ကမ္ဘာပေါ်တွင် ၂၀၁၅ ခုနှစ်က လူတစ်ဦးချင်းစားအုန်းဆီသုံးစွဲမှုသည် တစ်နှစ်လျှင် ၇ ဒသမ ၇ ကီလိုဂရမ် (ငါးပိဿာခန့်)ထိရှိသည်ဟုဆိုသည်။ စိုက်ဧက တစ်ဧကပေါ်တွင် ဆီထုတ်လုပ်နိုင်သည့်ပမာဏမှာဆီအုန်းသည်အများဆုံးဖြစ်သဖြင့် ဆီအုန်းစိုက်ပျိုးသူများကိုလည်း များစွာအကျိုးဖြစ်ထွန်းစေသည်ဖြစ်သည်။ သို့ရာတွင် ဆီအုန်းကို အီကွေတာနှင့်နီးသော မိုးရေချိန်များစွာမြင့်မားသည့် အမြဲစိမ်းသစ်တောများပေါက်ရောက်ရာနေရာများတွင်သာ ကောင်းစွာစိုက်ပျိုးဖြစ်ထွန်းသဖြင့် စိုက်ပျိုးမှုတိုးတက်လာသည်နှင့်အမျှ သစ်တောပြုန်းတီးမှုများနှင့်လည်းကောင်း၊ သဘာဝသားရိုင်းတိရစ္ဆာန်များ ပြုန်းတီးမှုနှင့်လည်းကောင်း ရင်ဆိုင်လာရသဖြင့် သဘာဝသစ်တောများထိန်းသိမ်းရေးနှင့်စိုက်ပျိုးရေးကို ချိန်ဆဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင်လည်း ဆီအုန်းကို တနင်္သာရီတိုင်းဒေသကြီးတွင် စိုက်ဧကလေးသိန်းကျော် စိုက်ပျိုးထားသည်ဟုသိရှိရပြီး စားအုန်းဆီထုတ်လုပ်မှုများ ရှိသော်လည်းနည်းပါးနေသေးသည့်အတွက် ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက စားသုံးဆီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ပမှ တင်သွင်းရသည့် ကုန်ပစ္စည်းအစားထိုးထုတ်ကုန် တိုးတက်ရေးတို့တွင် အားထားရမည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

# ၂၀၂၄ ခုနှစ် (၇၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏ အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှတက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ်တိုးတက်မြင့်မားအောင် အစဉ်တစိုက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၉၃၆၇ ဧက စိုက်ပျိုးပြီးစီး

**မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၉၃၆၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၉၃၆၇ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် သီးနှံစုံဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါသီးနှံစုံ ၁၉၃၆၇ ဧကတွင် မတ်ပဲ ဧက ၉၂၈၀၊ ဟင်းသီးဟင်းရွက် ၄၇၈၄ ဧက၊ ပဲတီစိမ်းဧက ၄၇၈၀၊ ပြောင်းဖူးဧက ၂၀၊ ပိုလ်ကိတ်ပဲ ၁၀၄ ဧက၊ မြေပဲ ၄၉ ဧက၊ နှမ်း ၁၅ ဧက၊ နေကြာ ၃၃၅ ဧကဖြစ်ကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်မှာ ဆောင်းသီးနှံစုံ ၁၉၃၆၇ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိလျာထားချက်အတိုင်း စိုက်ပျိုးပြီးပါပြီ။ ဆောင်းသီးနှံတွေထဲမှာ မတ်ပဲကို အများဆုံးစိုက်ပျိုးထားပါတယ်။ ဆောင်းသီးနှံတွေအားလုံး စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက လိုအပ်တဲ့နည်းပညာတွေနဲ့ သွင်းအားစုတွေကို စိုက်ပျိုးရေးနဲ့ဆက်စပ်တဲ့ဌာနတွေနဲ့ ချိတ်ဆက်ကူညီ ပံ့ပိုးပေးခဲ့ပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံများ စနစ်တကျစိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးပြီးသီးနှံများ ဖြစ်ထွန်းအောင်မြင်စေရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**



## အောင်လံမြို့နယ် မြင်းစုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**အောင်လံ ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြင်းစုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေး၊ အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီနှင့် တာဝန်ရှိသူများက ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ မြင်းစုကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက အဆိုပါကုန်ထုတ်လမ်းပျက်စီးမှုမရှိစေရန်နှင့် ရေရှည်အသုံးပြုနိုင်စေရန် ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုကြောင်း ဆွေးနွေးမှာကြားသည်။

အောင်လံမြို့နယ် မြင်းစုကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် ခုနစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေကိုးလက်မရှိ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၃၁ ဒသမ ၂၂၂ သန်းဖြင့် Magway S Three ကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၃ ခုနှစ် ဒွန်လစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများပြီးစီးမှုကြောင့် မြင်းစုကျေးရွာရှိ အိမ်ခြေ ၁၂၇ အိမ်၊ လူ ၄၃၁ ဦးတို့၏ စိုက်ပျိုးမြေများမှထွက်ရှိသည့်သီးနှံများကို ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် ရာသီမရွေး အချိန်မီတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီထံမှ သိရသည်။

**ကိုလှိုင်**

## ပြည်ထောင်စု ရတနာများ

- သွေးချင်းတွေ ပေါင်းဖွဲ့ပြု
ပြည်ထောင်စု မြန်မာ၊
အတူတွဲယှဉ် ရှေ့သို့ဆက်
ပြည်အတွက်သာ၊
စိတ်ဓာတ်တို့ ညီညွတ်စွာ
ရည်ရွယ်ရာ နိုင်ငံ့အကျိုး၊
အထက်တောင်ပေါ် မြေပြန့်သား
စိတ်ထားဖွံ့ဖြိုး။

- တစ်ဦးချင်းဝယ် ကိုယ့်တန်ဖိုးနဲ့
ကိုယ့်အမျိုးလည်း စောင့်ရှောက်သည်၊
ကိုယ့်ရိုးရာ ကိုယ့်ဓလေ့
မွေ့ကြကိုယ်စီ၊
တို့ချစ်သည့် တို့တိုင်းပြည်
အလှဝေစည် တည်တံ့ရေး၊
သူလိုလျှင် ကိုယ်ဖြည့်ဆည်းတော့
ပန်းစည်းလိုမွေး။

- ယုံကြည်ရာ အောင်စိတ်မွေးလို့
ငြိမ်းချမ်းတေး တို့တွေဆို၊
မြင့်ခြင်းအပေါ် မြတ်မှုပေါင်း
အကောင်းကိုကြို၊
တလဲ့လဲ့ ရွှန်းစိုစို
ရတနာလို လူသား၊
ပြည်ထောင်မြေ အလှမယိမ်းဖို့
ထိန်းသိမ်းလို့ထား။

- ဝင့်မြိုင်မြိုင် စိတ်မာန်အား
အများတွက် ရှေ့ဆောင်၊
စီးဆင်းရာ ရင်တွင်းဖြစ်မို့
မျိုးချစ်သွေးအောင်၊
စည်းလုံးသော တို့ညီနောင်
ပြည်ထောင်ရဲ့ လက်ရုံး၊
ဖျက်ရန်စွယ် ဟူသမျှ
ပပျောက်အောင်မှုန်း။

- များအကျိုးကို လိုလားဆုံးမို့
နှလုံးသားက ဖြူစင်၊
မေတ္တာနွယ် အနွေးဓာတ်
ဖွင့်လှပ်ပီပြင်၊
ပြည်ထောင်စု နယ်တစ်ခွင်
သံစဉ်ချို ဖြန့်ကြက်၊
ညီတူသာ
ကြည်ဖြူစွာ စိတ်ချင်းမွေ့လို့
ရှေ့သို့ချီတက်။ ။

**ချမ်းမြေ့(ဇလွန်မြေ)**

## နိုင်ငံတကာ သတင်းများ

# အီရန်၌ အမျိုးသားတစ်ဦး၏ပစ်ခတ်မှုကြောင့် ဖခင်နှင့်အစ်ကိုအပါအဝင် လူပေါင်း ၁၂ ဦးသေဆုံး

**တီဟီရန် ဖေဖော်ဝါရီ ၁၇**

အီရန်နိုင်ငံ၌ အသက် ၃၀ အရွယ် အမျိုးသားတစ်ဦးက ဖခင်နှင့်အစ်ကိုအပါအဝင် ဆွေမျိုးသားချင်း ၁၂ ဦးကို သေနတ်ဖြင့်ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း အီရန်မီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ယနေ့တွင် ဖြစ်ပွားခဲ့သော အဆိုပါ သေနတ်ပစ်ခတ်မှုသည် အီရန်နိုင်ငံ၌ ရှားရှားပါးပါးဖြစ်ပွားခဲ့သော လူအစုလိုက်အပြုံလိုက် သေနတ်ပစ်ခတ်ခံရမှုဖြစ်သည်။

အီရန်ရဲတပ်ဖွဲ့က အမည်နာမထုတ်ဖော်ပြောကြားခြင်းမရှိသည့် အဆိုပါအမျိုးသားသည် ကလပ်ရှ်နီကော့ဗ် မောင်းပြန်ရိုင်ဖယ်တစ်လက်ဖြင့် ပစ်ခတ်မှုကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း အီရန်ရဲတပ်ဖွဲ့က ပြောကြားထားသည်။

မိသားစု အငြင်းပွားမှုတစ်ရပ်ကြောင့် ၎င်းအမျိုးသားမှာသေနတ်ပစ်ခတ်မှုကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း သိရသော်လည်း အသေးစိတ်အချက်အလက်များကို အီရန်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားခြင်း မရှိကြောင်း သိရသည်။

သာမန်ပြည်သူများအနေဖြင့် အမဲလိုက်သေနတ်မျိုးသာ တရားဝင်ပိုင်ဆိုင်ခွင့်ရှိသည့် အီရန်နိုင်ငံ၌ လူအစုလိုက်အပြုံလိုက် သေနတ်ပစ်ခတ်ခံရမှုများမှာ ရှားပါးလှသည့်ဖြစ်စဉ်များဖြစ်ကြသည်။

အီရန်နိုင်ငံ၌ နောက်ဆုံးဖြစ်ပွားခဲ့သော အစုလိုက်အပြုံလိုက်သေနတ်ပစ်ခတ်ခံရမှုမှာ လွန်ခဲ့သည့်နှစ်နှစ်ကဖြစ်ပွားခဲ့ပြီး ထိုစဉ်ကအလုပ်ဖြုတ်ခံထားရသောဝန်ထမ်းဟောင်းတစ်ဦး၏ ပစ်ခတ်မှုကြောင့် အစိုးရရုံးဝန်ထမ်းသုံးဦးသေဆုံး၍ ငါးဦးဒဏ်ရာများ ရခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# လုံခြုံရေးအတင်းကျပ်ဆုံး ဘရာဇီးအကျဉ်းထောင်မှ အကျဉ်းသားနှစ်ဦး ပထမဆုံးအကြိမ်ထွက်ပြေးလွတ်မြောက်

**ရီယိုဒီဂျနေရိုး ဖေဖော်ဝါရီ ၁၇**

ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်း၌တည်ရှိသော လုံခြုံရေးအတင်းကျပ်ဆုံး အကျဉ်းထောင်တစ်ခုမှ အကျဉ်းသားနှစ်ဦး ထွက်ပြေးလွတ်မြောက်သွားကြောင်း ဘရာဇီးတာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၅ ရက်တွင် ပြောကြားထားသည်။

အဆိုပါဖြစ်စဉ်သည် ဘရာဇီးနိုင်ငံ၏ လုံခြုံရေးအတင်းကျပ်ဆုံး အကျဉ်းထောင်တစ်ခုမှအကျဉ်းသားများ ပထမဆုံးအကြိမ် ထွက်ပြေးလွတ်မြောက်မှုဖြစ်သည်။

အကျဉ်းသားနှစ်ဦး လွတ်မြောက်သွားသည့် အကျဉ်းထောင်သည် ဘရာဇီးနိုင်ငံ၏ လုံခြုံရေးအတင်းကျပ်ဆုံးဖက်ဒရယ်အကျဉ်းထောင် ငါးခုထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။

မော့ဆိုရိုအမည်ရှိမြို့၌ တည်ရှိသော ဖက်ဒရယ်အကျဉ်းထောင်မှ လွတ်မြောက်သွားသည့် အကျဉ်းသားနှစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်ဦးရေ ၃၀၀ကျော်တို့က ရှာဖွေနေသည်ဟု မက္ကဆီကိုပြည်ထဲရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ၁၆ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ထွက်ပြေးလွတ်မြောက်သွားသည့် အကျဉ်းသားနှစ်ဦးမှာ ဘရာဇီးနိုင်ငံ၏အဓိက ဒုစရိုက်ဂိုဏ်းတစ်ဂိုဏ်းနှင့် ပတ်သက်ဆက်နွှယ်နေသူများဖြစ်ကြောင်း ဘရာဇီးတာဝန်ရှိသူများက ပြောကြားခဲ့သည်။

မော့ဆိုရိုအကျဉ်းထောင်မှအကျဉ်းသားနှစ်ဦး လွတ်မြောက်မှုသည် ဖေဖော်ဝါရီ ၁၄ ရက်တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မည်သို့မည်ပုံ ထွက်ပြေး လွတ်မြောက်သွားသည်ကို မသိရသေးကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**




# တရုတ်ပြည်တွင်း၌ ဂျာမနီကုမ္ပဏီများရင်းနှီးမြှုပ်နှံမှု ပြီးခဲ့သည့်နှစ်အတွင်း စံချိန်တင်မြင့်တက်လာ



**ဘာလင် ဖေဖော်ဝါရီ ၁၇**

၂၀၂၃ ခုနှစ်အတွင်း ဂျာမနီနိုင်ငံက တရုတ်နိုင်ငံတွင်း၌ ပြုလုပ်ခဲ့သော တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ယမန်နှစ်များနှင့်နှိုင်းယှဉ်ပါက ၄ ဒသမ ၃ ရာခိုင်နှုန်းထိ စံချိန်တင် မြင့်တက်လာခဲ့ကြောင်း ဖေဖော်ဝါရီ ၁၆ ရက် သတင်းများ၌ ရေးသားတင်ပြထားသည်။

၂၀၂၃ ခုနှစ်အတွင်း တရုတ်ပြည်တွင်းရှိ ဂျာမနီ၏ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ၄ ဒသမ ၃ ရာခိုင်နှုန်းထိမြင့်တက်လာခဲ့ပြီး စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၉ ဘီလီယံထိ ရှိခဲ့ကြောင်း ဂျာမနီစီးပွားလေ့လာရေးအင်စတီကျူက ထုတ်ပြန်ထားသောအစီရင်ခံစာ၌ ဖော်ပြထားသည်။

အဆိုပါအစီရင်ခံစာ ဖော်ပြချက်များအရ ဂျာမနီစီးပွားရေးလုပ်ငန်းများသည် ဂျာမနီအစိုးရက သတိပေးထားသော်လည်း တရုတ်နိုင်ငံ၌ အကြီးအကျယ်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နေကြဆဲဖြစ်သည့်သဘောကို တွေ့နိုင်ကြောင်း သိရသည်။

လွန်ခဲ့သည့် သုံးနှစ်အတွင်း တရုတ်နိုင်ငံ၌ ဂျာမနီကုမ္ပဏီများ ပြုလုပ်ခဲ့သော ရင်းနှီးမြှုပ်နှံမှုပမာဏသည် ရှေးယခင်ခြောက်နှစ်အတွင်း ပြုလုပ်ခဲ့သော ရင်းနှီးမြှုပ်နှံမှုပမာဏနှင့်အတူတူလောက်ပင် ရှိကြောင်း ဂျာမနီစီးပွားရေး အင်စတီကျူ၏ အဆိုအရ သိရသည်။

လက်ရှိအချိန်တွင် ဂျာမနီအစိုးရအဖွဲ့တွင်း၌ တရုတ်ဈေးကွက်အတွင်းသို့ ဂျာမနီကုမ္ပဏီများ ဝင်ရောက်မှုကြောင့် ပေါ်ထွက်လာနိုင်ဖွယ်ရှိသည့် ပြဿနာများအား မည်သို့လျှော့ချမည်ဆိုသောအချက်နှင့်ပတ်သက်၍ သဘောထားများ ကွဲလွဲလျက်ရှိသည်။

ဂျာမနီဝန်ကြီးချုပ် အိုလက်ဖ်ရှုဖ်ကိုယ်တိုင်သည် စီးပွားရေးကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို ဦးဆောင်၍ လာမည့်ဧပြီ ၁၅ ရက်မှ ၁၆ ရက်ထိ တရုတ်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# အိန္ဒိယသို့ဦးတည်နေသော ရေနံတင်သင်္ဘောကို ဟူသီသူပုန်အုပ်စု ဒုံးကျည်ဖြင့်ပစ်ခတ်

**နယူးယောက် ဖေဖော်ဝါရီ ၁၇**



ရေနံစိမ်းများ သယ်ဆောင်၍ အိန္ဒိယနိုင်ငံသို့ ဦးတည်မောင်းနှင်နေသော ပနားမားမှတ်ပုံတင် ရေနံတင် သင်္ဘောတစ်စီးကို ပင်လယ်နီရေပြင်၌ ဒုံးကျည်တစ်စင်းထိမှန်ခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၆ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အမ်တီပေါလပ်စ်အမည်ရှိ ၎င်းရေနံတင်သင်္ဘောကို ယီမင်နိုင်ငံဘက်မှပစ်ခတ်ခဲ့သော ဒုံးကျည်တစ်စင်း ထိမှန်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန၏အဆိုအရ သိရသည်။

အမ်တီပေါလပ်စ် ရေနံတင်သင်္ဘောသည် ယီမင်နိုင်ငံ မိုခါဆိပ်ကမ်းနှင့် ရေမိုင် ၇၂မိုင်အကွာ ပင်လယ်နီရေပြင်အတွင်း ရှိနေစဉ် ဒုံးကျည်ထိမှန်ခဲ့ခြင်းဖြစ်သည်။

အမ်တီပေါလပ်စ် ရေနံတင်သင်္ဘောသည် ရုရှားနိုင်ငံ နိုဗိုရိုဆီယက်ခ် ပင်လယ်နက်ဆိပ်ကမ်းမှ ဇန်နဝါရီ ၂၄ ရက်တွင် စတင်ထွက်ခွာခဲ့ပြီး ဖေဖော်ဝါရီ ၂၈ရက်တွင် အိန္ဒိယနိုင်ငံသို့ ရောက်ရှိမည်ဖြစ်ပြီး ရေနံစိမ်းစည်ပေါင်း ၃၀၀၀၀၀သယ်ဆောင်ထားသည်။

အဆိုပါရေနံတင် သင်္ဘောအား ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကို ယီမင်အခြေစိုက် ရှီးယိုက်စ်ဟူသီသူပုန်အုပ်စုက ယနေ့တွင် သတင်းထုတ်ပြန်အတည်ပြုထားသည်။

ဟူသီသူပုန်အုပ်စုသည် အစ္စရေး၏ဂါဇာစစ်ပွဲကို တုံ့ပြန်သည့်အနေဖြင့် ပင်လယ်နီရေပြင်အတွင်းသွားလာနေသော အစ္စရေးနှင့် ပတ်သက်ဖွယ်ရှိသည့်သင်္ဘောများကို တိုက်ခိုက်လျက်ရှိကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# အက်ဗ်ဒီအစ်ကာမြို့မှ ယူကရိန်းတပ်များပြန်လည်ဆုတ်ခွာ

**မော်စကို ဖေဖော်ဝါရီ ၁၇**

ယူကရိန်းအရှေ့ပိုင်း အက်ဗ်ဒီအစ်ကာမြို့မှ ယူကရိန်းတပ်ဖွဲ့များ ပြန်လည်ဆုတ်ခွာလာပြီဖြစ်ကြောင်း ယူကရိန်း စစ်ဘက်အကြီးအကဲက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

လက်နက်ခဲယမ်း ပြတ်လပ်မှုနှင့်ယူကရိန်းတပ်များရင်ဆိုင်နေရစဉ်အက်ဗ်ဒီအစ်ကာမြို့မှ ယူကရိန်းတပ်များ ဆုတ်ခွာခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အက်ဗ်ဒီအစ်ကာမြို့မှ ယူကရိန်းတပ်များဆုတ်ခွာခဲ့ရမှုသည် ရုရှားလက်နက်ကိုင် တပ်များအတွက် ၂၀၂၃ ခုနှစ် မေလနောက်ပိုင်း အကြီးမားဆုံး စစ်ရေးအောင်ပွဲဖြစ်သည်။

အက်ဗ်ဒီအစ်ကာမြို့သည် ပြင်းထန်သည့်တိုက်ပွဲများလအတန်ကြာဖြစ်ပွားခဲ့ပြီးနောက် ရုရှားတပ်များ ဝန်းရံ ပိတ်ဆို့ထားနိုင်ခဲ့သော ယူကရိန်းမြို့ဖြစ်သည်။

မိမိအနေဖြင့် အက်ဗ်ဒီအစ်ကာမြို့တွင်းရှိ ယူကရိန်းတပ်များကို ပြန်လည်ရုပ်သိမ်း၍ ပို၍ခိုင်မာလုံခြုံသော ခံစစ်ကြောင်းများ၌ နေရာချထားကြောင်း ယူကရိန်း စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး အိုလက်ဇန်းဒါးဆိုင်ယာစကီးက ပြောကြားထားသည်။

ယူကရိန်းအတွက် စစ်ရေးအကူအညီ ထပ်မံပေးအပ်ရေး အဆိုမှာ အမေရိကန်ကွန်ဂရက်လွှတ်တော်၌ လနှင့်ချီ ကြန့်ကြာနေချိန်တွင် ယူကရိန်းတပ်များမှာ လက်နက်ခဲယမ်း ပြတ်လပ်မှုနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## ဂျပန်အမျိုးသားအာကာသအေဂျင်စီက ဖေဖော်ဝါရီ ၁၆ ရက်တွင် အိတ်ချ်-၃ ဒုံးပျံသစ်ကို ဒုတိယအကြိမ်လွှတ်တင်မှု အောင်မြင်ခဲ့



**တိုကျို ဖေဖော်ဝါရီ ၁၇**

ဂျပန်အမျိုးသား အာကာသ အေဂျင်စီသည် ဖေဖော်ဝါရီ ၁၆ ရက်တွင် အိတ်ချ်-၃ ဒုံးပျံသစ်ကို ဒုတိယအကြိမ်အဖြစ် လွှတ်တင်ခဲ့ရာ အောင်မြင်မှုရရှိခဲ့ကြောင်း သိရသည်။

အိတ်ချ်-၃ ဒုံးပျံသစ်သည် ဒုတိယအကြိမ် လွှတ်တင်မှုတွင် အောင်မြင်မှုရရှိခဲ့ပြီး ဂြိုဟ်တု တစ်စင်းကို ကမ္ဘာပတ်လမ်းပေါ်သို့ အောင်မြင်စွာပို့ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ဂျပန် အမျိုးသားအာကာသ အေဂျင်စီသည် ၂၀၂၃ ခုနှစ်တွင် အိတ်ချ်-၃ ဒုံးပျံကို ပထမဆုံးအကြိမ် စမ်းသပ်လွှတ်တင်ခဲ့ရာ အောင်မြင်မှုမရခဲ့ဘဲ ဂြိုဟ်တုတစ်စင်းဆုံးရှုံးခဲ့ရကြောင်း သိရသည်။

အိတ်ချ်-၃ ဒုံးပျံကို မစ်ဆူဘီရှီ အကြီးစားစက်မှုလုပ်ငန်းကုမ္ပဏီက တည်ဆောက်ပေးထားသည်။

ဂျပန်အမျိုးသား အာကာသ အေဂျင်စီသည် အိတ်ချ်-၃ ဒုံးပျံကို လက်ရှိသုံးစွဲနေသည့် အိတ်ချ်-၂ အေ ဒုံးပျံများနေရာတွင် အစားထိုး အသုံးပြုရန် စီစဉ်ထားသည်။

ဂျပန်နိုင်ငံသည် ၂၀၀၁ ခုနှစ်မှစ၍ အိတ်ချ်-၂ အေ ဒုံးပျံများကို စတင်အသုံးပြုခဲ့ပြီး အဆိုပါဒုံးပျံများကို ယခုနှစ်ကုန်ပိုင်းတွင် အနားပေးမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## ရုရှားနိုင်ငံ၏ ပရိုဂရက်စ်-၈၇ အာကာသကုန်တင်ယာဉ် နိုင်ငံတကာအာကာသစခန်းနှင့် ချိတ်ဆက်နိုင်ခဲ့

**မော်စကို ဖေဖော်ဝါရီ ၁၇**

ရုရှားနိုင်ငံ၏ ပရိုဂရက်စ်-၈၇ အာကာသ ကုန်တင်ယာဉ်သည် ယနေ့တွင် နိုင်ငံတကာ အာကာသ စခန်းနှင့် ချိတ်ဆက်နိုင်ခဲ့ကြောင်း သိရသည်။

ရုရှားအာကာသ အေဂျင်စီသည် ပရိုဂရက်စ်-၈၇ အာကာသ ကုန်တင်ယာဉ်ကို ဖေဖော်ဝါရီ ၁၄ ရက်က ဆိုယုဇ်ဒုံးပျံဖြင့် ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနော အာကာသ စခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ပရိုဂရက်စ်-၈၇ အာကာသ ကုန်တင်ယာဉ်သည် တောင်ပစိဖိတ် ဒေသအထက် မိုင်ပေါင်း ၂၆၀ ခန့် အကွာ ပတ်လမ်းပေါ်တွင် ချိတ်ဆက်နိုင်ခဲ့ခြင်းဖြစ်သည်။

ပရိုဂရက်စ်-၈၇ အာကာသ ကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းပေါ်ရှိ အာကာသ ယာဉ်မှူးများအတွက် စားနပ်ရိက္ခာ၊



လောင်စာနှင့် အခြားပစ္စည်းများ စုစုပေါင်း အလေးချိန် သုံးတန်ခန့် သယ်ယူသွားသည်။

ပရိုဂရက်စ် အာကာသကုန် တင်ယာဉ်များသည် နိုင်ငံတကာ အာကာသစခန်းအတွက် ထောက်ပံ့တာဝန်ယူထားသည့် အာကာသ ကုန်တင်ယာဉ်အမျိုးအစား သုံးမျိုး အနက် တစ်မျိုးဖြစ်သည်။

အဆိုပါ အာကာသကုန်တင် ယာဉ် သုံးမျိုးအနက် ပရိုဂရက်စ်နှင့် ဆိုက်ဂနက်စ် အာကာသကုန်တင် ယာဉ်သည် ကမ္ဘာ့လေထုလွှာ အတွင်း ပြန်ဝင်ချိန်တွင် လောင်ကျွမ်းပျက်စီးတတ်သည့် အာကာသ ကုန်တင်ယာဉ်များဖြစ်ပြီး Space-X ကုမ္ပဏီ၏ ဒရာဂွန်အာကာသ ကုန်တင်ယာဉ်မှာ လေထီးဖြင့်ကမ္ဘာ ပေါ်သို့ ပြန်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## နာဆာ၏ အောစီးရစ်ရက်စ်အာကာသယာဉ်က ဘန်နူးဂြိုဟ်သိမ်နမူနာမြေစာများကို ၁၂၁ ဒသမ ၆ ဂရမ်ထိ ရယူပေးနိုင်ခဲ့

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၇**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံ ခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ အောစီးရစ်ရက်စ်အာကာသယာဉ် သည် ဘန်နူးဂြိုဟ်သိမ် နမူနာမြေစာများကို ၁၂၁ ဒသမ ၆ ဂရမ် (၄ ဒသမ ၂၉ အောင်စ) ထိ ရယူပေး နိုင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၁၆ ရက် သတင်းများအရ သိရသည်။

အောစီးရစ်ရက်စ် အာကာသ ယာဉ်သည် ဘန်နူးဂြိုဟ်သိမ်နမူနာ မြေစာများကို မူလကရယူရန်ရည်ရွယ် ထားသည့်ပမာဏထက်နှစ်ဆကျော် ရယူပေးနိုင်ခဲ့ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

နာဆာသိပ္ပံပညာရှင်များသည် မူလက ဘန်နူးဂြိုဟ်သိမ် နမူနာ မြေစာများကို အနည်းဆုံး ဂရမ် ၆၀ ထိ ရယူရန်ရည်မှန်းထားကြောင်း သိရသည်။

ဘန်နူးဂြိုဟ်သိမ် နမူနာမြေစာ ထည့် သေတ္တာဘူးကို အပြီးသတ် ရှင်းလင်းခဲ့ပြီးနောက် အောစီးရစ် ရက်စ် အာကာသယာဉ် ရယူနိုင်ခဲ့ သည့်ပမာဏကို ကြေညာခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

အောစီးရစ်ရက်စ် အာကာသ ယာဉ်သည် ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ဘန်နူးဂြိုဟ်သိမ် နမူနာမြေစာထည့် သေတ္တာဘူးကို ကမ္ဘာပေါ်သို့ ပြန်လည်ပေးပို့ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အောစီးရစ် ရက်စ် အာကာသယာဉ်သည် တာဝန်သစ်အတွက် အခြားဂြိုဟ် သိမ်တစ်စင်းဆီသို့ ဆက်လက် ပျံသန်းလျက်ရှိကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## သွေးလေးဖက်နာရောဂါကုဆေးတစ်မျိုးက ရောဂါဖြစ်ပွားမှုကိုလည်း ကာကွယ်နိုင်

**လန်ဒန် ဖေဖော်ဝါရီ ၁၇**

သွေးလေးဖက်နာ ရောဂါ (Rheumatoid Arthritis) လူနာများကို ကုသရာတွင် အသုံးပြုသည့်ဆေးတစ်မျိုးသည် ၎င်းရောဂါ ဖြစ်ပွားမှုကိုလည်း ကာကွယ်ပေးနိုင်ကြောင်း ဖေဖော်ဝါရီ ၁၆ ရက် သတင်းများအရ သိရသည်။

ဗြိတိသျှငွေ ပေါင်စတာလင် ၂၅၀ ပေးရသည့် Abatacept အမည်ရှိ အဆိုပါထိုးဆေးသည် ရောင်ရမ်းမှုအကြောင်းတရားများကို ထိန်းချုပ်ပေးခြင်းဖြင့် သွေးလေးဖက်နာရောဂါကို ကုသရာတွင် အထောက်အကူပြုကြောင်း သိရသည်။

သို့ရာတွင် ဗြိတိန်နိုင်ငံ လန်ဒန် ဘုရင့်ကောလိပ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Abatacept ထိုးဆေးသည် သွေးလေးဖက်နာရောဂါကို ကုသရာတွင် အထောက်အကူပေးနိုင်သကဲ့သို့ ၎င်းရောဂါဖြစ်ပွားမှုကိုလည်း ကာကွယ်ပေးနိုင်ကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် သွေးလေးဖက်နာရောဂါ ဖြစ်နိုင်ခြေ မြင့်မားသူ ၂၁၃ ဦးကို Abatacept ထိုးဆေးဖြင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြသည်။

လေ့လာချက်မှ ထွက်ပေါ်လာသည့်ရလဒ်များအရ အဆိုပါထိုးဆေးသည် သွေးလေးဖက်နာရောဂါဖြစ်နိုင်ခြေကိုလည်း လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

မိမိတို့၏ လက်တွေ့စမ်းသပ်မှုမှ ထွက်ပေါ်လာသည့်ရလဒ်သည် သွေးလေးဖက်နာရောဂါ ဖြစ်နိုင်ခြေ မြင့်မားသူများအတွက် သတင်းကောင်းဖြစ်သည်ဟု သုတေသန ပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## Mesothelioma ကင်ဆာရောဂါ လူနာများ၏ ဘဝသက်တမ်းကို စမ်းသပ်ဆဲကင်ဆာဆေးတစ်မျိုးဖြင့် မြှင့်တင်နိုင်

**လန်ဒန် ဖေဖော်ဝါရီ ၁၇**

Mesothelioma ခေါ် ကင်ဆာရောဂါတစ်မျိုး ခံစားနေရသည့် လူနာများ၏ ဘဝသက်တမ်းကို စမ်းသပ်ဆဲ ကင်ဆာဆေးသစ်တစ်မျိုးဖြင့် မြှင့်တင်ပေးနိုင်ဖွယ်ရှိကြောင်း ဖေဖော်ဝါရီ ၁၆ ရက် သတင်းများအရ သိရသည်။

ADI-PEG 20 ဟူ၍ အမည်ပေးထားသည့် အဆိုပါစမ်းသပ်ဆဲ ကင်ဆာဆေးသည် Mesothelioma ကင်ဆာလူနာများ၏ ဘဝသက်တမ်းကို ပျမ်းမျှ ၁ ဒသမ ၆ လ မြှင့်တင်ပေးနိုင်ကြောင်း ဗြိတိန်နိုင်ငံ ကွင်းတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။


ADI-PEG 20 ဆေးသည် Mesothelioma ကင်ဆာရောဂါအတွက် နှစ်ပေါင်း ၂၀ အတွင်း ပထမဆုံး ပေါ်ထွက်လာသည့် ဆေးဝါးဖြစ်သည်။

Mesothelioma ကင်ဆာရောဂါသည် ကျောက်ဂွမ်းနှင့် ထိတွေ့မှုကြောင့် လူ့ကိုယ်တွင်းအင်္ဂါများ၌ ဖြစ်ပွားတတ်သော ကင်ဆာရောဂါတစ်မျိုးဖြစ်သည်။

ဗြိတိန်သုတေသနပညာရှင်များသည် ADI-PEG 20 ဆေးစမ်းသပ်မှုကို Mesothelioma လူနာ ၂၄၉ ဦးတို့ဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mesothelioma ကင်ဆာရောဂါသည် ဖြစ်ပွားပါက အသက်ရှင်ခွင့်ရသည့် ပျမ်းမျှကာလ အနိမ့်ဆုံး ကင်ဆာရောဂါတစ်မျိုးဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



နိုင်ငံတကာ

# အားကစားသတင်းများ

## ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး မက်သီတဲလ်ကိုခေါ်ယူရန် မန်ယူအသင်းကြိုးပမ်း




**မန်ချက်စတာ ဖေဖော်ဝါရီ ၁၇**

မန်ယူအသင်းသည် ဘိုင်ယန်မြူးနစ်အသင်းတွင် ခြေစွမ်းပြကစားနေသည့် လူငယ်တိုက်စစ်မှူး မက်သီတဲလ်ကို နွေရာသီအပြောင်းအရွှေ့တွင်ခေါ်ယူနိုင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။

အသက် ၁၈ နှစ်ရှိ မက်သီတဲလ်သည် ၂၀၂၂ ခုနှစ်က ရင်းနက်အသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိခဲ့ပြီး အသင်းတွင် ဘောလုံးရာသီနှစ်ရာသီပါဝင်ခဲ့ရာ ပါဝင်ခဲ့သည့်ပွဲစဉ်တိုင်းတွင် ပုံစံကောင်း ပြသနိုင်သည့်အတွက် ဥရောပထိပ်သီးကလပ်အသင်းများက ခေါ်ယူရန် ချိတ်ဆက်နေသကဲ့သို့ မန်ယူအသင်းက ပွဲထွက်ခွင့်ကန့်သတ်ချက်ရှိနေသည့် လူငယ်ကစားသမားကို ပုံမှန်ပွဲထွက်ခွင့်ပေး၍ ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

နည်းပြတန်ဟတ်က ဇန်နဝါရီ အပြောင်းအရွှေ့ကာလကတည်းက တိုက်စစ်မှူး တစ်ဦးခေါ်ယူရန် ထုတ်ဖော်ပြောကြားခဲ့ပြီး အသင်းအနေဖြင့် ဘဏ္ဍာရေးအခက်အခဲကြောင့် ခေါ်ယူနိုင်ခြင်းမရှိသော်လည်း လာမည့် နွေရာသီတွင် မက်သီတဲလ်ကို ဦးစားပေးခေါ်ယူမည့် စာရင်းတွင်ထည့်သွင်းခဲ့သည့်အပြင် ပဲလေ့စ်အသင်းမှ အိုလီဆီကိုလည်းခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။

မက်သီတဲလ်သည် ယခုနှစ် ဘောလုံးရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းနှင့် ပြိုင်ပွဲစုံ ၂၇ ပွဲပါဝင်ခဲ့ရာ သွင်းဂိုးခြောက်ဂိုးနှင့်ဂိုးဖန်တီးမှု သုံးကြိမ်ထိပြုလုပ်နိုင်ခဲ့ပြီး အရန်ကစားသမားအဖြစ်သာ ပါဝင်နေရသော်လည်း ၂၀၂၃ ခုနှစ် စက်တင်ဘာလက ကစားခဲ့သည့် မန်ယူအသင်းနှင့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်တွင် လူစားဝင်ကစားသမားအဖြစ်ပါဝင်ကာအသင်းကို လေးဂိုးသုံးဂိုးဖြင့်နိုင်ပွဲရရှိအောင်စွမ်းဆောင်နိုင်ခဲ့သောကြောင့် နည်းပြတန်ဟတ်အပါအဝင် ထိပ်သီးကလပ်များက ၎င်း၏ခြေစွမ်းပိုင်းကို အသိအမှတ်ပြုခဲ့ပြီး အပြိုင်ကမ်းလှမ်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

## ပဲလေ့စ်အသင်းက ဖရန့်ဖတ်နည်းပြဟောင်း ဂလက်စ်နာကို နည်းပြသစ်အဖြစ် ခန့်အပ်

**လန်ဒန် ဖေဖော်ဝါရီ ၁၇**

ပဲလေ့စ်အသင်းနည်းပြရှိုင်ဟော့ဆန်သည် ကျန်းမာရေးအခြေအနေကြောင့် အသင်းနှင့်နှစ်ဖက်သဘောတူလမ်းခွဲခဲ့ပြီး အသင်းတာဝန်ရှိသူများက ဖရန့်ဖတ်အသင်းနည်းပြဟောင်းဂလက်စ်နာကို နည်းပြသစ်အဖြစ်ခန့်အပ်ခဲ့သည်။

နည်းပြ ရှိုင်ဟော့ဆန်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ပဲလေ့စ်အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ယခုနှစ်တွင် ပြိုင်ပွဲစုံ၌ရလဒ်တည်ငြိမ်ရန် ကြိုးပမ်းနေရကာ ပြီးခဲ့သည့် ကြာသပတေးနေ့က အသင်းလေ့ကျင့်ရေးအစီအစဉ်တွင် ကျန်းမာရေး အခြေအနေကြောင့် ဆေးရုံတက်ရောက်ခဲ့ရသဖြင့် အသင်းတာဝန်ရှိသူများနှင့်ညှိနှိုင်း၍ နှစ်ဖက်သဘောတူစာချုပ်ဖျက်သိမ်းခဲ့သည်။

လက်ရှိတွင် ပဲလေ့စ်အသင်းက နည်းပြဂလက်စ်နာကို တစ်နှစ်လုပ်ခစာတာလင်ပေါင် လေးသန်းဖြင့် လာမည့် ၂၀၂၆ ခုနှစ်ထိ စာချုပ်ချုပ်ဆိုခဲ့သော်လည်း လာမည့် အဲဗာတန်အသင်းနှင့် အမှတ်ပေးပွဲစဉ်တွင် အပြောင်းအရွှေ့ကိစ္စများကြောင့် တာဝန်ယူမည်မဟုတ်သေးဘဲ မက်ကာသီက ယာယီနည်းပြအဖြစ် တာဝန်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

နည်းပြဂလက်စ်နာသည် နည်းပြဘဝကို ၂၀၁၄ ခုနှစ်တွင် ဩစတြီးယားကလပ် ရိဒ်အသင်းနှင့် စတင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် လက်လင့်အသင်း၊ ၂၀၁၉ ခုနှစ်တွင် ဝုဖ်ဘတ်အသင်း၊ ၂၀၂၁ ခုနှစ်တွင် ဖရန့်ဖတ်အသင်းတို့ကို တာဝန်ယူခဲ့ပြီး ဖရန့်ဖတ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ ဘောလုံးရာသီတွင် ယူရိုပါလိဂ်ဆုဖလား ရယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**




## Qatar Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ရိုင်ဘာကီနာနှင့် စဝီယာတက်ခ်တို့ယှဉ်ပြိုင်မည်

**ဒိုဟာ ဖေဖော်ဝါရီ ၁၇**

ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပနေသည့် Qatar Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာနှင့် ပိုလန်တင်းနစ်မယ်စဝီယာတက်ခ်တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ရိုင်ဘာကီနာသည် ဆီမီးဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်မယ် ပက်ဗ်လူချန်ကိုဗာနှင့်ယှဉ်ပြိုင်ကစားခဲ့ရပြီး ရိုင်ဘာကီနာက(၆-၂၊ ၆-၄)ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ် စဝီယာတက်ခ်သည် ဆီမီးဖိုင်နယ်အဆင့်တွင် ချက်တင်းနစ်မယ် ပလစ်ချ်ကိုဗာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သော်လည်း ပလစ်ချ်ကိုဗာသည် နောက်ကျောဒဏ်ရာခံစားနေရသည့်အတွက် ဆီမီးဖိုင်နယ်အဆင့်မှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့သောကြောင့် စဝီယာတက်ခ်က Bye ရကာ ဗိုလ်လုပွဲစဉ်သို့ တက်ရောက်ခွင့်ရခဲ့ခြင်းဖြစ်သည်။

စဝီယာတက်ခ်သည် ဆီမီးဖိုင်နယ်အဆင့်ကို ယှဉ်ပြိုင်ရန်မလိုခဲ့သည့်အတွက်ကြောင့် ပွဲပန်းဒဏ်မခံခဲ့ရဘဲ ကြံ့ခိုင်မှုအပြည့်ဖြင့် ဗိုလ်လုပွဲအဆင့်ကို ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

၂၀၂၃ ခုနှစ် တင်းနစ်ရာသီအကုန်ပိုင်းတွင် ကမ္ဘာ့အဆင့်(၁) နေရာအတွက် အကြိတ်အနယ်ဖြစ်ခဲ့သည့် ရိုင်ဘာကီနာနှင့် စဝီယာတက်ခ်တို့အကြား ထပ်မံ၍ထိပ်တိုက်တွေ့ဆုံရတော့မည်ဖြစ်သည်။

ရိုင်ဘာကီနာက "စဝီယာတက်ခ်နဲ့ကျွန်မက တစ်ယောက်အကြောင်းတစ်ယောက် ကောင်းကောင်းသိကြတဲ့ ကစားသမားတွေဖြစ်ပါတယ်။ တစ်ယောက်အကြောင်း တစ်ယောက်ကိုလဲ သေချာ လေ့လာထားကြတယ်။ ကျွန်မအနေနဲ့ မျှော်လင့်ထားတဲ့အတိုင်းဖြစ်လာလို့ ဝမ်းသာပါတယ်။ ကာတာကိုရောက်လာတဲ့ ရက်သတ္တနှစ်ပတ်စလုံးမှာ အစစအရာရာ အဆင်ပြေပါတယ်။ ဗိုလ်လုပွဲစဉ်နဲ့ပတ်သက်ပြီး စဝီယာတက်ခ်က ကျွန်မထက်ပိုပြီးတော့ လန်းဆန်းနေလိမ့်မယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပါ ကျွန်မအနေနဲ့ကတော့ အကောင်းဆုံးကစားနိုင်အောင် ကြိုးစားသွားမယ်။ ဗိုလ်လုပွဲစဉ်မှာအကောင်းဆုံးကစားနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**



## အားကစားသတင်း အတိုအထွာများ

- စီးရီးအေအမှတ်ပေးပွဲစဉ်(၂၅)တွင် အင်တာမီလန်အသင်းက ဆလာနီတာနာအသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သဖြင့် ဒုတိယနေရာမှာ ဂျူဗင်တပ်အသင်းကိုရမှတ် ၁၀ မှတ်ဖြတ်တောက်နိုင်ခဲ့ပြီး သွင်းဂိုးတစ်ဂိုးသွင်းယူခဲ့သည့် တိုက်စစ်မှူး မာတီနက်ဇ်သည်လည်း စီးရီးအေပြိုင်ပွဲတွင် သွင်းဂိုး ၂၀ ဖြင့် ဂိုးသွင်းအများဆုံးကစားသမားဖြစ်လာခဲ့သည်။
- ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် နှစ်ပွဲဆက်ရှုံးပွဲကြုံတွေ့ခဲ့ပြီးနောက် နည်းပြတူချယ်ကိုရာထူးမှထုတ်ပယ်ရန် စဉ်းစားနေချိန်တွင် ပရီးမီးယားလိဂ်ကလပ် ဝက်စ်ဟမ်းအသင်းက နည်းပြတူချယ်ကို မိုယက်စ်၏နေရာတွင်အစားထိုးနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

ML

## ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၂) ရလဒ်

| | | | | |
|---|---|---|---|---|
| ဒမ်စတက် | ၁ | - | ၂ | စတုဂတ် |
| ဟီဒန်ဟိမ်း | ၁ | - | ၂ | လေဗာကူဆင် |
| ဟော်ဖန်ဟိမ်း | ၀ | - | ၁ | ယူနီယံဘာလင် |
| မိန့်ဇ် | ၁ | - | ၀ | အော့စ်ဘတ် |
| ဝုဖ်ဘတ် | ၁ | - | ၁ | ဒေါ့မွန် |

(ဝ၄ဝ)

## ဂိုးသမားအယ်လစ်ဆန် လေ့ကျင့်ရေးအစီအစဉ်တွင် ကြွက်သားဒဏ်ရာရရှိခဲ့ကြောင်း လီဗာပူးအသင်းထုတ်ပြန်

**လန်ဒန် ဖေဖော်ဝါရီ ၁၇**

ဂိုးသမား အယ်လစ်ဆန်သည် ဘရန့်ဖို့ဒ်အသင်းနှင့် ကစားရမည့်ပွဲစဉ်အတွက် လေ့ကျင့်ရေးအစီအစဉ်တွင်ပါဝင်ခဲ့ရာ ကြွက်သားဒဏ်ရာရရှိခဲ့သောကြောင့် လာမည့်ပွဲစဉ်ကို လွဲချော်မည်ဖြစ်ကြောင်း လီဗာပူးအသင်းက ထုတ်ပြန်ခဲ့သည်။

လီဗာပူးအသင်း အနေဖြင့် အယ်လစ်ဆန်၏ ဒဏ်ရာအခြေအနေနှင့်ပတ်သက်၍ အသေးစိတ်ထုတ်ပြန်ခဲ့ခြင်း မရှိသော်လည်း ဖေဖော်ဝါရီ ၂၂ ရက်တွင် ကစားမည့် လူတန်အသင်းနှင့် ပွဲစဉ်ကိုလည်းလွဲချော်မည်ဖြစ်ပြီး လာမည့်ရက်သတ္တပတ်တွင် ကစားရမည့် ချဲလ်ဆီးအသင်းနှင့် ကွာရာဘောင်းဖလားဗိုလ်လုပွဲစဉ်မှသာပါဝင်နိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

ဂိုးသမား အယ်လစ်ဆန်သည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဖူလ်ဟမ်အသင်း၊ ရှက်ဖီးလ်(U)အသင်း၊ ဘန်လေအသင်းနှင့် ကစားသည့်ပွဲစဉ်များတွင် ဒဏ်ရာပြဿနာကြောင့် လွဲချော်ခဲ့ပြီးကျန်အမှတ်ပေးပွဲ ၂၁ ပွဲတွင် ပွဲထွက်ကစားသမားအဖြစ်ပါဝင်ခဲ့ကာ အသင်းအတွက် ခုနစ်ပွဲပေးဂိုးမရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

ဘရန့်ဖို့ဒ်အသင်းနှင့်ပွဲစဉ်တွင် အယ်လစ်ဆန်အပါအဝင် ကွင်းလယ်ကစားသမား ဆိုဘော့ဇလိုင်၊အယ်ကန်တာရာ၊ အာနိုးတို့ဒဏ်ရာကြောင့် လွဲချော်မည်ဖြစ်ပြီး ခံစစ်ကစားသမားကိုနာတီ၊ တိုက်စစ်မှူး ဆာလာဟ်တို့ ပြန်လည်ပါဝင်မည်ဖြစ်ကြောင်း နည်းပြကလော့ပ်က ပြောကြားခဲ့သည်။

လီဗာပူးအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဘရန့်ဖို့ဒ်အသင်းနှင့် နှစ်ကြိမ်တွေ့ဆုံခဲ့ရာ အဝေးကွင်းတွင် သုံးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး အိမ်ကွင်းပွဲစဉ်တွင် တစ်ဂိုး ဂိုးမရှိဖြင့် ပြန်လည်အနိုင်ရခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# ပဏာမလက်ရွေးစင်မြားပစ်အားကစားသမားများ၏ လက်ရည်စစ်မြားပစ်ပြိုင်ပွဲ

# တတိယလုပွဲ၊ ဗိုလ်လုပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ




**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

မြားပစ် အားကစားနည်းဖြင့် ရွှေတံဆိပ်ဆုများ ရယူပေးနိုင်ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်စေရန်ရည်ရွယ်၍ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် ပဏာမလက်ရွေးစင် မြားပစ်အားကစားသမားများ၏လက်ရည်စစ်မြားပစ်ပြိုင်ပွဲ တတိယလုပွဲ၊ဗိုလ်လုပွဲစဉ်များနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ မြားပစ်လေ့ကျင့်ရေးကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား၊အမျိုးသမီး Recurve နှင့် Compound တစ်ဦးချင်း တတိယလုပွဲများနှင့် ဗိုလ်လုပွဲ ပြိုင်ပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ပစ်ခတ်ခဲ့ပြီးနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ Recurve တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် ပြည်စုံနှင်းနှင့် ဒုတိယဆုရရှိသည့် သီဟထက်ဇော်တို့ကို မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးတောက်ထွန်းက လည်းကောင်း၊ ပထမဆုရရှိသည့် သီတာနွယ်ကို အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးက လည်းကောင်း၊ Compound တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် အောင်ကိုဦးနှင့် ဒုတိယဆုရရှိသည့် စုစုလှိုင်တို့ကို အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးကျော်ဦးကလည်းကောင်း၊ပထမဆုရရှိသည့် ဇင်သူရိန်မှူးကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးကလည်းကောင်း၊ အတိုးတက်ဆုံးအမျိုးသားအားကစားသမားဆု ရရှိသည့် Compound အားကစားသမား အောင်ကိုဦးနှင့် အတိုးတက်ဆုံးအမျိုးသမီးအားကစားသမားဆုရရှိသည့် Recurve အားကစားသမား သီတာနွယ်တို့ကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းကလည်းကောင်း ဆုတံဆိပ်နှင့်ဆုကြေးငွေများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါပြိုင်ပွဲကို ယခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်နှင့် ယနေ့တို့တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ မြားပစ်လေ့ကျင့်ရေးကွင်း၌ကျင်းပခဲ့ရာ အားကစားသမား စုစုပေါင်း ၁၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**STA**

# IBF စူပါဖယ်သာဝိတ်တန်းချန်ပီယံအတွက် နူနက်ဇ်က ရာကီမို့ဖ်ကိုဒိုင်ပွဲရပ်ရလဒ်ဖြင့်အနိုင်ရရှိ

**ဒူရှန်ဘဲ ဖေဖော်ဝါရီ ၁၇**

IBF စူပါဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ခါးပတ်အတွက် မက္ကဆီကိုလက်ဝှေ့သမား နူနက်ဇ်နှင့် တာဂျစ်ကစ္စတန်လက်ဝှေ့သမား ရာကီမို့ဖ်တို့ တာဂျစ်ကစ္စတန်နိုင်ငံ ဒူရှန်ဘဲမြို့တွင် ဖေဖော်ဝါရီ ၁၆ ရက်က ထိုးသတ်ခဲ့ရာ နူနက်ဇ်က ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

နူနက်ဇ်သည် ၁၁ ချီမြောက်တွင် ရာကီမို့ဖ်ကို အိမ်ရှင်ပရိသတ်များရှေ့မှောက်တွင် အနိုင်ရခဲ့ခြင်းဖြစ်ပြီး နူနက်ဇ်၏စွမ်းဆောင်ရည်နှင့်ပတ်သက်၍ အားရကျေနပ်ကာ အောင်ပွဲခံခဲ့သည့် နာမည်ကြီး Promoter ဖြစ်သူ အက်ဒီဟန်းမှာ အောင်ပွဲခံရင်း မတော်တဆဖြစ်ကာ ဆေးရုံသို့ပို့ဆောင်၍ ဆေးကုသမှုခံယူခဲ့ရသည်။

ရာကီမို့ဖ် အနေဖြင့်လည်း လက်ဝှေ့လောကသို့ ဝင်ရောက်လာခဲ့ပြီးနောက်ပိုင်း မွေးရပ်မြေတွင် ပထမဦးဆုံးအကြိမ် ထိုးသတ်ခဲ့ခြင်းဖြစ်ပြီး အစောပိုင်းအချီများတွင် ကျွမ်းကျင်သော လက်ဝှေ့စွမ်းရည်များကိုပြသကာ နူနက်ဇ်ကိုဖိအားပေးနိုင်ခဲ့သည်။

ရာကီမို့ဖ်သည် နည်းစနစ်ပိုင်းနှင့်လက်ဝှေ့စွမ်းရည်ပိုင်းပိုမိုသာလွန်ခဲ့သော်လည်း ကြံ့ခိုင်မှုပိုကောင်းခဲ့သော နူနက်ဇ်က အနိုင်ရလဒ်ကို ရရှိခဲ့ခြင်းဖြစ်သည်။

ရာကီမို့ဖ်သည် အချီတိုင်းနီးပါးတွင် ဘယ်ညာဝိုက်လက်သီးများကို အချိုးကျကျပေါင်းစပ်အသုံးပြုနိုင်ခဲ့သော်လည်း နူနက်ဇ်သည် ညာဝိုက်လက်သီးထိုးချက်ကို အဓိကအားပြုကာ Body Shots ထိုးချက်များဖြင့် ရာကီမို့ဖ်ကို အဓိကဖိအားပေးခဲ့သည်။

အထူးသဖြင့် ရှစ်ချီမြောက်နှင့် ကိုးချီမြောက်တို့တွင် နူနက်ဇ်သည် ညာဝိုက်လက်သီးနှင့် Body Shots ကို အကောင်းဆုံးအသုံးချလာနိုင်ခဲ့ပြီး ၁၁ ချီမြောက်တွင် ရာကီမို့ဖ် အနေဖြင့် နူနက်ဇ်၏ထိုးချက်များကြောင့် အရှုံးပေးလိုက်ရကြောင်း သိရသည်။

**Ref : Sputnik**
**Trs : AZL**

# Genesis Invitational ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် ပက်ထရစ်ကန်တလေက အမှတ်ပေးဇယားကိုဆက်လက်ဦးဆောင်ပြီး တိုက်ဂါးဝုဒ်က ပြိုင်ပွဲမှနုတ်ထွက်

**ကယ်လီဖိုးနီးယား ဖေဖော်ဝါရီ ၁၇**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ပစိဖိတ်ပါလီဆာဒက်စ်မြို့တွင် ကျင်းပနေသည့် Genesis Invitational ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ပက်ထရစ်ကန်တလေက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားဖြစ်သည့် လုခ်လစ်၊ ဩစတြေးလျဂေါက်သီးရိုက်ကစားသမားဂျက်ဆင်ဒေး၊ ကနေဒါဂေါက်သီးရိုက်ကစားသမား မက်ကင်ဇီတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ယခုနှစ် Genesis Invitational ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပရိသတ်များ၏ စိတ်ဝင်စားမှုကို ရရှိထားသည့် တိုက်ဂါးဝုဒ်သည် ပထမနေ့အပြီး ဒုတိယနေ့မစတင်မီ ရုတ်တရက် တုပ်ကွေးရောဂါဝေဒနာခံစားခဲ့ရသည့် အတွက်ကြောင့် ပြိုင်ပွဲမှ နုတ်ထွက်သွားခဲ့သလို အခြားသော နာမည်ကြီးဂေါက်သီးရိုက်ကစားသမားဖြစ်သည့် ဂျော်ဒန်စပိုက်မှာ စည်းကမ်းချိုးဖောက်မိခဲ့သည့်အတွက်ကြောင့် ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရသည်။

ရောဂါအတိအကျကို မသိရသေးသော်လည်း တုပ်ကွေးလက္ခဏာဖြစ်ပြီး လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုခံယူမည်ဖြစ်ကြောင်း တိုက်ဂါးဝုဒ်နှင့် ကာလရှည်လက်တွဲအလုပ်လုပ်နေသည့် စီးပွားရေးမိတ်ဆွေဖြစ်သူ ရော့ဘ်မက်နာမာရာက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# MFF AYA Pay Futsal League ပြိုင်ပွဲ ပွဲစဉ်(၁၃)ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနိုင်ငံဖူဆယ်နှင့်သဲသောင်ပြင်ဘောလုံးကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MFF AYA Pay Futsal League ပြိုင်ပွဲ ပွဲစဉ်(၁၃)ပွဲစဉ်များကို ယနေ့နံနက် ၈နာရီမှစတင်ပြီး ရန်ကုန်မြို့ရှိ MFF Stadium တွင် ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

ဦးစွာ နံနက် ၈ နာရီက VUC FC အသင်းနှင့် MIU FC အသင်းတို့ကစားခဲ့ရာ VUC FC အသင်းက ခြောက်ဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၉နာရီ ၄၅ မိနစ်က Let Wel Thone Nara အသင်းနှင့် Dream Team FC အသင်းတို့ကစားခဲ့ရာ Dream Team FC အသင်းက ကိုးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီခွဲက Linn Latt FC အသင်းနှင့် Generations FC အသင်းတို့ကစားခဲ့ရာ Generations FC အသင်းက ငါးဂိုး သုံးဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က Futsal 19 FC အသင်းနှင့် Winner Soccer FC အသင်းတို့ကစားခဲ့ရာ Winner Soccer FC အသင်းက သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ညနေ ၃ နာရီက နောက်ဆုံးပွဲစဉ်အဖြစ် M2K FC အသင်းနှင့် Futsal Chit Thu FC အသင်းတို့ကစားခဲ့ရာ M2K FC အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

MFF AYA Pay Futsal League ပြိုင်ပွဲ ပွဲစဉ်(၁၃)ပွဲစဉ်များအပြီးတွင် VUC FCအသင်းက ၁၃ ပွဲလုံးရာနှုန်းပြည့်နိုင်ပွဲရရှိခဲ့ကာ ရမှတ် ၃၉ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၁)နေရာတွင် ဆက်လက် ဦးဆောင်နေကြောင်း သိရသည်။

**STA**

# စပါးအသင်းအတွက်သာအပြည့်အဝအာရုံစိုက်ထားသည်ဟု နည်းပြပိုစတီကိုဂလူ ပြောကြား



**လန်ဒန် ဖေဖော်ဝါရီ ၁၇**

စပါးအသင်းနည်းပြ ပိုစတီကိုဂလူက လီဗာပူးအသင်းသို့ပြောင်းရွှေ့ရန်စဉ်းစားမည်မဟုတ်ဘဲ စပါးအသင်းအတွက်သာ အပြည့်အဝအာရုံစိုက်ထားသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

လီဗာပူးအသင်းသည် ယခုနှစ် ဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာမည့် နည်းပြကလော့ပ်၏ နေရာတွင် အစားထိုးရန်အတွက် နည်းပြသစ်တစ်ဦးကို လက်ရှိအချိန်ကတည်းက ရှာဖွေမှုများပြုလုပ်နေပြီး ပစ်မှတ်ထားနေသည့်နည်းပြစာရင်းတွင် ပိုစတီကိုဂလူလည်း ပါဝင်လျက်ရှိနေသည်ဟု ပြီးခဲ့သည့်ရက်ပိုင်းက သတင်းများထွက်ပေါ်ခဲ့သည်။

အသက် ၅၈ နှစ်ရှိ နည်းပြ ပိုစတီကိုဂလူသည် ယခုနှစ် ဘောလုံးရာသီတွင် ရိန်းဂျားအသင်းမှ စပါးအသင်းနည်းပြအဖြစ် ၂၀၂၇ ခုနှစ်ထိ စာချုပ်ချုပ်ဆိုကာ ခန့်အပ်ခံခဲ့ရပြီး အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ထားနိုင်ခဲ့သည့်အတွက် လီဗာပူးအသင်းက နည်းပြသစ်ခန့်အပ်မည့်စာရင်းတွင် ပိုစတီကိုဂလူကိုပါ ထည့်သွင်းထားခြင်းဖြစ်သည်။

နည်းပြ ပိုစတီကိုဂလူက "ကျွန်တော် လီဗာပူးအသင်းနဲ့ပတ်သက်ပြီး ထွက်ပေါ်နေတဲ့သတင်းတွေအတွက် ပြောစရာစကားမရှိပါဘူး။ ကျွန်တော် လီဗာပူးအသင်းကို ပြောင်းရွှေ့ဖို့ စိတ်ကူးတောင်မရှိပါဘူး။ လက်ရှိ ကျွန်တော်နဲ့ပတ်သက်ပြီး ထွက်ပေါ်နေတဲ့သတင်းတွေက အခြေအမြစ်မရှိပါဘူး။ ကျွန်တော် စပါးအသင်းအတွက်ပဲ အပြည့်အဝအာရုံစိုက်ထားပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

**ပရီးမီးယားလိဂ် ပွဲစဉ် (၂၅) ရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရန့်ဖို့ဒ် | ၁ | - | ၄ | လီဗာပူး |
| ဘန်လေ | ၀ | - | ၅ | အာဆင်နယ် |
| ဖူလ်ဟမ် | ၁ | - | ၂ | အေဗီလာ |
| နယူးကာဆယ် | ၂ | - | ၂ | ဘွန်းမောက် |
| နော့တင်ဟမ် | ၂ | - | ၀ | ဝက်စ်ဟမ်း |
| စပါး | ၁ | - | ၂ | ဝုဝ် |

(၀၄၀)

# စစ်မှန်သောမျိုးချစ်စိတ်ဓာတ်နှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်

အမောင်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးခရီးကိုကြည့်ပါက ရှည်လျားသော အတိတ်သမိုင်းများနှင့် ပြည့်နှက်လျက်ရှိပေသည်။ နယ်ချဲ့အင်္ဂလိပ်နှင့် ဖက်ဆစ်ဂျပန်တို့၏လက်အောက်တွင် သူ့ကျွန်ဘဝနှင့် အချုပ်အခြာမဲ့ခဲ့ရသောကာလ၌ မြန်မာပြည်သူများအဖို့ ခက်ခဲကြမ်းတမ်းသောဘဝ၊ စက်ဆုပ်ဖွယ်ကောင်းသောဘဝအစုံစုံတို့ကို ဖြတ်သန်းခဲ့ရပေသည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလသည် ခက်ခဲသောကာလရှည်ကြီးဖြစ်ခဲ့ရသည်။ တစ်မျိုးသားလုံးတန်ဖိုးထားရသည့် လွတ်လပ်ရေးကို ရယူပေးခဲ့ကြသော ခေတ်အဆက်ဆက်သူရဲကောင်းများကို လေးစားဂုဏ်ပြုရမည်ဖြစ်သည်။ ထို့ပြင် လွတ်လပ်ရေး၏တန်ဖိုးကို သိရှိနားလည်ပြီး ပြန်လည်လက်လွှတ် မဆုံးရှုံးရအောင် ထိန်းသိမ်းရန်မှာလည်း မြန်မာနိုင်ငံသားတိုင်းနှင့် သက်ဆိုင်ပေသည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလတွင် လွတ်လပ်ရေးရပြီး လွတ်လပ်ရေးနှင့်အတူ ပြည်တွင်းသောင်းကျန်းမှုက တစ်ဆက်တည်းပါလာခဲ့သည်။ လွတ်လပ်ရေးရပြီး ၇၆ နှစ်တာကာလအတွင်း လက်နက်စွဲကိုင်မှုကြောင့် ဒေသအတွင်း မတည်ငြိမ်မှုများဖြစ်ပေါ်ခဲ့ရသည်။ မတည်ငြိမ်မှုများကြောင့်လည်း ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည်။ ၁၉၄၈ ခုနှစ် မတ်လတွင် ဗမာပြည်ကွန်မြူနစ်ပါတီ တောခိုဆန့်ကျင်ခြင်း၊ ကေအင်ဒီအိုများ တောခိုဆန့်ကျင်ခြင်း၊ ၁၉၅၀ ပြည့်နှစ်မှ ၁၉၅၅ ခုနှစ်အတွင်း ကူမင်တန်(တရုတ်ဖြူ)ကျူးကျော်မှု၊ ၁၉၅၈ ခုနှစ်တွင် ဖဆပလနှစ်ခြမ်းကွဲပြီး အိမ်စောင့်အစိုးရဖြင့် ထိန်းသိမ်းခဲ့ရမှု၊ ၁၉၆၂ ခုနှစ်တွင် ရှမ်းတိုင်းရင်းသားများ၏ ပြည်နယ်ခွဲထွက်ခွင့်တောင်းဆိုချက်ကြောင့် တော်လှန်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို ထိန်းသိမ်းခဲ့ရမှု၊ ၁၉၈၈ ခုနှစ်တွင် အထွေထွေသပိတ်ပေါ်ပေါက်လာခဲ့မှုတို့ကြောင့် နိုင်ငံတော် အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေး မဆုံးရှုံးအောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့ရမှု၊ ၂၀၁၁ ခုနှစ်တွင် KIA ၏ တစ်ကျော့ပြန်စစ်ပွဲဖန်တီးမှု၊ ၂၀၁၅ ခုနှစ်တွင် ဖုန်ကြားရှင်ဦးဆောင်သော MN-DAA တို့၏ နိုင်ငံတော်အချုပ်အခြာအာဏာထိပါးမှုများ ဖြစ်ပေါ်ခဲ့ရသည်။ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် လွတ်လပ်ရေးမဆုံးရှုံးစေရေးတို့အတွက် တပ်မတော်၏ဦးဆောင်မှု၊ ပြည်သူတို့၏ ပူးပေါင်းမှုဖြင့် ကာကွယ်ထိန်းသိမ်းခဲ့ရပေသည်။

မြန်မာ့နိုင်ငံရေးခရီးသည် ကြမ်း၏။ မြန်မာ့လွတ်လပ်ရေးကား ခရီးမိုင်ရှည်လျားခဲ့သည်။ လွတ်လပ်ရေးရပြီး ၇၆ နှစ်တာကာလအတွင်း အတက်အကျ၊ အနိမ့်အမြင့်များစွာဖြင့် ခက်ထန်ကြမ်းတမ်းခဲ့ရသည်။ လွတ်လပ်ရေးနှင့်အတူ တပ်မတော်သည်လည်း အခက်အခဲပေါင်းများစွာကို တာဝန်ယူဖြေရှင်းခဲ့ရသည်။ သမိုင်း၏အတွေ့အကြုံဖြင့် အားသာချက်၊ အားနည်းချက်ကို ဆင်ခြင်သုံးသပ်လျက် မျက်မှောက်ကာလကို အကောင်းဆုံးကျော်ဖြတ်လျက်ရှိသည်။ စာရေးသူတို့နိုင်ငံအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အရေးကြီးသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပျက်ပြားခြင်းသည် ပြည်ထောင်စုပြိုကွဲခြင်း၏အစပင်ဖြစ်သည်ကို စာရေးသူတို့ နားလည်ကြရမည်။

ထို့ပြင် "နိုင်ငံတစ်နိုင်ငံအတွက် နိုင်ငံသားများ၏ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးသည် အလွန်အရေးကြီးပါသည်။ မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိဘာသာ၊ စာပေ၊ ယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့်စိတ်၊ တိုင်းပြည်နှင့်လူမျိုးကို ထိပါက မချိအောင်နာသည့်စိတ်ပင်ဖြစ်ပါသည်။ မျိုးချစ်စိတ်ဓာတ်အားနည်းပါက တိုင်းပြည်နှင့်လူမျိုးအတွက် များစွာအန္တရာယ်ရှိနိုင်ပါသည်"ဟု ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာတွင် ဖော်ပြထားသည်ကို မှတ်သားမိသည်။

မျက်မှောက်ကာလသည် မျိုးချစ်စိတ်ဓာတ်နှင့် ပတ်သက်၍ အလေးထားအသိပေးနိုးဆော်ပေးရမည့် အချိန်အခါကာလဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် လွတ်လပ်သောနိုင်ငံအဖြစ်သို့ ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သကဲ့သို့ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ဖြင့်ပင် ပြည်ထောင်စုကြီး နှစ်ပေါင်းထောင်ချီ တည်တံ့ခိုင်မြဲအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်။ လက်ရှိအချိန်အခါတွင် နိုင်ငံသားများကြား၌ မျိုးချစ်စိတ်ဓာတ် အားနည်းနေသည့် လက္ခဏာများရှိနေသည်ဟု ထင်မြင်ယူဆရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံနှင့်လူမျိုးအကျိုးကိုရှေးရှု၍ မျိုးချစ်စိတ်ဓာတ် ထက်သန်ခိုင်ကျည်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ကမ္ဘာပေါ်ရှိ နိုင်ငံများ၏ လူမျိုးအသီးသီးတို့သည် မိမိနိုင်ငံ၊ မိမိလူမျိုးကို ချစ်မြတ်နိုးသည့်စိတ်၊ မိမိနိုင်ငံ၊ မိမိလူမျိုးကိုထိလျှင် မခံနိုင်သောစိတ်၊ မိမိနိုင်ငံ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရမည့်စိတ်ဓာတ်များကို စွဲမြဲစွာခံယူကျင့်သုံးနေကြသည်။ ၎င်းသည် နိုင်ငံအသီးသီးရှိ ပြည်သူများ ကိုယ်စီထားရှိကြသော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။ ထိုစိတ်ထားများမထားရှိဘဲ သူတစ်ပါးကို အားကိုးသည့်စိတ်ဖြင့် အချင်းချင်းစိတ်ဝမ်းကွဲနေကြမည်ဆိုလျှင် ထိုနိုင်ငံ၊ ထိုလူမျိုးတို့၌ မျိုးချစ်စိတ်ဓာတ် လျော့ပါးပျက်သုဉ်းလာပြီး နောက်ဆုံးတွင် တိုင်းပြည်ပြိုကွဲပျက်စီးခြင်းအဖြစ်သို့ ရောက်ရသည်ကို မြင်တွေ့နိုင်သည်။

မြန်မာနိုင်ငံတွင် ယနေ့ဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေကို ဆင်ခြင်ကြည့်မည်ဆိုလျှင် မျိုးချစ်စိတ်ဓာတ် လျော့ပါးလာခြင်းသည် အဓိကအကြောင်းရင်းခံဖြစ်သည်။ မျိုးချစ်စိတ်ဓာတ် လျော့ပါးလာခြင်း၏ ဇာစ်မြစ်သည် ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ အာဏာစွဲများကို အကြောင်းခံ၍ သွေးကွဲစေသော ပရိယာယ်အမျိုးမျိုးမှ ပေါ်ပေါက်လာသည်ဟုဆိုနိုင်သည်။ လွတ်လပ်ရေးမရမီကာလ သွေးကွဲမှုများ၊ လွတ်လပ်ရေးရပြီးကာလ သွေးကွဲမှုများ၊ မျက်မှောက်ကာလ သွေးကွဲမှုများသည် မျိုးချစ်စိတ်ဓာတ် ပျက်သုဉ်းခြင်းအကျိုးဖြစ်လာသည်။ မျိုးချစ်စိတ်ဓာတ် ပျက်သုဉ်းသောအခါ အချင်းချင်း မညီညွတ်ဘဲ ရန်လိုတုဖက် ပဋိပက္ခများဖြင့် မငြိမ်းချမ်းခြင်း၊ မတည်ငြိမ်ခြင်း၊ မဖွံ့ဖြိုးခြင်းတို့ ဖြစ်ပေါ်လာသည်။

အဓိကမှာ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိဘာသာ၊ မိမိစာပေ၊ မိမိယဉ်ကျေးမှုတို့ကို မလေးစားခြင်း၊ တန်ဖိုးမထား ပစ်ပယ်ခြင်း၊ အခြားနိုင်ငံ၊ အခြားလူမျိုး၊ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုတို့ကို တန်ဖိုးထား အထင်ကြီးခြင်းတို့သည် မျိုးချစ်စိတ်ဓာတ်လျော့ပါးပျက်သုဉ်းစေသော အချက်များပင်ဖြစ်သည်။ မျိုးချစ်စိတ်ဓာတ် လျော့ပါးပျက်သုဉ်းလာသောအခါ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုတို့ကို ချစ်ခင်မြတ်နိုး တန်ဖိုးထားမှုမရှိနိုင်တော့ဘဲ မိမိတို့အသိုက်အဝန်းကို မိမိတို့ကိုယ်တိုင် ဖျက်ဆီးရန် ဝန်လေးခြင်းမရှိတော့ပေ။ ထို့ကြောင့် မျက်မှောက်ကာလတွင် နိုင်ငံ၏ယဉ်ကျေးမှုဓလေ့စရိုက်နှင့် မဆီလျော်သည့် မဖြစ်သင့်မဖြစ်ထိုက်သော စိတ်မချမ်းမြေ့စရာများ၊ မနှစ်မြို့ဖွယ်ရာအဖြစ်များနှင့် ကြုံတွေ့လာရသည်။ မိမိဘာသာ၊ သာသနာ၊ လူမျိုးနှင့် ယဉ်ကျေးမှုများကို ဖျက်ဆီးသည့်လုပ်ရပ်များ ပြုလုပ်လာကြသည်ဟု ယုံကြည်မိသည်။

သို့ဖြစ်ရာ တိုင်းရင်းသားလူမျိုး ပြည်သူအားလုံးတို့၏ ယဉ်ကျေးမှုအစဉ်အလာများကို ထုတ်ဖော်မြှင့်တင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိန်းသိမ်းစောင့်ရှောက်ရေးကိစ္စများကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အရေးကြီးသောကိစ္စရပ်တစ်ရပ်အဖြစ်၊ အမျိုးသားရေးတာဝန်အဖြစ် ခံယူကြရမည်ဖြစ်ကြောင်း နားလည်ရမည်ဖြစ်သည်။

ထိုကဲ့သို့ စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်ဖြင့် ယနေ့လူငယ်များအနေဖြင့်လည်း နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နိုင်ရမည်ဖြစ်သည်။ ထိုသို့ တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်အတွက် အမျိုးသားကာကွယ်ရေးမူဝါဒကို ချမှတ်ကျင့်သုံးခဲ့သည်။ မိမိနိုင်ငံ၏ သမိုင်းကြောင်း၊ လူမှုစီးပွားရေးအခြေအနေ၊ ဒေသအတွင်းနိုင်ငံများ၏ အခြေအနေ၊ ပထဝီအနေအထားနှင့် တပ်မတော်၏သမိုင်းအစဉ်အလာတို့ကိုပြုပြင်သုံးသပ်၍ အမျိုးသားကာကွယ်ရေးမူဝါဒ (၆) ချက်ကို ချမှတ်ခဲ့သည်။ ၎င်းတို့အနက် နိုင်ငံ့အတွက် အရေးကြီးပြီး အဓိကကျသည့်အချက်မှာ "တပ်မတော်ကိုမဏ္ဍိုင်ပြု၍ တိုင်းရင်းသားပြည်သူများ၏ ပြည်တွင်းစွမ်းအားစုများအပေါ် အခြေတည်ကာ ပြည်သူ့စစ်မဟာဗျူဟာဖြင့် နိုင်ငံတော်ကာကွယ်ရေးတည်ဆောက်ရန်" ဟု ကာကွယ်ရေးစက္ကူဖြူစာတမ်း (၂၀၁၅) တွင် အတိအကျဖော်ပြထားသည်။

ထို့အတူ "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ကာကွယ်ရေးမဟာဗျူဟာမှာ ပြည်သူ့စစ်မဟာဗျူဟာဖြစ်ပါသည်။ တပ်မတော် (ကြည်း၊ ရေ၊ လေ)ကို မဏ္ဍိုင်ပြု၍ ပြည်သူတစ်ရပ်လုံးပါဝင်သော ပြည်သူ့စစ်မဟာကိုကျင့်သုံးလျက် နိုင်ငံတော်၏ မြေပြင်၊ ရေပြင်၊ ဝေဟင်ပိုင်နက်များအတွင်း ကျူးကျော်ဝင်ရောက်တိုက်ခိုက်လာမည့် ပြည်ပရန်သူများအား ဟန့်တားထိန်းချုပ် တွန်းလှန်ချေမှုန်းရေးပင်ဖြစ်သည်" ဟု ကာကွယ်ရေးမဟာဗျူဟာကိုလည်း ချမှတ်ခဲ့ကြသည်။

သို့ဖြစ်၍ မှန်ကန်သည့်မျိုးချစ်စိတ်နှင့်နိုင်ငံတော်ကို ကာကွယ်ရန်မှာ အရွယ်ရောက်ပြီးသော နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။ နိုင်ငံသားတိုင်းလည်း မှန်ကန်သော မျိုးချစ်စိတ်အရင်းခံရန်ဖြစ်သည်။ တစ်ဦးချင်းကိုယ်စီကိုယ်စီ မျိုးချစ်စိတ်ဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုထမ်းဆောင်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် အာဏာတည်ကြောင်းကို အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၂၄ ဖြင့် သတ်မှတ်ခဲ့သည်။ အဆိုပါ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၄ ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၊ ၂၇/၂၀၁၀ ဖြင့်ပြဋ္ဌာန်းထားခဲ့ခြင်းဖြစ်သည်။ အဆိုပါဥပဒေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၈၅ တွင် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်"ဟုလည်းကောင်း၊ ပုဒ်မ ၃၈၆ တွင် "နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်" ဟုလည်းကောင်း ဖော်ပြထားပြီး ပြည်သူ့စစ်မှုထမ်းဥပဒေ၏နိဒါန်းတွင် "နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်ကိုထမ်းဆောင်နိုင်ရေးအလို့ငှာ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော် ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ဥပဒေပြဋ္ဌာန်းရခြင်းဖြစ်ကြောင်း" ဖော်ပြထားသည်ကို တွေ့ရှိရသည်။

တိုင်းပြည်တစ်ပြည် ရင်ဆိုင်နေရသော လုံခြုံရေးကို ခြိမ်းခြောက်နေသည့် အခြေအနေတစ်ရပ်သည် စစ်ဘက်ဆိုင်ရာရည်မှန်းချက်များကို ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ပြဋ္ဌာန်းရန် လိုအပ်ချက်ပင်ဖြစ်သည်။ ပြည်တွင်း၊ ပြည်ပခြိမ်းခြောက်မှုနှစ်ရပ်စလုံး ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အခြားတိုင်းပြည်တစ်ပြည်၏ စစ်ရေး၊ နိုင်ငံရေးလွှမ်းမိုးမှုကို သတိထားကြရန်လိုအပ်ပေသည်။ လက်ရှိနိုင်ငံရေးဖြစ်စဉ်များအရ အရွယ်ရောက်ပြီးသူတိုင်း စစ်မှုထမ်းရမည့်ဥပဒေကို အတည်ပြုခြင်းသည် ပြည်သူလူထုနှင့် တပ်မတော်ကြားယုံကြည်မှုတည်ဆောက်၍ အခက်အခဲများကို အတူလက်တွဲတွန်းလှန်ခြင်းပင်ဖြစ်သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နောက်ပိုင်း အရေးပေါ်ကာလအတွင်း အမျိုးမျိုးသောစိန်ခေါ်မှု၊ ခြိမ်းခြောက်မှု၊ နှောင့်ယှက်ဖျက်ဆီးမှုများကို အေးချမ်းစွာ နေထိုင်လိုကြသည့် ပြည်သူများ၏ဆန္ဒအရ "ပြည်သူ့စစ်မှုထမ်းဥပဒေ"ကို အတည်ပြုသတ်မှတ်ခြင်းသည် လက်ရှိအချိန်တွင် မှန်ကန်ကောင်းမွန်သော ဆုံးဖြတ်ချက်တစ်ရပ်ဖြစ်ပေသည်။ စစ်မှန်သောမျိုးချစ်စိတ်ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တည်ဆောက်ကြရမည်ဆိုသည့်အချက်ကို ပြည်သူတစ်ဦးချင်းစီ နားလည်သဘောပေါက်ပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

နိုင်ငံသားတိုင်း စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ရှိမှသာလျှင် တိုင်းပြည်၏ ရေရှည်အကျိုးကို မြော်တွေးဆောင်ရွက်နိုင်မည်ဖြစ်သည်။ ပြည်သူတစ်ဦးချင်းစီ၏ ရင်၌ ကိန်းအောင်းနေသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်သည်သာ နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကကျသည့် အခြေခံအုတ်မြစ်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

❖ မျက်မှောက်ကာလသည် မျိုးချစ်စိတ်ဓာတ်နှင့်ပတ်သက်၍ အလေးထား အသိပေးနိုးဆော်ပေးရမည့် အချိန်အခါကာလဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် လွတ်လပ်သောနိုင်ငံအဖြစ်သို့ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သကဲ့သို့ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ဖြင့်ပင် ပြည်ထောင်စုကြီး နှစ်ပေါင်းထောင်ချီတည်တံ့ခိုင်မြဲအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်။ လက်ရှိအချိန်အခါတွင် နိုင်ငံသားများကြား၌ မျိုးချစ်စိတ်ဓာတ် အားနည်းနေသည့်လက္ခဏာများရှိနေသည်ဟု ထင်မြင်ယူဆရမည်ဖြစ်သည်။ ❖

# အစိုးမရ အနတ္တ ရုပ်ရှင်ဇာတ်ကား Premier Show ပြုလုပ်




**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

အစိုးမရ အနတ္တ ရုပ်ရှင် ဇာတ်ကား Premier Show ကို ဖေဖော်ဝါရီ ၁၆ ရက် ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတ အဆင့်မြင့်ရုပ်ရှင်ရုံတွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် နန်းဆုဦးက ပြောပြ၍ သိရသည်။

အစိုးမရ အနတ္တ ရုပ်ရှင်ဇာတ်ကားကို စိန်ငွေ့ရုပ်ရှင်ထုတ်လုပ်ရေးနှင့် ဇေယျာရွှေပြည်ရုပ်ရှင်ထုတ်လုပ်ရေးတို့ ပူးပေါင်းရိုက်ကူးထုတ်လုပ်ထားခြင်းဖြစ်ပြီး မောင်လှမျိုး (ချင်းချောင်းခြံ)၏ အောင်မြင်သည့် ဝတ္ထုတစ်ပုဒ်ဖြစ်သည့် မျက်ဝန်းရေဆူ အမှတ် ၁၅၀၀ ဝတ္ထုဇာတ်လမ်းကို မောင်အောင် (ရှုပဗေဒ) က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ဗန်းကြီးက တာဝန်ယူ ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားကို လွန်ခဲ့တဲ့ခုနစ်နှစ်လောက်က ရိုက်ကူးခဲ့တာပါ။ မကြီးစိုး (စိုးမြတ်သူဇာ)က ကိုယ့်ရဲ့အမေနေရာကပေါ့။ ဒီဇာတ်ကားလေးက ရှိမန့်ဒရာမာလေးပါ။ ဆယ်ကျော်သက် လူငယ်ဘဝရော၊ အသက်ကြီးသွားတဲ့ လူကြီးပိုင်းဘဝရော ဇာတ်ရုပ်နှစ်မျိုးနဲ့ သရုပ်ဆောင်ထားပါတယ်"ဟု သရုပ်ဆောင် နန်းဆုဦးက ပြောပြသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ညိမ်းသော်၊ ဇာတီ၊ စိုးမြတ်သူဇာ၊ နန်းဆုဦး၊ မေသုကျော်၊ ခင်မှုံမှုံအေး၊ စိုးမိုးကြည်၊ ဦးဝင်းမြိုင်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# ဒိုင်နိုဆော အက်ရှင်ဇာတ်ကားသစ်တွင် မင်းသား အီဝန်မက်ဂရီဂေါ် သရုပ်ဆောင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၁၇**

ဒိုင်နိုဆော အက်ရှင်ဇာတ်ကားသစ်တစ်ကား၌ Star Wars မင်းသား အီဝန်မက်ဂရီဂေါ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၆ ရက် သတင်းများအရ သိရသည်။

တရားဝင် ဇာတ်ကားနာမည် မပေးရသေးသည့် အဆိုပါ ဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ်ရောဘတ်မစ်ချဲက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး အဆိုပါဇာတ်ကားတွင် မင်းသား မက်ဂရီဂေါ်သည် မင်းသမီး အန်နီဟေသာဝေးနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

၁၉၈၀ ပြည့်နှစ်ကို ဇာတ်အိမ်တည်ရိုက်ကူးမည့် အဆိုပါရုပ်ရှင်ဇာတ်ကားသစ်မှာ ဒိုင်နိုဆောများကိုအခြေခံရိုက်ကူးမည့် အက်ရှင်ဇာတ်ကားသစ်ဖြစ်သည်။

အဆိုပါ ဒိုင်နိုဆောအက်ရှင်ဇာတ်ကားသစ်တွင် အီဝန်မက်ဂရီဂေါ်နှင့် အန်နီဟေသာဝေးတို့သည် ဇနီးမောင်နှံအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားသစ် စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# ပိုး ရုပ်သံဇာတ်လမ်းတွဲကို MRTV-4 ရုပ်သံလိုင်းမှ ထုတ်လွှင့်မည်ဖြစ်




**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ပိုး ရုပ်သံဇာတ်လမ်းတွဲကို MRTV-4 ရုပ်သံလိုင်းမှ ဖေဖော်ဝါရီ ၂၂ ရက်တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ဇင်မျိုးက ပြောပြ၍ သိရသည်။

ပိုး ရုပ်သံဇာတ်လမ်းတွဲသည် မောင်ငယ်ရင်သွေး၏ ဝတ္ထုဇာတ်လမ်းကို အေးမှုံမှုံအောင်နှင့် စန်းယုမော်တို့က ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာ ထင်ကျော်က တာဝန်ယူပုံဖော်ရိုက်ကူးထားသည့် MRTV-4 ရုပ်သံလိုင်း၏ မူပိုင်ရုပ်သံဇာတ်လမ်းတွဲတစ်ခုဖြစ်ကြောင်း သိရသည်။

"အနုပညာပိုးပါလာတဲ့ လူငယ်တစ်ယောက်ရဲ့ အခက်အခဲအကျပ်အတည်းတွေ၊ အတားအဆီးတွေကြားက အောင်မြင်တဲ့လမ်းကြောင်းပေါ် ရောက်အောင် လျှောက်လှမ်းလာတဲ့ ဘဝဇာတ်ကြောင်းလေးတစ်ခုကိုမြင်ရမှာပါ။ ဘဝသရုပ်ဖော်ဒရာမာ ဇာတ်လမ်းတွဲလေးပါ"ဟု သရုပ်ဆောင် ဇင်မျိုးက ပြောပြသည်။

ပိုး ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ဟန်ထူးချာန်၊ ဖြိုးရာဇာနိုင်၊ အေးမြတ်နိုးစံ၊ မေဘယ်လ်၊ လွန်းခြယ်၊ မေသဥ္စာဦး၊ ဇင်မျိုး၊ ကျော်ဇောဟိန်းနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Dune: Part Two ဇာတ်ကားသစ်၌ မင်းသမီး အန်ယာတေလာဂျွိုင်း ပါဝင်ထား

**နယူးယောက် ဖေဖော်ဝါရီ ၁၇**

Dune: Part Two သိပ္ပံအက်ရှင်ဇာတ်ကားသစ်၌ မင်းသမီး အန်ယာတေလာဂျွိုင်း ပါဝင်ထားကြောင်း ဖေဖော်ဝါရီ ၁၆ ရက် သတင်းများအရ သိရသည်။

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်၌ ကျင်းပခဲ့သည့် Dune: Part Two ဇာတ်ကားမိတ်ဆက်ပွဲတွင် ၎င်းဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင်များနှင့်အတူ အန်ယာတေလာဂျွိုင်းလည်း တက်ရောက်ခဲ့သည်။

Dune: Part Two ဇာတ်ကားတွင် မင်းသား တင်မိုသီချားမက်၊ အော်စတင်ဘတ္တလာ၊ မင်းသမီး ဇန်ဒါးယားနှင့် ဖလောရင့်ပက်တို့လည်း ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Dune: Part Two ဇာတ်ကားသည် Dune (2021)၏ နောက်ဆက်တွဲ ဇာတ်ကားဖြစ်ပြီး ပြင်သစ်ဒါရိုက်တာ ဒင်းနစ်ဗီလီနေ့ဗ်က ရိုက်ကူးပေးထားသည်။

မူလ Dune (2021) ဇာတ်ကားကိုလည်း ဒါရိုက်တာ ဒင်းနစ်ဗီလီနေ့ဗ်ကပင် တာဝန်ယူ ရိုက်ကူးပေးခဲ့ခြင်းဖြစ်သည်။

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီက Dune: Part Two ဇာတ်ကားကို ယခုနှစ် မတ် ၁ ရက်တွင် ရုံတင်ပြသမည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပမည့် Miss World ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် ယွန်းသိမ့်သိမ့်နွေး ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပမည့်Miss World ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် ယွန်းသိမ့်သိမ့်နွေး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

Miss World ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက်မှစတင်ကာ မတ် ၉ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၂၀ ကျော်မှ နိုင်ငံကိုယ်စားပြုအလှမယ်များက ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်း သိရသည်။

"Beauty With A Purpose လူမှုအကျိုးပြုပရဟိတ တာဝန်တွေနဲ့အတူ မြန်မာအမျိုးသမီးတွေရဲ့ အရည်အချင်းနဲ့ အလှတရားတွေကို ကမ္ဘာ့စင်မြင့်ထက်မှာ ဂုဏ်ယူစွာ ကိုယ်စားပြု မျှဝေခွင့်ရရှိတော့မှာ ဖြစ်ပါတယ်။ အထူးသဖြင့် နွေးရဲ့ ပင်းတယမြို့နယ်အတွက်၊ ဓနုလူမျိုးတွေအတွက် အင်မတန် ဂုဏ်ယူဖွယ်ရာဖြစ်အောင် ပြင်ဆင်ထားပါတယ်။ Miss World ပြိုင်ပွဲတစ်လျှောက်မှာ နွေးကိုချစ်ခင်ကြသူတွေကလဲ Online ကနေတစ်ဆင့် အတူလိုက်ပါဆင်နွှဲရင်း အားပေးဝန်းရံပေးကြဖို့ တိုက်တွန်းလိုက်ရပါတယ်"ဟု အလှမယ် ယွန်းသိမ့်သိမ့်နွေးက ပြောပြသည်။



Miss World ပြိုင်ပွဲများသို့ မြန်မာနိုင်ငံကိုယ်စားပြု အလှမယ်များအဖြစ် ၂၀၁၄ ခုနှစ်က အလှမယ် ဝိုင်းလေး၊ ၂၀၁၅ ခုနှစ်က အလှမယ် ခင်ရတနာသိန်းမြင့်၊ ၂၀၁၆ ခုနှစ်က အလှမယ် မြတ်သီရိလွင် (Bella)၊ ၂၀၁၇ ခုနှစ်က အလှမယ် အိကျော့ခိုင်၊ ၂၀၁၈ ခုနှစ်က အလှမယ် ဟန်တီ၊ ၂၀၁၉ ခုနှစ်က အလှမယ် ခေတ်လင်းလက်ယွန်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးကြောင်း သိရသည်။ ASH

# Lifetime Honorary Patron of Young Men's Buddhist Association (YMBA) Agga Maha Mingala Dhamma Jotikadhaja Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets members of YMBA (Central)

## Protection of race, language and religion is national cause, and when it comes to national cause, every citizen has the responsibility


Senior General Min Aung Hlaing gives guidance in meeting with YMBA (Central) members.

**Nay Pyi Taw February 17**

Lifetime Honorary Patron of Young Men's Buddhist Association (YMBA) Agga Maha Mingala Dhamma Jotikadhaja Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met members of YMBA (Central) at their office in the precinct of Shwedagon Pagoda, Dagon, Township, Yangon Region this morning.

Present together with the Senior General were Joint SAC Secretary Lt-Gen Ye Win Oo, SAC member Lt-Gen Nyo Saw, union ministers, the Yangon Region chief minister, senior military officers from Office of Commander-in-Chief, the Yangon Command commander, and YMBA Chair U Ye Tun and patrons, the vice chair and members.

First, the Senior General was warmly welcomed by the YMBA chair, patrons, the vice chair and members.

At the parlour of the office, the YMBA chair reported on Abhidhamma and culture courses, and language courses conducted by YMBA on a national scale, involvement of YMBA members in public welfare undertakings, formation of teams for natural disaster relief and rescue, a new HQ building project, and the new building's interior plan including an exhibition room on YMBA's history.

The Senior General said the new HQ must be built systematically, and since its establishment, **the promotion of race, language, religion, knowledge,** has been a YMBA goal. **Protection of race, language and religion is the national cause, and when it comes to the national cause, every citizen has the responsibility.** SAC is also serving the national cause, and YMBA is serving the national cause through race, language, religion, and knowledge promotion. YMBA must try to set up a good human society by teaching youths politeness and develop the country by strengthening the power of national spirit. **YMBA should steer youths to embrace better basic principles, the spirit of protecting and preserving the race, language, religion and knowledge, a correct attitude towards the country and citizens, and the correct path.**

Sadly, youths are involved in terrorism under the internal and external instigations to ruin the country and the influences of political extremists. The valuable new generation of the country are absent from nation-building endeavours, while committing destructive acts on the wrong path. It's an alarming situation for the nation's future. Those youths should be steered back towards the correct path.

The country must produce valuable human resources in developing the five strengths of youths. SAC adopted a social objective to promote the youth sector by nurturing youth members to have the five strengths and to lead the nation's development undertakings. YMBA's goal also includes the production of versatile, physically strong, knowledgeable youths. So, both have the same objective for the betterment of the country. **YMBA must work with a broader vision like its founders and leaders of the successive periods did.** YMBA should play a role in bringing out required human resources for the country.

YMBA must be an organization that can take the leading role in the national cause and should be free from politics in doing so. Instigators of terrorism and destructive media are against the national cause as they are trying to ruin the country's future. All the citizens including nationalities can enjoy equal rights, but ethnic armed conflicts broke out as a result of insincere actions.

Every citizen has a duty to defend the country and the Tatmadaw will never allow anyone to undermine "Our Three Main National Causes." Ways and means must be sought to inspire the union spirit and patriotism in every citizen. In taking measures for the stability of the country, all the people must have fine physical and mental convictions. Only when measures are taken out of the spirit of fine convictions for the country and the people, will physical conditions improve.

At present, the People's Military Service Law has been enforced with the aim of safeguarding "Our Three Main National Causes" as a national duty. It is necessary for the YMBA to carry out tasks to improve five strengths by taking the concept into consideration. Since its formation, the YMBA has been a national organization that is based on social affairs in the interests of the country rather than on religion and has been carrying out nation building tasks through physical, intellectual and mental strengths. As every citizen has a duty to defend the country, the People's Military Service Law has been promulgated for a long time. An appropriate number of people within the designated age limits will be assigned duties within the limited periods and measures will be taken not to put burden on the country and the people. However, there are instigations founded on baseless fake news and opinions without studying the law. YMBA branches in respective regions themselves are required to understand the law and to take measures to enable the public to have the right understanding about the law.

By serving people's military service or national military service, citizens will nurture the spirit of serving the interests of the country through fine practices of team spirit and team work in themselves. The spirit of defending one's country is a noble spirit. Nowadays, there are many war veterans who volunteer themselves to serve in the military while there are many civilians who express the desire to do so.


Senior General Min Aung Hlaing hears report on activities of YMBA.

*See Page 13*

# Myanmar plans to export only parboiled rice, broken rice, rice powder, rice noodle in 2024-25 FY


Bags of rice being loaded onto a ship at Yangon international port.

**Yangon February 17**

President of Myanmar Rice Federation U Ye Min Aung said that a plan is underway to export parboiled rice and broken rice will be primarily exported to trade partner countries in 2024-25 financial year in addition to rice value-added products such as rice powder and rice noodle.

Myanmar produces rice weighing between 12 million and 14 million tons per year. Of them, local people consume some 10 million tons per year. So, some 3 million tons of rice can be exported. As such, arrangements are being made to export value-added rice products rather than increased volume of rice so as to raise incomes.

"We are preparing extension of more export items. Rather than rice, rice products such as rice powder and rice noodle in addition to bran oil will be exported. In this regard, bran oil will be sold at home and abroad. Byproducts from bran oil such as expeller cakes will be sold at domestic market. Hence, export product diversification will be implemented in coming year. So, we will produce rice power as well as feedstuffs in coming year," said the president.

A plan has been set to export rice under limit and increase export of parboiled rice and broken rice to trade partners. Starting from February and March this financial year, the plan will be submitted to relevant ministries for seeking approval of the future schedules.

In 2023-24 financial year, export volume of rice declined to 500,000 tons but its incomes did not decline. In the previous financial year, although export volume of rice was increased, its income reached some US$60 million. This financial year, high price of rice in the global market allowed incomes of Myanmar as some US$100 million. ASH

# Vocational Courses conducted for people to establish small-scale businesses

**Mandalay February 17**

Mandalay Region Small-Scale Industries Department stated that it has conducted vocational courses 53 times this financial year for local people to be able to set up small-scale businesses in the region.

The course aims to support local youths and rural people to have job opportunities. This financial year, the courses are being conducted 53 times against the target of 47 times starting from June last year. The department will continue more courses till the end of this financial year, he added.

"The department conducts the courses whereas it cooperates with partner departments in opening the courses. This year, we made efforts to conduct the courses exceeding the target. But, genres of courses and durations are so different. We see the trainees who completed the courses operate manageable scale businesses. The course aims to cover people from both urban and rural areas. Primarily, it shares techniques to rural people for operating the businesses. It will help rural people increase incomes of families," he explained.

The vocational courses comprises manufacturing personal goods and cosmetics, value-added foodstuffs, electric welding, basic motorcycle maintenance, household wiring, electric motorized sewing, basic sewing, electric wiring, electronic weaving and traditional weaving for 53 times. Trainees have practical and theoretical courses. 185


A women's tailoring course being conducted.

# Yinmabin District aims to plant over 3,000 acres of summer sesame with GAP methods

**Yinmabin February 17**

Yinmabin District in Sagaing Region has set a target of planting 3,673 acres of summer sesame during the 2023-2024 spring crop planting season, according to the District Department of Agriculture.

The department's head, Daw Myat Moe Win, said they will work to ensure good yield and quality by using GAP (Good Agricultural Practices) methods. GAP crops have higher market value and can be exported to foreign markets, which can improve the socio-economic lives of the farmers.

The allocation for summer sesame planting by the respective townships in the district is 2,079 acres in Yinmabin Township, 803 acres in Salingyi Township, and 791 acres in Pele Township. The department has been providing knowledge and guidance to the farmers on how to grow pure varieties and increase productivity.

The district also planted 77,980 acres of winter sesame during the 2023-2024 winter crop planting season, which lasted from October 2023 to December. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

*From Page 12*

The YMBA is required to instill the spirit of serving the defence duties of the country in youths. As the YMBA is one of the important social organizations in serving the interests of the country, it is required to carry out tasks to protect the race, religion, Sasana and wisdom with all seriousness and to take other necessary measures systematically.

Then, union ministers and officials reported to the Senior General on measures to enable the public to get true news and to ward off worries with the correct understanding about the People's Military Service Law to defend the country, to ensure the security of the public health sector and to enhance the role of youths who are future of the country and pointed out the need for the YMBA to participate in the efforts of government officials to instill union spirit and national solidarity spirit in the citizens.

After hearing the reports, the Senior General made concluding remarks, saying elders are required to use their experience and wisdom as pushes and pulls in shaping a family or a country into a better and safe one while youths are required to follow the guidance of elders through their youthful strength. As it is members of a family or citizens of a country who are responsible for improving the conditions of a family or a country, tasks to inspire love for the family or the country in citizens must be carried out as a national duty. The government has been working at multiple fronts to nurture well-organized united strength for nation building. In conclusion, the Senior General urged the YMBA to exert utmost efforts to protect the race, religion, Sasana and wisdom and to strengthen national solidarity.

Then, the Senior General accepted the Dhamma gift presented by Chairman U Ye Tun and members of the YMBA.

Afterward, the Senior General cordially greeted the chairman and members of the YMBA and members of teams founded by the YMBA for prevention of natural disasters. 100

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အမေရိကန်နိုင်ငံက အင်အားကြီးနိုင်ငံများကြား ပဋိပက္ခဖြစ်ပွားပါက Switchblade 600 Kamikaze ဒရုန်းကို အသုံးပြုရန်သုံးသပ်နေ



အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနသည် Replicator ဒရုန်းစနစ်အစီအစဉ်အတွက် ကနဦးလုပ်ဆောင်မှုအနေဖြင့် Switchblade 600 Kamikaze ဒရုန်းကို အုပ်ဖွဲ့ပျံသန်း တိုက်ပွဲဝင်အသုံးပြုနိုင်ရန် သုံးသပ်နေကြောင်း The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အကယ်၍ သုံးသပ်ထားသည့်အတိုင်း ရွေးချယ်မည်ဆိုပါက ပင်တဂွန်စစ်ဌာနချုပ်၏ အခြေအနေတင်းမာမှုများကြား တန်ပြန်လုပ်ဆောင်နိုင်ရန် AeroVironment ကုမ္ပဏီထုတ် Switchblade 600 Kamikaze ဒရုန်းစနစ်ကိုအမြောက်အမြားနှင့် အလျင်အမြန် ထုတ်လုပ်ဖြည့်ဆည်းသွားလိမ့်မည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှလာသော သတင်းရင်းမြစ်များကို ကိုးကား၍ The Defense Scoop သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

အဆိုပါသတင်းသည် ပဏာမခြေလှမ်းအတွက် ထည့်သွင်းစဉ်းစားနေသည့် ပထမဆုံး Kamikaze ဒရုန်းစနစ်ဖြစ်ပြီး ၎င်းအတွက် စွမ်းဆောင်ရည်များအချို့ကို ရွေးချယ်သတ်မှတ်ထားပြီးဖြစ်သည်။

လက်ထောက်ကာကွယ်ရေးဝန်ကြီး Kathleen Hicks က ဥပဒေကြမ်းကို ဖြည့်ဆည်းပေးနိုင်မည့် သီးခြားပလက်ဖောင်းများအတွက် ဝယ်ယူမှုမဟာဗျူဟာများကို ပြင်ဆင်ရေးဆွဲလျက်ရှိသည်ဟု ဆိုလျက် ဒရုန်း၏စွမ်းဆောင်ရည်များနှင့် ပတ်သက်၍ အသေးစိတ်ဖော်ပြခဲ့ခြင်းမရှိပေ။

“၂၀၂၃ ခုနှစ် ဒီဇင်ဘာလမှာ ဒုတိယကာကွယ်ရေးဝန်ကြီးက စွမ်းဆောင်ရည်နယ်ပယ်တွေကို ရွေးချယ်သတ်မှတ်ပေးတယ်။ အဲဒီစွမ်းရည်လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့အတွက် တိကျတဲ့စနစ်တွေနဲ့ ဆက်စပ်တဲ့ဝယ်ယူမှု မဟာဗျူဟာတွေကို စစ်ဘက်ဌာနတွေကနေ ဖော်ထုတ်တင်ပြခဲ့ပါတယ်”ဟု ပင်တဂွန် ပြောရေးဆိုခွင့်ရှိသူ အဲရစ်ပါဟွန်၏ ပြောကြားချက်ကို ကိုးကား၍ The Defense Scoop သတင်းဌာနက ဖော်ပြခဲ့သည်။

“ကျွန်တော်တို့အနေနဲ့ ဘဏ္ဍာရေးအသုံးစရိတ်နဲ့ အစီအစဉ်ပြန်လည်ရေးဆွဲသွားဖို့ လွှတ်တော်ကို တောင်းဆိုထားပါတယ်။ Replicator ဒရုန်းအုပ်အတွက် စွမ်းဆောင်ရည်ပိုင်းကော၊ အချိန်ကာလအပိုင်းပါ အရှိန်မြှင့်လုပ်ဆောင်သွားနိုင်မယ်လို့ ထင်ပါတယ်။ ဒီအချိန်မှာ အစီအစဉ် ပြန်လည်ရေးဆွဲနေတဲ့အပေါ်ကိုတော့ တိတိကျကျ မပြောပြနိုင်သေးပါဘူး”ဟု အဲရစ်ပါဟွန်က ထည့်သွင်းပြောကြားသည်။

အလေးချိန် ၁၅ ကီလိုဂရမ်သာရှိသော Switchblade 600 Kamikaze ဒရုန်းတွင် တင့်ကားများအပါအဝင် အခိုင်အမာပစ်မှတ်များကို ဖယ်ရှားချေမှုန်းရန်အတွက် တိကျသော အာရုံခံစနစ်နှင့် သံချပ်ကာဖျက် ထိပ်ဖူးတစ်ခုပါရှိသည်။ လေထဲတွင် တစ်ဆက်တစ်စပ်တည်း နာရီ ၄၀ ကြာ ပျံသန်းနိုင်စွမ်းရှိပြီး အကွာအဝေး ကီလိုမီတာ ၄၀ (၂၅ မိုင်)ထိ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိသည်။ Kamikaze ဒရုန်းများကို Loitering Munitions တိုက်ခိုက်ရေးဒရုန်းများဟုလည်း တွင်တွင်ကျယ်ကျယ် သုံးနှုန်းလျက်ရှိသည်။ အဆိုပါ Loitering Munitions တိုက်ခိုက်ရေးဒရုန်းများသည် အမေရိကန်၏ပြိုင်ဘက်နိုင်ငံများတွင် ကြီးထွားလာနေသော စစ်ရေးစွမ်းရည်ကို တန်ပြန်ရန်အတွက် မောင်းသူမဲ့စနစ်များ ထောင်ပေါင်းများစွာ ဖြန့်ကြက်စစ်ဆင်ခြင်းသဘောတရားအရ စစ်နည်းဗျူဟာကျကျ ကျင့်သုံးဖော်ဆောင်နေသည့် ပဏာမခြေလှမ်းအတွက် ထည့်သွင်းစီစဉ်ထားသည့် စွမ်းအားစုတစ်ခုလည်းဖြစ်သည်။

“Kamikaze ဒရုန်းတစ်ခုတည်းနဲ့ စဉ်းစားနေတာဟာ မှန်ကန်တယ်လို့ မထင်ဘူး။ Kamikaze တွေကို အုပ်ချုပ်ထောက်ပံ့ရေး၊ ကွပ်ကဲထိန်းချုပ်ရေး၊ စောင့်ကြည့်ထောက်လှမ်းရေးစတဲ့ နောက်ထပ်နယ်ပယ်စုံမှာ စွမ်းအားစုအနေနဲ့ သုံးမယ်ဆိုရင် အရွေ့စွမ်းအင်ဘက်အခြမ်း တစ်နည်းပြောရရင် တိုက်ခိုက်မှုနောက်ပိုင်း ဒီထက်ပိုပြီး စဉ်းစားထားသင့်တယ်လို့ထင်ပါတယ်”ဟု အဲရစ်ပါဟွန်က မှတ်ချက်ပြုထားသည်။

**US Considering Switchblade Drone Swarms for Counter-China Initiative ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းက ရုရှားကမ်းတက်သင်္ဘော Cesar Kunikov ကို မောင်းသူမဲ့ရေယာဉ်အသုံးပြုတိုက်ခိုက်ခဲ့

ယူကရိန်းတပ်ဖွဲ့များသည် ရုရှားနိုင်ငံရေတပ်မှ ကမ်းတက်သင်္ဘော Cesar Kunikov ကို MAGURA V5 မောင်းသူမဲ့ရေယာဉ်အသုံးပြု၍ တိုက်ခိုက်ခဲ့ကြောင်း ဖေဖော်ဝါရီ ၁၄ ရက်တွင် ရုရှားဘာသာစကားဖြင့် ထုတ်လွှင့်လျက်ရှိသော အမေရိကန်ရုပ်သံဌာန (Golosameriki) မှ သိရသည်။

ယခုဖြစ်စဉ်နှင့်ပတ်သက်ပြီး ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနက တစ်စုံတစ်ရာ မှတ်ချက်ပေးထားခြင်းမျိုးမရှိဘဲ ကရိုင်းမီးယားတောင်ပိုင်း ကမ်းရိုးတန်းရှိ Katsiveli အခြေချနေထိုင်ရာအနီးတွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ အသေးစိတ်အချက်အလက်များကို ယူကရိန်းစစ်ဘက်ထောက်လှမ်းရေးသတင်းရင်းမြစ်တစ်ခုဖြစ်သည့် Ukrainska Pravda သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

MAGURA V5 မောင်းသူမဲ့ရေယာဉ် အသုံးပြု၍ ထောက်လှမ်းခြင်း၊ စောင့်ကြည့်ထောက်လှမ်းခြင်း၊ ကင်းလှည့်ခြင်း၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေး၊ မိုင်းတန်ပြန်ဆောင်ရွက်မှုများ၊ ပင်လယ်ပြင် ရေကြောင်းလုံခြုံရေးနှင့် တိုက်ခိုက်ရေးမစ်ရှင်များ အပါအဝင် စစ်ဆင်ရေးအမျိုးမျိုးအတွက် အသုံးပြုနိုင်ရန် ဒီဇိုင်းထုတ်ထားကြောင်း သိရသည်။

၎င်းမောင်းသူမဲ့ရေယာဉ် ထုတ်လုပ်နေမှုကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ယူကရိန်းအစိုးရက ကြေညာခဲ့ပြီး ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ နိုင်ငံတကာ ကာကွယ်ရေးစက်မှုလုပ်ငန်းပြပွဲ (IDEF) တွင် ပထမဆုံးထုတ်ဖော်ပြသခဲ့သည်။ သတင်းများအရ ပြပွဲတွင် ထုတ်ဖော်ပြသခဲ့သည့် MAGURA V5 မောင်းသူမဲ့ရေယာဉ်သည် ပုံစံတူမော်ဒယ်လ် အမျိုးအစားမဟုတ်ဘဲ အမှန်တကယ် စစ်ဆင်ရေးတာဝန်ထမ်းဆောင်နိုင်သော မောင်းသူမဲ့ရေယာဉ်ကို ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

အလျား ၅ ဒသမ ၅ မီတာနှင့် စုစုပေါင်းအလေးချိန် ကီလိုဂရမ် ၁၀၀၀ အောက်ရှိသော MAGURA V5 မောင်းသူမဲ့ရေယာဉ်သည် လက်နက်ခဲယမ်း Payload ကီလိုဂရမ် ၂၀၀ အပါအဝင် Payload အလေးချိန်စုစုပေါင်း ကီလိုဂရမ် ၃၂၀ ထိ သယ်ဆောင်စစ်ဆင်နိုင်စွမ်းရှိသည်။ ၎င်းသည် အကွာအဝေး ကီလိုမီတာ ၄၀၀ နှင့် အများဆုံးခရီးအကွာအဝေး ကီလိုမီတာ ၈၀၀ ထိနာရီပေါင်း ၆၀ ကြာ အလိုအလျောက်ခုတ်မောင်းစစ်ဆင်နိုင်စွမ်းရှိမည်ဖြစ်သည်။ မောင်းသူမဲ့ရေယာဉ်သည် ပုံမှန် အမြန်နှုန်း 41 km/h နှင့် အမြင့်ဆုံးအမြန်နှုန်း 78 km/h ဖြင့် ခုတ်မောင်းနိုင်ပြီး အဆင့်မြင့်လမ်းညွှန်စနစ်များ အပါအဝင် 256-bit Encryption ကုဒ်ဝှက်စနစ်ဖြင့် လုံခြုံစွာချိတ်ဆက်ဆောင်ရွက်နိုင်စွမ်းရှိသည်။



အဆိုပါ MAGURA V5 မောင်းသူမဲ့ရေယာဉ်၏ စနစ်တစ်ခုလုံး ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၂၇၃၀၀၀ ခန့်ဖြစ်ပြီး မောင်းသူမဲ့ရေယာဉ်၊ မြေပြင်အခြေစိုက်ထိန်းချုပ်ရေးစခန်း၊ သယ်ယူပို့ဆောင်ရေး၊ သိုလှောင်မှုစနစ်နှင့် ဒေတာစင်တာတို့ ပါဝင်သည်။

ရုရှား-ယူကရိန်းပဋိပက္ခတွင် ယူကရိန်းဘက်က MAGURA V5 ကို အသုံးပြု၍ ၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်း ကရိုင်းမီးယား Chornomorske ဒေသရှိ ရုရှားရေတပ်အခြေစိုက်စခန်းမှ ကမ်းတက်ရေယာဉ် နှစ်စီး၊ ၂၀၂၄ ခုနှစ် အစောပိုင်းတွင် ရုရှား Tarantul-III အတန်းအစားဒုံးကျည်တင် Ivanovet ကော်ဗက်စစ်ရေယာဉ် တစ်စီးတို့ကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း နိုင်ငံတကာ သတင်းများအရ သိရသည်။

**Ukraine strikes Russian landing ship Cesar Kunikov challenging claims of Russian control over Black Sea ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကောလင်းခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးဧက ၄၂၄၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကောလင်း ဖေဖော်ဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် နွေသီးနှံ စိုက်ပျိုးရာသီ၌ စပါးဧက ၄၂၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၆၃၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇန်နဝါရီလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စပါးဧက ၄၂၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကောလင်းခရိုင်မှာ စပါးဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ စပါးဧက ၄၂၄၀ စိုက်ပျိုးပြီးပါပြီ။ နွေစပါးစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး လျာထားချက်ဧက ပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် ယခုနှစ် မြို့နယ်အလိုက် နွေစပါးစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၃၈၁၅ ဧကနှင့် ဝန်းသိုမြို့နယ်တွင် ၄၂၅ ဧက စုစုပေါင်း ဧက ၄၂၄၀ ဖြစ်ကြောင်း၊ မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၅၂၆၉ ဧက၊ ဝန်းသိုမြို့နယ်တွင် ၁၀၂၀ ဧကနှင့် ပင်လည်ဘူးမြို့နယ်တွင် ၁၀ ဧက စုစုပေါင်းဧက ၆၃၀၀ ဖြစ်ကြောင်း သိရသည်။

ကောလင်းခရိုင်တွင် စပါးစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲတတ်စေရန်၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် ပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ကောလင်းခရိုင်တွင် စိုက်ပျိုးထားသော စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနှိုး ပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ ပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# တာချီလိတ်မြို့နယ် ဟိုနား(အာခါ)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**တာချီလိတ် ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုနား(အာခါ)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုကို ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှဲ့လှဲ့သင်းနှင့် တာဝန်ရှိသူများက ဟိုနား(အာခါ)ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကွန်ကရစ်လမ်းကို ရေရှည်အသုံးပြုနိုင်စေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းကြရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များကို မှာကြားသည်။



တာချီလိတ်မြို့နယ် ဟိုနား (အာခါ)ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းသည် အရှည်ပေ ၆၇၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၁ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇန်နဝါရီလပထမပတ်ကစတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**

# ပုဗ္ဗသီရိမြို့နယ် ရွာတော်(တ+မ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာတော်ကျေးရွာအုပ်စု ရွာတော်(တ+မ) ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၉ ဒသမ ၈ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရွာတော်(တ+မ)ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၄ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၄၉ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၃၁၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၉ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နော်လူး**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၇-၂-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၄၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၆၉၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၈၀၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၉၂၅ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ရန်ကုန်မြို့တွင်းနှင့် ဒလမြို့တို့ကို ဆက်သွယ်တည်ဆောက်နေသည့် မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)မြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်းများကို ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြို့တော်ဝန် ဦးဗိုလ်ဌေး၊တိုင်းဒေသကြီးဝန်ကြီးများ၊ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန်မြို့တွင်းနှင့် ဒလမြို့တို့ကို ဆက်သွယ်သည့် မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ) မြစ်ကူးတံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရန်ကုန်ဘက်ခြမ်းရှိ စီမံကိန်းလုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ရောက်ရှိရာ ကိုရီးယားသမ္မတနိုင်ငံ မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)မြစ်ကူးတံတားတည်ဆောက်ရေးစီမံကိန်းမှ Consultant Engineer Mr. Bae က စီမံကိန်းဆောင်ရွက်ပြီးစီးမှုနှင့်ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ လုပ်ငန်းဦးစားပေးအလိုက် ရည်မှန်းချက်ထားဆောင်ရွက်နေသည့် အခြေအနေများကို PowerPoint ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက်စီမံကိန်းကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုက ရှင်းလင်းတင်ပြပြီး တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေက ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ဆောင်ရွက်ပေးပြီး တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီရေး၊ စီမံကိန်းတွင် တည်ဆောက်ရေးပစ္စည်းများ မှန်ကန်စွာအသုံးပြုရေး၊ လုပ်သားများကျွမ်းကျင်မှုရှိစေရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ဌာနမှ တာဝန်ရှိသူများ၊ စီမံကိန်းဆိုင်ရာအကြံပေးအဖွဲ့များ၊ စီမံကိန်းလုပ်ငန်းများ အချိန်မီအောင်မြင်စွာပြီးစီးရေး ဦးစားပေးလုပ်ငန်းအလိုက် ပေါင်းစပ်ညှိနှိုင်း၍ဆောင်ရွက်ရန်မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်ဘက်ခြမ်းချဉ်းကပ်တံတားဆောင်ရွက်ပြီးစီးမှု၊ ဆင်ခြေလျှောတံတားဆောင်ရွက်ပြီးစီးမှု၊ ရေလယ်တိုင်လုပ်ငန်းများ ဆောင်ရွက်နေသည့်အခြေအနေကိုကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒလဘက်ခြမ်းသို့ ရေယာဉ်ဖြင့်သွားရောက်၍ Toll Plaza ဆောက်လုပ်မည့်နေရာ၊ ချဉ်းကပ်တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း ရေကြောင်းသွားလာသည့်သင်္ဘောများအန္တရာယ်ကင်းရှင်းရေးအတွက် သတိပေးအချက်ပြများ၊ အမှတ်အသားများ ဆောင်ရွက်ထားရန် မှာကြားသည်။

မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတားကြီးကို နိုင်ငံတကာတံတားသတ်မှတ်ချက် စံချိန်စံညွှန်းများနှင့်အညီတည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး တံတားပုံစံထုတ်လုပ်ရာ၌ ရန်ကုန်မြို့တွင်းသို့ ဝင်ထွက်သွားလာမည့် တန်ချိန် ၁၅၀၀၀ ရှိသည့် ပင်လယ်ကူးသင်္ဘောကြီးများဖြတ်သန်းနိုင်ရေးအတွက် ပင်မတံတားရေလမ်းကင်းလွတ်အမြင့်ကို ၄၉ မီတာထားရှိခဲ့ရသဖြင့် ဆင်ခြေလျှောတံတား (Ramp Bridges)များကို အတက်၊အဆင်း (Gradient)ပြေပြစ်စေရေးနှင့် ကမ်းနားလမ်းဈေးဆိုင်ခန်းများ၊အဆောက်အအုံများဖယ်ရှားမှု အနည်းဆုံးဖြစ်စေရေးအတွက် ချဉ်းကပ်တံတားနှင့် ဆင်ခြေလျှောတံတားအရှည်တို့ကို တွက်ချက်ဆောင်ရွက်ခဲ့သည်။

မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ) တံတားသည် မြန်မာနိုင်ငံတွင်တည်ဆောက်ပြီး တံတားများအနက် ရေလမ်းကင်းလွတ်အမြင့်အများဆုံးဖြစ်ပြီး တံတားကြမ်းခင်းအမြင့်ဆုံးတံတားတစ်စင်းဖြစ်၍ မော်တော်ယာဉ်များ ဖြတ်သန်းမောင်းနှင်ရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ပင်မတံတားနှင့် ချဉ်းကပ်တံတားတို့တွင် တစ်နာရီ ကီလိုမီတာ ၅၀ နှုန်းနှင့်ဆင်ခြေလျှောတံတားများတွင် တစ်နာရီ ကီလိုမီတာ ၃၀ နှုန်းတို့ဖြင့်မောင်းနှင်နိုင်ရန် ဒီဇိုင်းပုံစံထုတ်၍ တည်ဆောက်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ကြီးတံခွန်မြို့နယ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကြည့်ရှုအားပေး

**မန္တလေး ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ(အလက-၂၀)သို့သွားရောက်ပြီး ကျောင်းဝင်းအတွင်း ချုံနွယ်၊ ပေါင်းမြက်များ၊သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းနေမှု၊ သစ်ပင်ကြီးများအား အလင်းဖွင့်ခြင်းဆောင်ရွက်နေမှု၊ ရေစီးရေလာကောင်းမွန်စေရေး အမှိုက်သရိုက်မြောင်းစာများဆယ်ယူရှင်းလင်းနေမှုများကို တပ်မတော်သားများ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊စေတနာ့ဝန်ထမ်းများ၊ဒေသခံပြည်သူများနှင့် စက်ယန္တရားတို့ဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကိုကြည့်ရှုအားပေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းမြို့နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းကြီးကျောင်းများ၊ ဆေးရုံများ၊ အခြေခံပညာစာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သန့်ရှင်းသာယာလှပရေးတို့အတွက် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **မျိုးကျော်**



☆ **ကျောဖုံးမှအဆက်**

ဦးစွာ သက်ဆိုင်ရာမြို့နယ်များမှ ဒေသခံတိုင်းရင်းသားမျိုးချစ်ပြည်သူများက သတ်မှတ်နေရာအသီးသီး၌ စုဝေးကြပြီး ကျင်းပမည့်နေရာအသီးသီးသို့ ချီတက်ထောက်ခံကြသည်။ ချီတက်ရာလမ်းတစ်လျှောက်တွင် ဒေသခံမျိုးချစ်ပြည်သူများက "ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့်နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို အပြည့်အဝ ထောက်ခံကြိုဆိုပါသည်၊ နိုင်ငံတော်ကို ကာကွယ်ဖို့ တစ်မျိုးသားလုံး စစ်မှုထမ်းဆောင်ကြပါစို့၊ နိုင်ငံတော်ကို ပြည်တွင်း၊ ပြည်ပအန္တရာယ်များက ကာကွယ်ဖို့ စစ်မှုထမ်းဆောင်ကြပါစို့၊ နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့်နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်"စသည့် ကြွေးကြော်သံများကို သံပြိုင်ကြွေးကြော်ခဲ့ကြပြီး သတ်မှတ်နေရာအသီးသီးတွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို ကြိုဆိုထောက်ခံပါသည်ဟုတစ်ခဲနက်ဆန္ဒထုတ်ဖော်ဟောပြောခဲ့ပြီး ကြိုဆိုထောက်ခံပွဲကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြကြောင်း သတင်းရရှိသည်။



ကချင်ပြည်နယ် မိုးညှင်းမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေကို ကြိုဆိုထောက်ခံပွဲပြုလုပ်စဉ်။



ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဥဿာမြို့သစ်(၅)ရပ်ကွက်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို ကြိုဆိုထောက်ခံပွဲပြုလုပ်စဉ်။

# ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာ တောင်သူပိုင်စိုက်ပျိုးမြေ ခြောက်ဧကပေါ်တွင် ဆောင်ရွက်ထားရှိသည့် သီးနှံစုံအကန့်လိုက်စိုက်ပျိုးနည်းစနစ် တောင်သူပညာပေးသရုပ်ပြစိုက်ခင်း ကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာ တောင်သူပိုင်စိုက်ပျိုးမြေခြောက်ဧကပေါ်တွင် ဆောင်ရွက်ထားရှိသည့် သီးနှံစုံအကန့်လိုက်စိုက်ပျိုးနည်း (Strip Cropping)စနစ် တောင်သူပညာပေးသရုပ်ပြစိုက်ခင်းသို့ ကွင်းဆင်းစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သီးထပ်စွမ်းအားတိုးတက်စေရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိပြီး ရေရှည်တည်တံ့သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး၊ အဓိကသီးနှံမပေါ်မီ ကြားသီးနှံမှ အပိုဝင်ငွေရရှိရေးတို့အတွက် နည်းပညာပေးလုပ်ငန်းများအပါအဝင် ဘက်စုံကဏ္ဍစုံမှ အားပေးမြှင့်တင်ဆောင်ရွက်ပေးရန်နှင့် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပုဗ္ဗသီရိမြို့နယ် ကြံဖိုစုကျေးရွာအနီးရှိတည်ဆောက်ဆဲ လျှပ်စစ်ရေတင်လုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များကို ဆွေးနွေးမှာကြားပြီး ကြံဖိုကျေးရွာမှ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပံ့ပိုးကူညီဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနလေ့ကျင့်သင်ကြားရေးဆေးရုံတွင် ပြည်သူများ၏ တစ်ပိုင်တစ်နိုင် မွေးမြူရေးတိရစ္ဆာန်များ၊ အိမ်မွေးတိရစ္ဆာန်များကို ဆေးကုသပေးနေမှုကိုကြည့်ရှုပြီး တိရစ္ဆာန်ကူးစက်ရောဂါဆိုင်ရာအသိပညာပေးလုပ်ငန်းနှင့်မွေးမြူရေးဆိုင်ရာ နည်းပညာပေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၅၉)ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဗဟိုဘဏ်ဥက္ကဋ္ဌများညီလာခံ၊ အဆင့်မြင့်အရာရှိကြီးများဆွေးနွေးပွဲနှင့် (၄၃)ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

(၅၉)ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဗဟိုဘဏ်ဥက္ကဋ္ဌများညီလာခံ၊ အဆင့်မြင့်အရာရှိကြီးများဆွေးနွေးပွဲ (59th SEACEN Governors' Conference/High Level Seminar) နှင့် (၄၃)ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေးကို ဖေဖော်ဝါရီ ၁၅ ရက်နှင့် ၁၆ရက်တို့တွင် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင်ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။



မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၁၅ ရက်တွင် (၅၉)ကြိမ်မြောက် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ ဗဟိုဘဏ်ဥက္ကဋ္ဌများညီလာခံ၊ အဆင့်မြင့်အရာရှိများ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

အဆိုပါညီလာခံကို"စီးပွားရေးလေဆန်ခရီးနှင့် ခေတ်မီနည်းပညာရပ်များနှင့် ငွေရေးကြေးရေးကဏ္ဍတွင် အားလုံးပါဝင်နိုင်ခြင်းတို့အပေါ် အမြင်နှင့်စိန်ခေါ်မှုများ" (Navigating Economic Headwinds and Advancing Financial Inclusion : Perspective and Challenges) ခေါင်းစဉ်ဖြင့်ကျင်းပခဲ့ပြီး အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ သုတေသနဌာန ဒုတိယညွှန်ကြားရေးမှူး Ms. Petya KoevaBrooks က ကမ္ဘာ့စီးပွားရေးနှင့် ထွန်းသစ်စဈေးကွက်နိုင်ငံများ၏ စီးပွားရေးအလားအလာအပေါ်သုံးသပ်ခြင်း (Insights on the Global and Emerging Markets Economic Outlook) ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Banque de France ဥက္ကဋ္ဌ Mr. Francois Villeroy de Galha က "ငွေဖောင်းပွမှုရည်မှန်းချက် ၂ ရာခိုင်နှုန်းရရှိရေးအတွက် ရှေ့ဆက်ရင်ဆိုင်ရမည့်စိန်ခေါ်မှုများ" (The Road to 2% Inflation Target, which challenges ahead?) ခေါင်းစဉ်တို့ဖြင့်လည်းကောင်း ဆွေးနွေးပြောကြားကြသည်။

အရှေ့တောင်အာရှဗဟိုဘဏ် ဥက္ကဋ္ဌများ၏ စကားဝိုင်းဆွေးနွေးပွဲများအနေဖြင့် ဆွေးနွေးပွဲအပိုင်း(၁)ကို ငွေဖောင်းပွမှုကိုဖြစ်ပေါ်စေသည့် အဓိကအကြောင်းအရာများနှင့် ငွေဖောင်းပွမှုနှုန်းဆိုင်ရာ ရည်မှန်းလျာထားချက်များရရှိစေရန် ဗဟိုဘဏ်နှင့် ငွေကြေးအာဏာပိုင်များမှ ဆောင်ရွက်ရာတွင် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ (The Drivers and Road to Achieving Inflation Targets-Challenges ahead)၊ စကားဝိုင်းဆွေးနွေးပွဲအပိုင်း(၂)ကို အတိုးနှုန်းများကိုကာလကြာရှည်စွာမြှင့်တင်ထားမှု၏ သက်ရောက်မှုများနှင့်စိန်ခေါ်မှုများ(Challenges and Implications of Higher for Longer Interest Rates)နှင့် စကားဝိုင်းဆွေးနွေးပွဲအပိုင်း(၃)ကို ငွေရေးကြေးရေးကဏ္ဍတွင် အားလုံးပါဝင်လာနိုင်ရေး ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံ၏ အခန်းကဏ္ဍ(No One Behind: The Role of Digital Public Infrastructure in Financial Inclusion) စသည့်ခေါင်းစဉ်များဖြင့်ကျင်းပခဲ့ပြီး တက်ရောက်လာကြသည့် ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် အဆင့်မြင့်အရာရှိကြီးများက တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ၎င်းတို့၏အတွေ့အကြုံနှင့် ဗဟုသုတများကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက်တွင် (၄၃)ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေးသို့တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ Dr. Mangal Goswami က ၂၀၂၃ ခုနှစ်အတွင်း SEACEN Centre ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ၂၀၂၄ ခုနှစ်တွင် SEACEN Centre က ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများ၊ ဗဟိုဘဏ်ဥက္ကဋ္ဌများက ဆုံးဖြတ်အတည်ပြုရမည့်ကိစ္စရပ်များကိုတင်ပြရာ ဗဟိုဘဏ်ဥက္ကဋ္ဌများက လိုအပ်သည်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ထို့ပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌသည် အိန္ဒိယနိုင်ငံဗဟိုဘဏ်ဥက္ကဋ္ဌနှင့် Bilateral Meeting ပြုလုပ်၍ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြားကုန်သွယ်မှုပြုလုပ်ရာတွင် အိန္ဒိယရူပီးနှင့် မြန်မာကျပ်တို့ တိုက်ရိုက်အသုံးပြုရေးနှင့် နှစ်နိုင်ငံအကြား ငွေပေးချေမှုဆိုင်ရာကိစ္စရပ်များ တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့မှလေကြောင်းခရီးဖြင့်ထွက်ခွာလာရာ ရန်ကုန်မြို့သို့ ယနေ့တွင် ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျိုက်ပိရှေ့သောင်ကွင်း ဒီရေတောကြိုးပြင်ကာကွယ်တောသတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ(င)အရအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် မွန်ပြည်နယ် ကျိုက်ထိုခရိုင် ကျိုက်ထိုမြို့နယ်အတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၂၂၇၅ ဧကရှိသောနယ်မြေကို **"ကျိုက်ပိရှေ့သောင်ကွင်း ဒီရေတောကြိုးပြင်ကာကွယ်တော"** အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၁၃/၂၀၂၄)အရ ၁၃၈၅ ခုနှစ် တပို့တွဲလဆန်း ၆ ရက် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောသစ်မျိုးများနှင့် ဒီရေတောဂေဟစနစ်ကို ထိန်းသိမ်းကာကွယ်ရန်၊ သဘာဝဒီရေတောများ ပျက်စီးပြုန်းတီးခြင်းမှကာကွယ်ရန်၊ သား၊ ငါး၊ ပုစွန်စသော ရေသယံဇာတများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရန်၊ ရေပျော်ငှက်များ နေထိုင်ကျက်စားရန်နှင့် ပင်လယ်ပြင်မှဖြစ်ပေါ်လာနိုင်သော လှိုင်းဒဏ်၊ လေမုန်တိုင်းဒဏ်ခံစားရမှုများကို သဘာဝတံတိုင်းကြီးများသဖွယ် ကာကွယ်ရန်ရည်ရွယ်၍ ဒီရေတောကြိုးဝိုင်းကြိုးပြင်ကာကွယ်တောအဖြစ် ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ကျိုက်ပိရှေ့သောင်ကွင်း ဒီရေတောကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်၊ ရာသီဥတုနှင့်ဒေသအတွက်အကျိုးပြုသော ဒီရေတောများဖြစ်ထွန်းလာမည်ဖြစ်ခြင်း၊ ပင်လယ်လှိုင်း၊ ဒီရေနှင့်လေမုန်တိုင်းစသည့် သဘာဝဘေးအန္တရာယ်များကို ကာကွယ်ပေးနိုင်ခြင်း၊ ကမ်းပြိုတိုက်စားမှုလျော့နည်းလာပြီး လယ်ယာမြေများအတွင်း ဆားငန်ရေဝင်ရောက်မှုကို ကာကွယ်ပေးနိုင်ခြင်း၊ သား၊ ငါး၊ ပုစွန်စသည့် ရေနေသတ္တဝါများ ရှင်သန်ပေါက်ဖွားရာ အဏ္ဏဝါဂေဟစနစ် ပိုမိုကောင်းမွန်လာစေခြင်းနှင့် ဆောင်းခိုငှက်၊ ရေပျော်ငှက်များနေထိုင်ကျက်စားလာခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။



**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**



ခြသေ့်ကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒကုမာရထံ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်း နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းစဉ်။

# မုဒုံမြို့နယ် ကမာဝက်မြို့ရှိ ခြသေ့်ကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တစန္ဒကုမာရ ဂုဏ်ပြုပူဇော်ပွဲနှင့် သက်တော် ၆၆ နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

မွန်ပြည်နယ် မုဒုံမြို့နယ် ကမာဝက်မြို့ရှိ ခြသေ့်ကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တစန္ဒကုမာရ ဂုဏ်ပြုပူဇော်ပွဲနှင့်သက်တော် ၆၆နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်၌ ပြုလုပ်ရာ ဆရာတော်ဘဒ္ဒန္တစန္ဒကုမာရ အမှူးပြုသော သံဃာတော်များနှင့် သာသနာ့ဝန်ထမ်း သီလရှင်များ ကြွရောက်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် ပြည်နယ်ဝန်ကြီးများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ခြသေ့်ကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ခြသေ့်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော်ထံ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတနှင့် မင်္ဂလာဓမ္မဇောတိကဓဇ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များအား ထပ်ဆင့်ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ၊ မာရဝိဇယ ရုပ်ပွားတော်တစ်ဆူနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

# ဒက္ခိဏသီရိမြို့နယ် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ(နေပြည်တော်)ရှိ အဘိုးအဘွားများအတွက် အလှူငွေများ၊ တိုင်းရင်းဆေးဝါးများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း



နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင် အဘိုး၊အဘွားများ အတွက် အလှူငွေများ၊ တိုင်းရင်းဆေးဝါးများ နှင့်စားသောက်ဖွယ်ရာများ ပေးအပ် လှူဒါန်းစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ (နေပြည်တော်)ရှိ အဘိုး၊အဘွားများ အတွက် အလှူငွေများ၊ တိုင်းရင်းဆေးဝါးများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဘိုးဘွားရိပ်သာရှိ ဇဟိုအလုပ်အမှုဆောင်ကော်မတီရုံး၌ပြုလုပ်ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများ၊ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာမှ တာဝန်ရှိသူတစ်ဦးက စွန့်လွှတ်စွန့်စားသူတို့၏ ကွန်းခိုရာ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ(နေပြည်တော်)ရှိ အဘိုး၊အဘွားများကို ပြုစုစောင့်ရှောက်ပေးနေမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းမှူးက အဘိုး၊ အဘွားများအတွက် အလှူငွေများ၊ တိုင်းရင်းဆေးဝါးများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက အဘိုး၊အဘွားများ၏ ထမင်းစားဆောင်၊ အိပ်ဆောင်များ၊ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆေးရုံအတွင်းရှိ အာဟာရဌာနမှ လူနာများကို ကျွေးမွေးမည့် အာဟာရဖြည့် စားသောက်ဖွယ်ရာများအား ကြည့်ရှုစစ်ဆေးပြီး လူနာများစားသောက်နေမှုကို လိုက်လံကြည့်ရှုအားပေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤




အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

# တောင်ကြီးမြို့၊ ရပ်စောက်မြို့၊ ဟိုပုံးမြို့၊ ပင်လောင်းမြို့၊ နောင်တရားမြို့နှင့် ကလောမြို့တို့ရှိ PNO အသွင်ပြောင်း ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို လက်နက်တပ်ဆင်အပ်နှင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၊ ရပ်စောက်မြို့၊ ဟိုပုံးမြို့၊ ပင်လောင်းမြို့၊ နောင်တရားမြို့နှင့် ကလောမြို့တို့ရှိ PNO အသွင်ပြောင်း ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို လက်နက်တပ်ဆင်အပ်နှင်းခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုးနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အမှာစကားပြောကြားပြီး လက်နက်များတပ်ဆင်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒုတိယတိုင်းမှူးက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် လက်နက်များ တပ်ဆင်အပ်နှင်းပေးခဲ့သည်။ ယင်းနောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက တပ်ဆင်ပေးသည့် လက်နက်များကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။




အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုး PNO အသွင်ပြောင်း ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို လက်နက်တပ်ဆင်အပ်နှင်းပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် YMBA ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)မှ အဖွဲ့ဝင်များအားတွေ့ဆုံစဉ် တိုင်းပြည်၏အနာဂတ်ဖြစ်သည့် လူငယ်၊ လူရွယ်များနှင့်ပတ်သက်၍ နိုင်ငံတော်နှင့်နိုင်ငံ့အကြီးအကဲ၏မျှော်မှန်းချက်၊ ရည်မှန်းချက်များနှင့်ပတ်သက်ပြီးပြောကြားခဲ့မှု၊ ပြည်သူ့စစ်မှုထမ်းစနစ်နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ပြောကြားချက်

ဒီနေ့မှာတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီးမှာ YMBA အသင်းရဲ့ အလုပ်အမှုဆောင်အဖွဲ့နဲ့ တွေ့ဆုံခဲ့ပါတယ်။ တွေ့ဆုံခဲ့တဲ့နေရာမှာ ကျွန်တော်တို့လူငယ်တွေနဲ့ပတ်သက်ပြီး နိုင်ငံတော်အကြီးအကဲရဲ့ မျှော်မှန်းချက် ရည်မှန်းချက်၊ နိုင်ငံတော်ရဲ့မျှော်မှန်းချက် ရည်မှန်းချက်နဲ့ပတ်သက်ပြီးအသေးစိတ်ပြောပြခဲ့ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ဦးတည်ချက် လူမှုရေးဦးတည်ချက်တွေမှာ လူငယ်လူရွယ်များကိုဗလငါးတန်ဖြစ်တဲ့ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဗလတွေနဲ့ ပြည့်စုံတဲ့လူငယ်တွေ မွေးထုတ်ပေးနိုင်ဖို့ လေ့ကျင့်ပေးနိုင်ဖို့ ဦးတည်ချက်ပါတယ်ဆိုတာကို အသေးစိတ်ပြောပြခဲ့ပါတယ်။ လူငယ်တွေဟာ တိုင်းပြည်ရဲ့ အနာဂတ်ပါပဲ။ လူငယ်တိုင်းလူငယ်တိုင်းသည် တိုင်းပြည်ရဲ့အနာဂတ်ပဲဖြစ်ပါတယ်။ ယနေ့လူငယ်နောင်လူကြီးဆိုတဲ့စကားအတိုင်း တိုင်းပြည်ကိုတစ်ချိန်မှာ ကျွန်တော်တို့ရဲ့လူငယ်တွေက ဦးဆောင်သွားရမှာဖြစ်ပါတယ်။ ဒီလူငယ်တွေဟာလက်ရှိမြန်မာနိုင်ငံရဲ့အခြေအနေ ပထဝီနိုင်ငံရေးအခြေအနေတွေအရသည် လူငယ်တွေသည် နိုင်ငံချစ်စိတ်မျိုးချစ်စိတ်ပြည့်ဝနေဖို့ အရေးကြီးပါတယ်။ ဒီလိုနိုင်ငံချစ်စိတ် မျိုးချစ်စိတ်ပြည့်ဝနေတဲ့အပြင် ဒီလူငယ်တွေသည် နိုင်ငံတကာက လေးစားခံညားရတဲ့လူငယ်တွေ၊ စွမ်းအင်ရှိတဲ့လူငယ်တွေ ဖြစ်ဖို့လိုပါတယ်။ ဒီလိုဖြစ်ဖို့အတွက် ကျွန်တော်တို့အနေနဲ့ လူငယ်တွေကို မိမိနိုင်ငံကိုမိမိ ဘယ်လိုကာကွယ်စောင့်ရှောက်မလဲ၊ မိမိလူမျိုးကိုမိမိ ဘယ်လိုစောင့်ရှောက်မလဲဆိုတဲ့ အသိပညာများပေးဖို့ လိုအပ်ပါတယ်။ ဒီလို လိုအပ်တဲ့




အတွက်လည်း ပြည်သူ့စစ်မှုထမ်းစနစ် တစ်နည်းအားဖြင့် အမျိုးသားစစ်မှုထမ်းစနစ်ကို စတင်ကျင့်သုံးရခြင်းပဲဖြစ်ပါတယ်။ ဒီပြည်သူ့စစ်မှုထမ်းစနစ် အမျိုးသားစစ်မှုထမ်းစနစ်ဆိုတာ ကျွန်တော်တို့နိုင်ငံတစ်နိုင်ငံထဲမှာကျင့်သုံးနေတာမဟုတ်ပါဘူး၊ ကမ္ဘာ့နိုင်ငံအများစုမှာ ဥပဒေပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ လက်တွေ့ကျင့်သုံးတဲ့နိုင်ငံ၊ လက်တွေ့မကျင့်သုံးတဲ့နိုင်ငံ၊ တစ်စိတ်တစ်ပိုင်းပဲကျင့်သုံးတဲ့နိုင်ငံ၊ အချိန်ပိုင်းပဲကျင့်သုံးတဲ့နိုင်ငံ ဒီလိုမျိုးကွာခြားချက်တွေလည်းရှိပါတယ်။ ဒီလိုမျိုးဆောင်ရွက်တဲ့နေရာမှာလည်း ကျွန်တော် ယခင်ကလည်းပြောခဲ့ပြီးဖြစ်ပါတယ်၊ ဒီလူငယ်လူရွယ်တိုင်းအကျုံးဝင်တဲ့လူငယ်လူရွယ်တိုင်းသည် ပြည်ဖျက်မီဒီယာများ EAO၊ အချို့သောဖောက်ပြန်တဲ့ EAO အဖွဲ့များ၊ သောင်းကျန်းသူအဖွဲ့များ၊ အကြမ်းဖက်အဖွဲ့များက လူငယ်လူရွယ်များကို လမ်းမှားရောက်အောင် ချောက်တွန်းနေသလို အားလုံးသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရမှာမဟုတ်ပါဘူး။ အလှည့်ကျပဲ ထမ်းဆောင်ရမှာဖြစ်ပါတယ်၊ ကျွန်တော်ပြောခဲ့ပြီးသလိုပဲ လူ ၂၀၀ မှာ တစ်ယောက်တောင်ထမ်းဆောင်နိုင်ဖို့ နိုင်ငံတော်တာဝန် ကာကွယ်ရေးတာဝန်ကို တစ်နှစ်မှာ လူ ၂၀၀ မှာတစ်ယောက်ထမ်းဆောင်နိုင်ဖို့ ခဲယဉ်းပါတယ်။ ဒါ့အပြင် ကျွန်တော်တို့အနေနဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေအရ တာဝန်ထမ်းဆောင်တဲ့နေရာမှာ သတ်မှတ်ထားတဲ့လစာနှုန်းထား၊ ရိက္ခာ၊ ခံစားခွင့်အားလုံးပေးရမှာဖြစ်ပါတယ်၊ ဒါကြောင့်မို့ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့လည်း မိမိရဲ့ဝန်နဲ့အားနဲ့ညီမျှအောင် ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ ဆောင်ရွက်သွားမှာဖြစ်တယ်ဆိုတာလည်း ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့အနေနဲ့ စနစ်တကျကောင်းမွန်တဲ့လေ့ကျင့်မှု Well Train၊ စနစ်တကျကောင်းမွန်တဲ့စုဖွဲ့မှု Well Organization၊ စနစ်တကျကောင်းမွန်တဲ့ပြင်ဆင်မှု Well Prepare တွေကိုဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ လူငယ်တွေရဲ့ ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုဖြင့်၊ စိတ်ပိုင်းဆိုင်ရာ၊ ခံယူချက်ပိုင်းဆိုင်ရာယုံကြည်ပြည့်ဝစေဖို့ ဆောင်ရွက်မှာပဲဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်အတွက် ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ဖို့အတွက် စစ်ပညာရပ်တွေ၊ ကာကွယ်ရေးပညာရပ်တွေ သင်ကြားပေးခြင်းဖြင့် လူငယ်များဟာ မိမိကိုယ်ကိုယုံကြည်စိတ်၊ မိမိအဖွဲ့အစည်းအပေါ် ယုံကြည်စိတ်၊ မိမိနိုင်ငံအပေါ် ယုံကြည်စိတ်၊ မိမိလူမျိုးအပေါ် ယုံကြည်စိတ်တွေ တိုးမြင့်လာမှာဖြစ်ပါတယ်။ ဒီယုံကြည်စိတ်၊ ယုံကြည်မှုဟာ သိပ်ကိုအရေးပါတဲ့အခန်းကဏ္ဍကပါဝင်ပါတယ်။ ယုံကြည်မှုသည် ရဲစွမ်းသတ္တိဖြစ်ပါတယ်။ လူငယ်များအနေနဲ့ နိုင်ငံတော်ကာကွယ်ရေးပညာရပ်တွေကို သင်ကြားတတ်မြောက်ခြင်းအားဖြင့် မိမိတို့ရဲ့ဘဝတစ်လျှောက်လုံးမှာ ယုံကြည်မှုရဲစွမ်းသတ္တိအပြည့်နဲ့ လျှောက်လှမ်းနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မလို့ ကျွန်တော်ပြောချင်တာက တစ်နှစ်တွင် လူ ၂၀၀ မှာတစ်ယောက် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ဖို့ရွေးချယ်ခွင့်ရရှိဖို့ ဖြစ်နိုင်မှာဖြစ်ပါတယ်။ ခုနကပြောသလို ယုံကြည်မှုသည် ရဲစွမ်းသတ္တိ Believe is Courage ဖြစ်တယ်။ ဒါကြောင့် ဘဝတစ်လျှောက်လုံးမှာ မိမိနိုင်ငံကို ကာကွယ်နိုင်တဲ့ယုံကြည်မှု၊ မိမိကိုယ်ကိုကာကွယ်နိုင်တယ်ဆိုတဲ့ယုံကြည်မှု၊ မိမိမိသားစုကိုကာကွယ်နိုင်တယ်ဆိုတဲ့ ယုံကြည်မှု၊ မိမိလူမျိုးကို ကာကွယ်နိုင်တယ်ဆိုတဲ့ယုံကြည်မှုအပြည့်နဲ့ လျှောက်လှမ်းနိုင်ဖို့အတွက် နိုင်ငံတော်ကာကွယ်ရေးပညာကိုသင်ကြားနိုင်ဖို့ဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ရောဝတီတိုင်းဒေသကြီးနယ်မြေရှိ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ် မဲပေးလေ့လာခြင်းဆောင်ရွက်

**ပုသိမ် ဖေဖော်ဝါရီ ၁၇**

ရောဝတီတိုင်းဒေသကြီး နယ်မြေရှိ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းကို ဖေဖော်ဝါရီ ၇ ရက်မှစ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဟင်္သာတမြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၃၂ ခုမှ ပြည်သူ ၇၃၂ဦး၊ ကျိုက်လတ်မြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ၉၇ ခုမှ ပြည်သူ ၃၂၄ ဦး စုစုပေါင်း ၁၀၅၆ ဦး တက်ရောက်ပြီး လက်တွေ့စမ်းသပ်မဲပေး လေ့လာကြသည်။

တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ တာဝန်ရှိသူများက MEVM စက်ဖြင့် စမ်းသပ်မဲပေးမှု အဆင့်ဆင့်ကို ရှင်းလင်းပြသဆောင်ရွက်ကြပြီး တက်ရောက်လာကြသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၊



နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာဖြင့်လက်တွေ့စမ်းသပ်မဲပေးခဲ့ကြသည်။

စမ်းသပ်မဲပေးသူများက ယခင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများတွင် မဲရုံအဖွဲ့ဝင်များအဖြစ်ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ နောင်ကျင်းပမည့် ရွေးကောက်ပွဲများအတွက် ပိုမိုကောင်းမွန်စေမည့် အကြံပြုချက်များ ပေးခဲ့ကြောင်းနှင့် မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့ စမ်းသပ်မဲပေးလေ့လာခြင်း အစီအစဉ်ကို ရောဝတီတိုင်းဒေသကြီး နယ်မြေရှိ မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သင်္ဂ(FM) အသံလွှင့်အစီအစဉ်

**၁၈-၂-၂၀၂၄ (တနင်္ဂနွေနေ့)**

| | | |
|---|---|---|
| ၁။ | ၀၈း၀၀ | မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ |
| ၂။ | ၁၀း၁၅ | Hit I M |
| ၃။ | ၁၀း၄၀ | နိပါတ်တော်လာ သိမှတ်စရာ |
| ၄။ | ၁၁း၃၅ | Our Present Songs |
| ၅။ | ၁၄း၁၀ | စိတ်ဝင်စားစရာ ပုံပြင်ကမ္ဘာ |
| ၆။ | ၁၄း၅၅ | Our Travelling |
| ၇။ | ၁၉း၀၀ | ကဗျာဉယျာဉ် |

# မော်ဘီမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်တို့၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သာသနာ့နွယ်ဝင်သီလရှင်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် လှပဒါးကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် ၂၂ ပါးနှင့် ဒေသခံပြည်သူ ၁၁၅ ဦးတို့ကို အဆိုပါကျေးရွာရှိ မဟာဗောဓိဝံသကျောင်းတိုက်၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်မှန်ရပ်ကွက် အနီယာသီလရှင် ပရိယတ္တိစာသင်တိုက်ရှိ သာသနာ့နွယ်ဝင်သီလရှင် ၁၄၈ပါးတို့ကို အဆိုပါစာသင်တိုက်၌လည်းကောင်း ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သံဃာတော်များ၊သာသနာနွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ အရိုးအကြောရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG၊ Ultra-sound စက်များဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်း၊ ဆီးချိုသွေးချို စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# စားသုံးဆီသိုလှောင်ဖြန့်ဖြူးမှုနှင့် ပြောင်းနှင့်ဆန် ပြည်ပသို့တင်ပို့နေမှုကို ဒုတိယဝန်ကြီး ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်းရှိ စားသုံးဆီသိုလှောင်ကန်များသို့ ရောက်ရှိရာ တာဝန်ခံက ဆီများပြည်ပမှ မှာယူရောက်ရှိမှု၊ သိုလှောင်ထားရှိမှု၊ ပြည်တွင်းစားသုံးသူများထံသို့ ဖြန့်ဖြူးပေးနေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဒုတိယဝန်ကြီးက စားသုံးဆီအရည်အသွေးစစ်ဆေးမှုအခြေအနေ၊ ပြည်သူများစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရေး စီမံဆောင်ရွက်ထားရှိမှု၊ ပြည်တွင်းဖြန့်ဖြူးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်အရည်အသွေးများနှင့်အညီ ဖြန့်ဖြူးရေးနှင့် လျော့နည်းမှုမရှိစေရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဆူးလေဆိပ်ကမ်းတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး အသင်းဝင်ကုမ္ပဏီ ၁၁ ခုက ပြည်ပသို့ ဝမ်းပုံ (In Bulk) စနစ်ဖြင့် ဆန်တင်ပို့ရန် MV. Vega Granat သင်္ဘောပေါ်သို့ ဆန်များတင်ပို့နေမှုကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ်အရည်အသွေး ပြည့်မီစေရေး အလေးထားဆောင်ရွက်ရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေး ဦးစားပေးဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပြည်ပသို့တင်ပို့မည့် ဝမ်းပုံ (In Bulk)စနစ်ဖြင့်ပြောင်းများကို အလုံဆိပ်ကမ်းတွင် ဆိုက်ကပ်လျက်ရှိသော HONG LINH-1 နှင့် MV.PIONEER FORTUNE သင်္ဘောများပေါ်သို့ တင်ဆောင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။


မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကြည့်မြင်တိုင်မြို့နယ် ထီးတန်းဆိပ်ကမ်းသို့ ရောက်ရှိပြီး စားသုံးဆီများ သိုလှောင်ထားရှိမှု၊ ဆီပီပါများအတွင်း ထည့်သွင်းနေမှုနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ ဖြန့်ဖြူးပေးရန်စီစဉ်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အရေအတွက်နှင့်အလေးချိန်ပြည့်မီစေရေး၊အများပြည်သူလက်ဝယ်သို့ အချိန်မီဖြန့်ဖြူးပေးနိုင်ရေးတို့ကို အလေးထားဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စစ်မှုထမ်းဆောင်ရန်အတွက် ရွှေဘို-မြစ်ကြီးနားကားလမ်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူငယ်များကို စစ်ဆေးမှုများပြုလုပ်၍ ဖမ်းဆီးနေကြောင်းနှင့် မုံရွာမြို့ပေါ်ရပ်ကွက်များ၊ စက်ရုံအချို့တွင် စာရင်းကောက်ယူမှုများ ပြုလုပ်နေကြောင်း သတင်းတု၊သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ရွှေဘို-မြစ်ကြီးနားကားလမ်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်မှုထမ်းဆောင်ရန်အတွက် လူငယ်များကို စစ်ဆေးမှုများပြုလုပ်ဖမ်းဆီးနေကြောင်း မဟုတ်မမှန် သတင်းများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thitက လုပ်ကြံဝါဒဖြန့် ရေးသားလျက်ရှိကြောင်း တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေဒေသများ တည်ငြိမ်အေးချမ်းစေရေးနှင့်ပြည်သူများ အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်သမားများ ပြည်သူများနှင့်ရောနှော၍ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်မှုမရှိစေရန် လိုအပ်သော လုံခြုံရေး စစ်ဆေးမှုဆောင်ရွက်ခြင်းသာဖြစ်ကြောင်း သက်ဆိုင်ရာနယ်မြေအုပ်ချုပ်မှုဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။







အလားတူ မုံရွာမြို့ပေါ်ရပ်ကွက်များနှင့် စက်ရုံအချို့တွင် စစ်မှုထမ်းဆောင်ရန် လူစာရင်းများ ကောက်ခံလျက်ရှိကြောင်း ကောလာဟလသတင်းတုများ ဝါဒဖြန့်ရေးသားလျက်ရှိပြီး သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်ကောက်ခံမှုများကို တာဝန်ရှိ သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ခြင်းသာဖြစ်ကြောင်း သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် သက်ဆိုင်ရာတာဝန်ရှိသူများ၏ လုံခြုံရေးဆိုင်ရာစစ်ဆေးမှုများနှင့် သန်းခေါင်စာရင်းဆိုင်ရာအချက်အလက် ကောက်ခံမှုလုပ်ငန်းများ ဆောင်ရွက်နေမှုများအပေါ် ပြည်သူများက အထင်အမြင်လွဲမှားစေရန်၊ စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်စေရန် တိုင်းပြည်အနာဂတ် လူငယ်လူရွယ်များ လမ်းမှားရောက်စေရန် ရည်ရွယ်၍ ကောလာဟလသတင်းတု၊ သတင်းမှားများကို ဖြန့်ဝေလျက်ရှိသဖြင့် မိဘပြည်သူများနှင့် လူငယ်လူရွယ်များ အနေဖြင့် စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ နိုင်ငံပိုင်မီဒီယာများတွင် သတင်းများ၊ ထုတ်ပြန်ချက်များ၊ အသိပေးချက်များကို ရှင်းလင်းလွယ်ကူစွာ သိရှိနားလည်စေရန် ထုတ်ပြန်ကြေညာပေးလျက်ရှိကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများက တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီ ၁၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Hay Mar Thet"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် အမှတ်(၃)ရပ်ကွက်နေ ဟေမာသက်(ခ) ဟမ်နားအားည ၆ နာရီခွဲ၌ မင်္ဂလာတောင်ညွန့်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဂျာမနီနိုင်ငံ၏ထုတ်ကုန်လုပ်ငန်းများတွင် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးအတွက် ဥရောပသမဂ္ဂအဖွဲ့က ယူရိုလေးဘီလီယံ ကူညီမည်



**ဘာလင် ဖေဖော်ဝါရီ ၁၇**

ဂျာမနီနိုင်ငံ ဥရောပသမဂ္ဂအဖွဲ့၏ အစီအစဉ်၌ ထုတ်ကုန်ပစ္စည်းများတွင် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးအတွက် ဆောင်ရွက်သွားရန် ပြင်ဆင်နေပြီး ဥရောပသမဂ္ဂအဖွဲ့က အဆိုပါလုပ်ငန်းအတွက် ဂျာမနီနိုင်ငံကို ယူရို လေးဘီလီယံ ကူညီပေးရန် သဘောတူခွင့်ပြုလိုက်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဂျာမနီနိုင်ငံသည် ကိုဗစ်-၁၉ ကပ်ဘေးအလွန်တွင် Recovery and Resilience Facility စီမံချက်ဖြင့် ကဏ္ဍပေါင်းစုံမှ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ ကုလသမဂ္ဂအဖွဲ့က ဦးဆောင်နေသည့် ၂၀၅၀ ပြည့်နှစ်အရောက်တွင် ကာဗွန်ထုတ်လွှတ်မှုသုညမှတ်သို့ ရောက်ရှိရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ Recovery and Resilience Facility စီမံချက်အရ ထုတ်ကုန်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရာတွင် ကာဗွန်လျှော့ချနိုင်ရေးကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျာမနီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဂျာမနီနိုင်ငံရဲ့ကုန်ထုတ်လုပ်မှုပိုင်းက ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးစီမံချက်ကို Recovery and Resilience Facility စီမံချက်အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စာချုပ်နှစ်ခုကို ချုပ်ဆိုသွားမှာဖြစ်ပြီး စာချုပ်နှစ်ခုစလုံးရဲ့ သက်တမ်းကတော့ ၁၅ နှစ် ဖြစ်ပါတယ်။ ဒီစီမံချက်ဟာ ဂျာမနီနိုင်ငံ ရာသီဥတုပြောင်းလဲမှုနဲ့ စွမ်းအင်ဆိုင်ရာ ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်မှာဖြစ်ပြီးတော့ ဥရောပသမဂ္ဂအဖွဲ့ရဲ့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ရည်မှန်းချက်ကိုလဲ အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဂျာမနီနိုင်ငံရဲ့ စီမံချက်တွေမှာ ယူရို လေးဘီလီယံထိ ကူညီပေးသွားမှာဖြစ်ပါတယ်" ဟု ဥရောပသမဂ္ဂအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# ကွန်ဂိုနိုင်ငံတွင် အဆိုးရွားဆုံးသော ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရ

**ဘရာဇာဗယ်လီ ဖေဖော်ဝါရီ ၁၇**

ကွန်ဂိုနိုင်ငံ ကင်ရှာဆာမြို့တွင် အဆိုးရွားဆုံးသော ရေကြီးရေလျှံမှုဖြင့် ရင်ဆိုင်နေရကြောင်း ကွန်ဂိုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေကြီးရေလျှံမှုမှာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလနောက်ဆုံးပတ်မှ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်ထိ ရေကြီးရေလျှံမှုဖြစ်ပွားလျက်ရှိရာ ဖေဖော်ဝါရီ ၁၆ ရက်ထိ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့သော ဒေသခံမှာ ဦးရေ ၅၀၀၀၀၀ ကျော်ရှိနေပြီဖြစ်ကြောင်း၊ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော ပြည်သူများကိုလည်း ယာယီရွက်ဖျင်တဲများဖြင့် နေရာချပေးထားပြီး ရေကြီးရေလျှံမှုမှာ ကာလရှည်ဖြစ်ပေါ်နေခြင်းကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော ပြည်သူများမှာ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် အထောက်အပံ့များလိုအပ်နေကြောင်း ကွန်ဂိုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသည့် ဒေသခံဦးရေ များပြားခဲ့ခြင်းကြောင့် ကယ်ဆယ်ရေးစခန်းမှ ပြည်သူများအတွက် ယာယီရွက်ဖျင်တဲများပင် လုံလောက်မှုမရှိတော့သည့် အခြေအနေဖြစ်နေကြောင်း၊ ရေကြီးရေလျှံမှု စတင်ဖြစ်ပွားခဲ့သော ၂၀၂၃ ခုနှစ် ဒီဇင်ဘာလနောက်ဆုံးပတ်မှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်အတွင်း ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၂၂၀ ဦးထိရှိခဲ့ကြောင်း ကွန်ဂိုအာဏာပိုင် အဖွဲ့အစည်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

ရေကြီးရေလျှံမှု ဖြစ်ပွားနေဆဲဖြစ်သောကြောင့် အာဏာပိုင်အဖွဲ့အစည်းအနေဖြင့် ပျက်စီးဆုံးရှုံးမှုများကို စိစစ်နိုင်ခြင်းမရှိသေးသည့်အတွက် ပျက်စီးဆုံးရှုံးမှုပမာဏကို ထုတ်ပြန်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

ကွန်ဂိုနိုင်ငံတွင် ကာလရှည် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် စီရင်စုပေါင်း ၁၆ စုထိရှိနေပြီး အဆိုးရွားဆုံးသော ရေဘေးဖြင့် ရင်ဆိုင်နေရသည့်အတွက် ပြည်သူများကိုကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများရှိနေကြောင်း ကွန်ဂိုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# အင်ဒိုနီးရှားနိုင်ငံတွင် ရေဘေးသင့်ပြည်သူများအတွက် ဆန် ၆၂ ဒသမ ၄၇ တန် ပံ့ပိုးရန်ပြင်ဆင်

**ဂျကာတာ ဖေဖော်ဝါရီ ၁၇**

အင်ဒိုနီးရှားနိုင်ငံ အနောက်ကာလီမန်တန်ပြည်နယ် လာဒက်ခရိုင်ရှိ ရေဘေးသင့်ပြည်သူများအတွက် အစိုးရက နိုင်ငံတော်အရန်ဆန်မှ ၆၂ ဒသမ ၄၇ တန် ပံ့ပိုးသွားရန်ပြင်ဆင်လျက်ရှိကြောင်း ပြည်နယ် စားနပ်ရိက္ခာဖူလုံရေးရုံးက ထုတ်ပြန်ခဲ့သည်ဟု ဖေဖော်ဝါရီ ၁၆ ရက် သတင်းများအရ သိရသည်။

အင်ဒိုနီးရှားနိုင်ငံ အနောက်ကာလီမန်တန်ပြည်နယ် လာဒက်ခရိုင်တွင် ၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်းက ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ ထိခိုက်ခံစားခဲ့ရသည့် Ngabang၊ Kuala Behe၊ Meranti၊ Air Besar၊ Menyike၊ Sengah Temila နှင့် Sebangki ခရိုင်ခွဲတို့ရှိ အိမ်ထောင်စု ၇၄၉၄ စုမှ လူ ၂၇၃၅၄ ဦးအတွက် အစိုးရ၏ အရန်ဆန်မှ ၆၂ ဒသမ ၄၇ တန် ပံ့ပိုးသွားရန် ပြင်ဆင်လျက်ရှိကြောင်း ပြည်နယ်စားနပ်ရိက္ခာဖူလုံရေးရုံးမှ အကြီးအကဲ ဟာတီဟီရာဝတီက ပြောကြားခဲ့သည်။

"ဆန်ပံ့ပိုးရေးအစီအစဉ်ကို ရေဘေးအန္တရာယ် အဓိကခံစားခဲ့ရတဲ့ လာဒက်ခရိုင်အကြီးအကဲရဲ့ စားနပ်ရိက္ခာလိုအပ်ချက် အဆိုပြုချက်ကို အခြေခံပြီး ပံ့ပိုးဖို့ ပြင်ဆင်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်"ဟု ပြည်နယ်စားနပ်ရိက္ခာဖူလုံရေးရုံးမှ အကြီးအကဲ ဟာတီဟီရာဝတီက ပြောကြားခဲ့သည်။



စားနပ်ရိက္ခာအရန်များသည် စားနပ်ရိက္ခာတည်ငြိမ်မှုကို ထိန်းသိမ်းရာ၌ အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ အထူးသဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် စားနပ်ရိက္ခာပြတ်လပ်မှုကြုံတွေ့နေရသော ဒေသများအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းတစ်ခုလည်းဖြစ်ပြီး ခရိုင်၊ မြို့၊ ရွာများရှိ အဆင့်တိုင်းတွင် မျှမျှတတဖြန့်ဖြူးနိုင်ရန် အရေးကြီးကြောင်း အနောက်ကာလီမန်တန်ပြည်နယ်အုပ်ချုပ်ရေးမှူး ဟယ်ရီဆင်က ပြောကြားခဲ့သည်။

**Ref : Xinhua News**
**Trs : AZH**




# မြေအောက်ရေအရင်းအမြစ်ပျက်စီးစေနိုင်သဖြင့် ဗီဗီယန်သဲတူးဖော်ရေးစီမံကိန်းကို ခွင့်ပြုမည်မဟုတ်ကြောင်း မန်နီတိုဘာပြည်နယ်အာဏာပိုင်အဖွဲ့အစည်း ထုတ်ပြန်

**အော့တာဝါ ဖေဖော်ဝါရီ ၁၇**

ကနေဒါနိုင်ငံ မန်နီတိုဘာပြည်နယ် အရှေ့တောင်ဘက်ပိုင်းတွင် ဗီဗီယန်စီမံကိန်းအမည်ဖြင့် သဲတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုင်စင်လျှောက်ထားရာ မန်နီတိုဘာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက သဲတူးဖော်ရေးလုပ်ကွက်များသည် မြေအောက်ရေအရင်းအမြစ်ကို ထိခိုက်ပျက်စီးစေနိုင်သဖြင့် အဆိုပါစီမံကိန်းကို ခွင့်ပြုသွားမည်မဟုတ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဗီဗီယန်သဲတူးဖော်ရေးစီမံကိန်းကို ကယ်ဂါရီနယ်မြေအခြေစိုက် စီယိုစီလီကာအုပ်စုက ဆောင်ရွက်သွားမည်ဖြစ်ပြီး စီယိုစီလီကာအုပ်စုသည် ပုံမှန်အားဖြင့် ဆိုလာပြားများထုတ်လုပ်ခြင်း၊ ကွန်ပျူတာ Chips ပြားများထုတ်လုပ်ခြင်း၊ ဘက်ထရီထုတ်လုပ်ခြင်းနှင့် မှန်များထုတ်လုပ်ခြင်းတို့ကိုသာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားကြောင်း၊ ၂၀၁၆ ခုနှစ်နောက်ပိုင်းတွင် သတ္တုမိုင်းတွင်းလုပ်ကွက်များ ဆောင်ရွက်လာပြီး သဲတူးဖော်ရေးစီမံကိန်းများကိုပါ ဆောင်ရွက်ရန် ပြင်ဆင်လာခြင်းဖြစ်ကြောင်း သိရသည်။

"သဲတူးဖော်ရေး စီမံကိန်းကို ဆောင်ရွက်ဖို့အတွက် လိုင်စင်လျှောက်ထားလာတာ ရှိပါတယ်။ သဲတူးဖော်ရေးလုပ်ငန်းဟာ မြေအောက်ရေအရင်းအမြစ်ကို ထိခိုက်ပျက်စီးစေနိုင်သလို သဘာဝပတ်ဝန်းကျင်အတွက် ရေရှည်ထိခိုက်မှုတွေဖြစ်ပေါ်လာစေနိုင်တာကြောင့် လိုင်စင်လျှောက်ထားလာတာကို ခွင့်မပြုဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်"ဟု မန်နီတိုဘာပြည်နယ် သဘာဝပတ်ဝန်းကျင်နှင့်ရာသီဥတုပြောင်းလဲမှုဆိုင်ရာဝန်ကြီး ထရေစီက ပြောကြားခဲ့သည်။

သဲတူးဖော်ရေးလုပ်ကွက်များနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများက ဆန္ဒထုတ်ဖော်ခဲ့သကဲ့သို့ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိခိုက်စေသဖြင့် သဲတူးဖော်ရေးစီမံကိန်းများကို ခွင့်မပြုခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

0w Kv d @

# သတိ လောင်ကျွမ်းလွယ်သည်

မယ်မင်းခ(စာရော)



(၁)

"ခိုင် ခိုင့်အတွက် အဝါရောင်ဝမ်းဆက်လေး မောင် လက်ဆောင်ထည့်ပေးလိုက်တယ်နော်။ တအားလှတဲ့ခိုင်က ဘာဝတ်ဝတ်လှပြီးသားမို့ ခိုင်နဲ့လိုက်ဖက်နေမှာပါ။ ဝတ်ဖြစ်အောင်ဝတ်နော် ခိုင်။ မောင့်ကိုလဲ အမြဲသတိရနေပါ။ မကြာခင်ဆုံစည်းကြမယ်နော်။ ခိုင့်ရဲ့မောင်"

အမှတ်မထင် ဝတ္ထုစာအုပ်အဟောင်းလေးကြားထဲမှ ထွက်ကျလာသောစာတစ်စောင်ကြောင့် ကိုကိုဇင်၏မျက်နှာကြီး သုန်မှုန်သွားတော့၏။ ပြီးခဲ့သည့်အတိတ်ကကိစ္စများဖြစ်၍ ပြဿနာမဟုတ်သော်လည်း ချစ်လှစွာသောဇနီးလေးကို သဝန်တိုစိတ်ဝင်မိသည်မှာ အမှန်ပင်။

"ကိုကို ထမင်းစားတော့မလား။ ခိုင်ပြင်ထားလိုက်မယ်နော်"

"မစားသေးဘူး ခိုင်။ ခိုင် အရင်စားနှင့်လိုက်"

စကားလုံးများသည် မကြမ်းတမ်းသော်လည်း နူးညံ့မှုတို့မရှိ။ တိုတောင်းပြတ်သားလွန်းနေ၏။ ကိုကို၏ခပ်ဆတ်ဆတ်အဖြေကြောင့် ခိုင်တစ်ယောက် အူကြောင်ကြောင်ငေး၍ရပ်နေမိ၏။ စာအုပ်ထဲ ရှာန်ဝင်သွားလျှင် ထမင်းမေ့ဟင်းမေ့ဖြစ်သွားတတ်သော ကိုကို့အကြောင်းကိုသိ၍ ထူးပြီးပြန်မေးမနေတော့ပေ။ ကိုကိုဇင်က ကုမ္ပဏီဝန်ထမ်းဖြစ်၍ ခိုင်နှင့် အလုပ်ထဲမှာပင်တွေ့ပြီး ချစ်ကြိုက်ခဲ့ကြခြင်းဖြစ်သည်။ ချစ်သူသက်တမ်းတစ်နှစ်အကြာမှာ လက်ထပ်ခဲ့ကြသည်။ ယခုဆိုလျှင် ခိုင်တို့အိမ်ထောင်သက်တမ်း နှစ်နှစ်ပြည့်ပြီးပြီဖြစ်၏။ ကိုကိုနှင့်လက်ထပ်ပြီးချိန်မှစ၍ ခိုင် အလုပ်ထွက်ခဲ့သည်။ နှစ်ဦးသဘောတူဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အိမ်ရှေ့မျက်နှာစာနားတွင် ကုန်စုံဆိုင်အသေးလေးဖွင့်၍ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရှာခဲ့သည်မို့ အိမ်မှုကိစ္စတစ်ဖက်၊ ဆိုင်က တစ်ဖက်နှင့် ခိုင်တစ်ယောက် အားလပ်သည်ဟူ၍ပင် မရှိခဲ့။ သည်အချိန်ထိ ခိုင်တို့အိမ်ထောင်ရေးသည် တစ်ခါမျှပင် အဆင်မပြေမဖြစ်ခဲ့ပေ။ ကတောက်ကဆတ်မရှိ။ သာယာကြည်နူးစရာအတိဖြစ်ခဲ့၏။

(၂)

"ဟဲ့ ခိုင်။ နင့်ယောကျ်ားကိုကြည့်ထိန်းအုံးနော်။ လွှတ်မထားနဲ့သိလား။ အခု ကုမ္ပဏီကိုအသစ်ရောက်လာတဲ့ဝန်ထမ်းတစ်ယောက်က သူ့အဆက်ဟောင်းတဲ့။ ကျောင်းတုန်းကရည်းစားဆိုလားပဲ။ သူ့ဘော်ဒါတွေဆီက ကြားလာခဲ့တာ။ ချောတော့တော်တော်ချောတယ်တဲ့။ နင်သိအောင် လာပြောပြတာနော်။ ဘာသဘောနဲ့မှတော့မဟုတ်ဘူး။ ဒါပဲ သွားပြီ"

တစ်ရပ်ကွက်တည်းဖြစ်သလို တစ်ရုံးတည်းအလုပ်အတူဆင်းခဲ့သည့် သူငယ်ချင်းမေမီ၏စကားကြောင့် ခိုင် စိတ်မောရလေတော့၏။ အဆက်ဟောင်း။ ကိုကိုဇင်၏ရည်းစားဟောင်းဆိုပါလား။ ခိုင့်ရင်ထဲ အပူလှိုင်းက ရိုက်ခတ်နေတော့၏။ နောက်တစ်နေ့ရုံးဖွင့်ရက်တွင် အလုပ်သွားမည့်ကိုကို့ကို စိတ်မချနိုင်ဖြစ်နေမိတော့သည်။

"ကိုကို ထမင်းချိုင့်ပြင်ပြီးပြီနော်။ အဆင်သင့်ပဲ"

ရေချိုးအဝတ်အစားလဲပြီး ဖျော်ထားသည့်ကော်ဖီကို သောက်ကာ ချိုင့်ဆွဲ၍ထွက်သွားတော့၏။ မည်သည့်စကားတစ်ခွန်းမျှမပြော။ တစ်ညလုံးလည်း စာအုပ်နှင့်သာအချိန်ကုန်ခဲ့သည်။ နံနက်လင်းတော့လည်း စကားအထွေအထူး မည်သို့မျှပင်မပြော။ ကိုကိုဘာဖြစ်နေသည်ကို ခိုင် နားမလည်နိုင်တော့ပေ။ မေမီ၏စကားကိုပြန်ကြားယောင်ကာ စိုးရိမ်မကင်း သံသယစိတ်များ ဝိုးတဝါးဝင်လာချင်နေတော့၏။ ကိုကို ဘာကြောင့် ချက်ချင်းပြောင်းလဲနေပါလိမ့်။ စဉ်းစား၍မရ။ အဖြေထွက်၍မလာ။ ရုတ်တရက်ပြောင်းလဲသွားသော ကိုကို့အပြုအမူများနှင့် ကြားရသောသတင်းများကြောင့် စိုးရိမ်မကင်းဖြစ်မိသော်လည်း ကိုကို့ကို ခိုင် ယုံကြည်သည်။ ကိုကိုသည် ဖောက်ပြန်မည့်သူမျိုးမဟုတ်။ ကိုယ်ကျင့်သိက္ခာကို တန်ဖိုးထားသော ယောကျ်ားကောင်းတစ်ယောက်ဟု တတ်အပ်ယုံကြည်သည်။ ကိုကို့အပေါ် ယုံကြည်မှု၊ လေးစားမှုတို့ ပျက်စီးစေမည့်အတွေးများကို ခိုင် ချက်ချင်းမေ့ပျောက်ပစ်လိုက်သည်။ ကိုကို့မှာ အခြားအကြောင်းတစ်ခုခု ရှိ၍ဖြစ်မည်ဟုတွေးကာ စိတ်ကိုလျှော့ထားလိုက်၏။ သံသယဆူးကို ခိုင် မွေးမထားချင်ပါ။ သို့သော် ဆူးဆိုသည်မှာ စူးဝင်မိသည်နှင့် ဒဏ်ရာကျန်တတ်သည်ပင် မဟုတ်လော။

(၃)

"မေမီရေ နင်လာတာအတော်ပဲ ငါမေးစရာရှိလို့"

ရုံးဆင်းချိန်မို့ ဆိုင်ရှေ့ကဖြတ်သွားသည့် မေမီကို မြင်မြင်ချင်း လှမ်းခေါ်လိုက်မိသည်။ သည်နေ့ လစာထုတ်ရက်။ ကိုကို အိမ်ပြန်နောက်ကျမည်ဖြစ်သည်။ လကုန်ရက်တိုင်း ဘော်ဒါများနှင့်ဆိုင်ထိုင်တတ်သည်မှာ ကိုကို့အကျင့်ဖြစ်သည်။ ခိုင်ကလည်း နားလည်မှုဖြင့် ခွင့်ပြုထား၏။

"ဆိုစမ်းပါအုံး အရေးတကြီးခေါ်ပုံထောက်ရင် နင့်ယောကျ်ားသတင်းမေးချင်လို့မို့လား"

ဆိုင်ထဲဝင်၍ ထိုင်ထိုင်ချင်း တဲ့တိုးပြောချလိုက်သည့် မေမီ့စကားကြောင့် ခိုင် ဘာပြန်ပြောရမည်မသိဖြစ်သွား၏။

"အဲ အဲဒီလိုလဲ မဟုတ်ပါဘူးဟယ်။ ရုံးမှာများ ဘာတွေထူးခြားနေလဲသိချင်ရုံပါ။ ငါက အိမ်မှာဆိုတော့ ငါ့ယောကျ်ားအလုပ်ထဲမှာ အဆင်ပြေ၊ မပြေလဲ သိချင်လို့ပါ။ နင့်စိတ်ထဲ ထူးခြားပြောင်းလဲနေတာတွေ့ရင်လဲ ပြောပြလေဟယ်"

"အမယ်လေး စကားပလ္လင်ခံမနေပါနဲ့အေ။ ညည်းယောကျ်ားကို စိတ်မချဖြစ်နေမှန်း ငါသိပါတယ်။ ဒါမိန်းမသဘာဝပဲလေ။ ငါလဲကိုယ်ချင်းစာပါတယ်"

မေမီ၏စကားကို ခိုင် မည်သို့မျှမတုံ့ပြန်။ ငြိမ်၍သာ နားထောင်နေသည်။ ဘယ်လိုပင် ဖုံးဖိနေလည်း ခိုင်တစ်ယောက် ယောကျ်ားအပေါ် စိတ်မချဖြစ်နေမိသည်က မိမိကိုယ်ကိုလည်း အသိပင်ဖြစ်၏။

"ကိုကိုဇင်ကတော့ ပုံမှန်အတိုင်း အေးအေးဆေးဆေးပါပဲ။ အလုပ်သဘောအရ ခေါ်ပြောမေးထူးလုပ်တာကလွဲရင် ဘာမှအပိုအလိုမရှိ။ ပုံမှန်ပဲ။ ဟိုတစ်ယောက်က နည်းနည်းတော့ အတင်းဝင်ရောချင်နေသလိုလိုပဲဟ။ ငါ့စိတ်ထဲ သိပ်ပြီးကြည့်လို့လဲမရဘူး။ ဘာလို့လဲတော့ ငါလဲမသိတော့ဘူး"

ပခုံးလေးနှစ်ဖက်ကို တစ်ချက်တွန့်ပြပြီး ပေါ့ပေါ့ပါးပါးပြောလိုက်သောစကားဖြစ်သော်လည်း ခိုင့်ရင်ထဲတော့ မပေါ့နိုင်ပေ။

"သူက ကိုကို့ကိုအတင်းဝင်ရောချင်နေတယ်တဲ့"

ထိုစကားက ခိုင့်ရင်ထဲ စူးနစ်ဝင်သွားသော ဆူးတစ်ချောင်းပင်ဖြစ်တော့၏။ စက္ကန့်မလပ်နာကျင်စေတတ်သော သံသယဆူး။ တရိပ်ရိပ်လိမ့်တက်နေသော ရင်တွင်းလှိုင်း။ တငွေ့ငွေ့လောင်ကျွမ်းနေသောဖွဲမီး။ ဤအရာအားလုံးကို ခိုင်တစ်ယောက် စတင်ခံစားရလေပြီ။

(၄)

သည်နေ့ညနေ ကိုကိုနှင့် ညစာထွက်စားမည်ဟုတွေးကာ ရေမိုးချိုး၍ အစွမ်းကုန်အလှပြင်ထားလိုက်သည်။ အိမ်ရှေ့တွင် ကိုကိုပြန်အလာကို စောင့်ကြိုရင်း စိတ်တွင်လည်းကြည်နူးနေမိသည်။ ဟော ကိုကို ပြန်လာနေပြီ။

"ကိုကိုရေ ပင်ပန်းနေပြီလား။ ညစာကို အပြင်မှာစားမလားလို့ အလှပြင်ပြီး ကိုကို့ကိုစောင့်နေတာ"

ကိုကိုဇင့်လက်ကို အပြေးလေးလှမ်းဖက်ကာ တီတီတာတာချွဲနွဲ့ပြောကြည့်လိုက်သည်။ ကိုကို့ဆီမှ မည်သည့်စကားမှတုံ့ပြန်မလာ။ ခိုင့်ကိုသာ မျက်လုံးသေကြီးများဖြင့် စူးစိုက်ကြည့်နေတော့၏။ ကိုကို ဘာကို သဘောမကျဖြစ်နေပါလိမ့်။ ခိုင် နားမလည်တော့ပြီ။

"ဘာလို့လဲ ကိုကို။ ဘာဖြစ်လို့လဲ။ ခိုင့်ကို ဘာလို့ အဲဒီလိုကြည့်နေရတာလဲ"

"ဒီအဝါရောင်ဝမ်းဆက်က ဘယ်တုန်းကဝတ်ဖူးလို့လဲ။ ခိုင်ဝတ်တာ ကိုကိုသတိမထားမိပါဘူး။ အခုမှ ဘာလို့ဒီလိုတွေဝတ်နေရတာလဲ။ ဘာကိုလွမ်းနေတာလဲ။ ဒီအရောင်ကို တော်တော်ကြိုက်နေတာပေါ့ ဟုတ်လား"

မဆီမဆိုင်ထွက်လာသော ဒေါသစကားကြောင့် ခိုင် ကြောင်အမ်းအမ်းဖြစ်သွားမိသည်။ ခိုင်ဝတ်ထားသည့်ဝတ်စုံကို ဘာအတွက်ကြောင့် စိတ်တိုရသည်ကိုလည်း ခိုင်နားမလည်တော့ပြီ။ ကိုကိုက ခိုင့်ကို ကြံဖန်အပြစ်ရှာနေသည်ဟုသာ စိတ်တွင်မှတ်ယူလိုက်မိသည်။ ထိုအတွေးကြောင့်ပင် အလွန်ဝမ်းနည်းသွားမိ၏။ မည်သည့်စကားမျှ ပြောထွက်မလာခင်မှာပင် မျက်ရည်များ ပိုးပိုးပေါက်ပေါက်လိမ့်ဆင်းကျလာလေပြီ။ အားငယ်စိတ်၊ ဝမ်းနည်းစိတ်တို့ကို ဟန်ဆောင်ဖုံးကွယ်နိုင်စွမ်းပင်မတတ်နိုင်ခဲ့။

"ဘာဖြစ်နေတာလဲကိုကို။ ခိုင် ဘာပဲဝတ်ဝတ် ကိုကို့ကို ဘာထိခိုက်နေလို့လဲ။ ဘာလို့ ခိုင့်ကိုစကားကောင်းကောင်းမပြောနိုင်ရတာလဲ။ ဘာလို့အပြစ်ပဲမြင်နေရတာလဲကိုကို။ ပြောပါ ဘာလို့လဲ။ ဘာဖြစ်နေတာလဲ"

ကိုကို့လက်မောင်းကို တရကြမ်းလှုပ်ယမ်းလျက် မေးခွန်းများတသီကြီး မေးပစ်လိုက်သည်။ ထိုမေးခွန်းများကို ကိုကို ဘယ်လိုပြန်ဖြေမည်ကိုလည်း သိချင်နေမိ၏။ သိချင်စိတ်နှင့်အတူ စိုးရိမ်စိတ်၊ အားငယ်စိတ်၊ ကြောက်ရွံ့စိတ်များသည်လည်း နောက်ဆက်တွဲပါလာတော့၏။ ဟုတ်ပါသည်။ ခိုင် ကြောက်နေပြီ။ ကိုကို တစ်ခုခုဝန်ခံလိုက်မည်ကို ခိုင် ရင်ဆိုင်နိုင်စွမ်းမရှိ။ ဒေါသတကြီးအော်ဟစ်ငိုယိုနေသော ခိုင့်ကို ကိုကို လှည့်၍ပင်မကြည့်။ အတင်းအကျပ်ဖမ်းဆုပ်ထားသော ခိုင့်လက်များကိုတွန်းဖယ်ကာ အိမ်ထဲသို့ဝင်သွားသည်။ သူစိမ်းပြင်ပြင်ကျောခိုင်းထွက်သွားနိုင်သော ကိုကို့ကို တော်တော်အံ့သြနေမိသည်။ ခိုင် ကိုကို့ကို မည်သို့မျှ နားမလည်နိုင်တော့ပေ။ ကြေကွဲဆို့နင့်စွာထွက်ပေါ်လာသော ရှိုက်သံများကိုထိန်းချုပ်ရင်း။

(၅)

ညေ့ခန်းထဲတွင် ချိတ်ထားသော မင်္ဂလာဆောင်အမှတ်တရဓာတ်ပုံများကို ကိုကိုငေးကြည့်နေသည်။ ခိုင် ဝင်လာသည်ကိုသိနေသော်လည်း လှည့်၍ပင်မကြည့်။ ကျောခိုင်းလျက်အနေအထားဖြင့်သာ သွေးအေးစွာရပ်နေလျက်။

"ကိုကို ခိုင့်ကိုမေးစရာရှိနေတယ်။ အဲဒီအဖြေကို ကိုကို အသေအချာသိရမှဖြစ်မယ် ခိုင်။ အဲဒီစိတ်နဲ့ပဲ ကိုကိုကြာရင်ရူးရလိမ့်မယ်"

ပကတိတည်ငြိမ်ပြတ်သားစွာ ထွက်ပေါ်လာသောစကားများဖြစ်သည်။ အကြီးအကျယ်ကျရောက်တော့မည့်စစ်ပွဲကြီးအလား ခိုင် တုန်လှုပ်သွားမိ၏။ စိတ်အာရုံကို စုစည်းထားလိုက်သည်။ ရင်ဆိုင်မှဖြစ်မည်။ တစ်ခုခုအဖြေကို ဖော်ထုတ်မှဖြစ်မည်။ အသက်ကို ဖြည်းဖြည်းမှန်မှန်ရှူထုတ်နေရင်းမှ-

"ဟုတ်ကဲ့ ကိုကို။ မေးလေ ကိုကို ဘာမေးချင်လဲ။ ကိုကိုမေးပြီးရင် ခိုင် မေးမယ်။ ကိုကိုလဲ အမှန်အတိုင်း ဖြေပေးရမယ်နော်။ မဟုတ်ရင် ခိုင်လဲရူးရလိမ့်မယ် ကိုကို"

စာမျက်နှာ ၂၅သို့ ➤

# ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲသီးနှံမျိုးစုံ ၃၅၅၅ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ငပုတော ဖေဖော်ဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲသီးနှံမျိုးစုံ ၃၅၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲသီးနှံမျိုးစုံ ၃၄၇၂ ဧက လျာထားပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ပဲသီးနှံမျိုးစုံ ၃၅၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ရာ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးပြီးဖြစ်သော ပဲသီးနှံမျိုးစုံ ၃၅၅၅ ဧကတွင် မတ်ပဲ ၁၀၆၆ ဧက၊ ပဲတီစိမ်း ၄၈၁ ဧက၊ ဗိုလ်ကိတ်ပဲ ၂၀၀၈ ဧကဖြစ်ကြောင်း သိရသည်။

"ဟိုင်းကြီးကျွန်းမြို့အနေနဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဗိုလ်ကိတ်ပဲသီးနှံအပါအဝင် ပဲသီးနှံမျိုးစုံ ၃၄၇၂ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက ဆောင်းသီးနှံတွေ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့နဲ့ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးတွေကို အချိုးကျအသုံးပြုတတ်စေဖို့၊ စိုက်ပျိုးထားတဲ့သီးနှံတွေကို ပိုးမွှားမကျရောက်စေဖို့ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းတွေက အဖွဲ့တွေခွဲပြီး မြေပြင်ထိကြိုတင်ကွင်းဆင်းပြီး တောင်သူ အသိပညာပေး လုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲသီးနှံမျိုးစုံအပါအဝင် ဆောင်းသီးနှံများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စသည့်ဌာနများ၊ အဖွဲ့အစည်းများက ဒေသခံ တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိုးကောင်းမြို့နယ် တောင်နီကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မိုးကောင်း ဖေဖော်ဝါရီ ၁၇**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ ရာသီမရွေး ကျေးလက်ထုတ်ကုန်၊ ထွက်ကုန်များ ကုန်စည်စီးဆင်းမှုလျင်မြန်လွယ်ကူစေရန်အတွက် တောင်နီကျေးရွာအုပ်စု တောင်နီကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းထွန်းဝင်း၊ မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်း၊ တာဝန်ခံ အင်ဂျင်နီယာတို့နှင့်အတူ တောင်နီကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် အခြားဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုမ္ပဏီတာဝန်ခံ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းအရည်အသွေးပြည့်မီရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

တောင်နီကျေးရွာ၌ လမ်းအရှည်ပေ ၃၃၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် မြေသားနှစ်ပေနှင့် သဲကျောက်ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၆၆ ဒသမ ၂၁၇ သန်းဖြင့် ဆုလာဘ်ဖော်ကုမ္ပဏီက ၂၀၂၃ ခုနှစ် နိုဝင်ဘာလ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ရာ အဆိုပါကုန်ထုတ်လမ်းဆောင်ရွက်ပြီးစီးပါက တောင်နီကျေးရွာရှိ ဒေသခံများ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုလွယ်ကူ လျင်မြန်လာမည်ဖြစ်ကြောင်း သိရသည်။ **ချစ်ဦးကို**



➤ စာမျက်နှာ ၂၄မှအဆက်

နှစ်ယောက်ကြား ခေတ္တတိတ်ဆိတ်ခြင်းက လွှမ်းမိုးသွားသည်။ ရုတ်တရက် အိတ်ကပ်ထဲမှ တစ်စုံတစ်ခုကိုထုတ်၍ ကိုကိုက လက်လှမ်းပေးသည်။ ထိုအရာသည် ဘာဖြစ်မည်နည်း။ သိချင်စိတ်တို့ဖြင့် ကိုကို့လက်တွင်းမှ တစ်ခုခုကို ခိုင်လှမ်းဆွဲယူလိုက်သည်။

"ဟင်"

မိုးကြိုးပစ်လိုက်သလိုပင် ထိတ်လန့်သွား၏။ သည်စာကို ကိုကိုဘယ်ကများရခဲ့ပါလိမ့်။ ဘာအတွက်သိမ်းဆည်းထားပါသလဲ။ ပြီးတော့ ခိုင့်ကိုပြရသည့်အကြောင်းရင်း။ စိတ်ထဲမှ မေးခွန်းများစွာဖြင့် ကိုကို့ကိုငေးစိုက်ကြည့်နေမိသည်။

"ဒါကဘာလဲကိုကို။ ဘာအရေးပါလို့လဲ။ ကိုကိုသိချင်နေတာဒါလား"

"အင်း ခိုင် ဘာလို့သိမ်းထားတာလဲ။ အခုချိန်ထိ အဝါရောင်ကြိုက်တုံးလား"

သဝန်တိုနေသည်လား၊ စိတ်ကောက်နေသည်လား မသဲကွဲသည့်အမေးဖြစ်သော်လည်း ခိုင့်စိတ်ထဲ ရယ်ချင်သလိုဖြစ်သွားမိ၏။ ခိုင့်ကိုချစ်လွန်း၍ သဝန်တိုနေတာပါလားဟူသောအသိဖြင့် ကြည်နူးသွားမိသည်။

"ခိုင် သိမ်းမထားလို့တွေ့တာပေါ့ ကိုကိုရယ်။ သိမ်းထားစရာအကြောင်းလဲမရှိသလို အဝါရောင်ကိုလဲ ခိုင်မကြိုက်ပါဘူး။ ကိုကို့ဘာသာ အတွေးလွန်ပြီး သံသယဆူးစူးနေတာကိုကိုရဲ့ သိလား။ ခိုင့်ဘဝကို ကိုကို့လက်ထဲပုံအပ်ထားပြီးပြီလေ။ ခိုင်က ကိုကို့အပိုင်ပါ ကိုကိုရယ်"

လက်ထဲမှစာရွက်လေးကို လုံးခြေလွှင့်ပစ်လိုက်ကာ ကိုကို့ရင်ခွင်ထဲ ခေါင်းလေးခွေ့ပြီးတိုးဝှေ့နေမိ၏။ တင်းကျပ်စွာချုပ်နှောင်လျက် ကျရောက်လာသော ကိုကို့လက်များကြောင့် ပို၍ပင်နွေးထွေးသွားသည်။

"ခိုင် မေးချင်တာ ဘာလဲ။ မေးလေ"

"ရုံးဝန်ထမ်းအသစ်က ကိုကို့အဆက်ဟောင်းဆို"

"ဟား ဟား ဟား သတင်းကြားပြီး စိတ်ပူနေတာပေါ့ ဟုတ်လား။ နောက်တစ်ပတ်ထဲမှာ ကုမ္ပဏီနှစ်ပတ်လည်ပွဲရှိတယ်။ ခိုင်နဲ့အတူတူ တက်မယ်။ ကိုကို့ဘေးနားမှာ ခိုင်ရှိနေရမယ် ဟုတ်ပြီလား"

"ဟုတ်ကဲ့ ကိုကို"

သံသယမီးသည် အချိန်မီမတားဆီးနိုင်ပါက လောင်ကျွမ်းလွယ်သည်ဖြစ်၏။ အစပျိုးနေသောလောင်စာကို ရှင်းလင်းနိုင်ခဲ့ပြီဖြစ်၍ ညှော်နံ့မအတွင်းတွင် ပျော်ရွှင်ကြည်နူးစွာပေါက်ဖွားလာသော အချစ်အနမ်းပွင့်များသာ ဝေဆာလျက်။

## စိတ်မာန်ကိုချီ လိုရာဆီ

- စိတ်ဓာတ်ချီ အားမာန်ဝင့်
လျှောက်ပါလင့် ရဲမာန်ဝင်
ဖွဲစိတ်နှင့်ပင်၊
တစ်နေ့တော့ ရောက်မှာသင်
ပန်းတိုင်လျှင် မျက်မြင်တွေ့၊
ရည်မှန်းရာ သည်ခရီး
မနီးပျော်မွေ့။

- လဲကျစေ စိတ်ကပွေ့လို့
တရွေ့ရွေ့သွားကာနေ
ကျရှုံးနေစေ၊
ကြိုးစား၍ ပြောင်းလဲပေ
နောင်မလွဲချေ ပြုခဲ့သမျှ၊
အသီးပွင့်ကို စံစားမလွဲတယ်
အောင်ပွဲနှင့်လှ။

- ကိုယ်သာကိုယ် အားကိုးကြလို့
ဖွဲလုံ့လ ရှိကြရင်
တိုးတက်မှာပင်၊
ကိုယ့်ဘဝ အပြစ်မတင်
မညီးနွမ်းသင် အားမာန်သွင်း၊
ရည်ရွယ်ရာ ကိုယ့်အားကိုးလို့
မိုးသို့ပျံရင်း။ ။

**မြင့်မိုရ်လင်း(ချောင်းဆုံ)**

# နမ့်စန်မြို့နယ် ဟိုင်းနားကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နမ့်စန် ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေများ တိုးပွားလာကာ ဆင်းရဲမှုနှုန်းလျော့ကျလာစေရန် ရည်ရွယ်၍ ဟိုင်းနားကြီးကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၂ ဒသမ ၇ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဟိုင်းနားကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၈၀ ကို ငွေကျပ် ၄၂ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

## စာအုပ်စာပေ လူ့မိတ်ဆွေ

# ဗလငါးတန် ပြည့်အားမာန် အမှန်မိတ္တပေါင်းသင်းကြ

**လင်းလက်**

❖ မိုင်ထောင်ချီသောခရီးတစ်ခု၏ ကနဦးအစဖြစ်သည့် ပထမဦးဆုံးသောခြေလှမ်းသည် အရေးကြီးသကဲ့သို့ မွေးဖွားခြင်းနှင့်သေဆုံးခြင်းကြား ဘဝခရီးကိုလျှောက်လှမ်းကြမည့်လူတစ်ဦးအတွက် ဘဝခရီးအစဖြစ်သည့်လူငယ်ဘဝက အရေးကြီးသည်။ လောကဇာတ်ခုံပေါ်တွင် ကံဇာတ်ဆရာအလိုကျ ကပြအသုံးတော်ခံကြရာ၌ အချိုးကျကျလှလှပပကာရန်ညီညွတ်စွာ ကပြနိုင်ရန်အတွက် မိတ္တဗလတည်းဟူသော မိတ်ကောင်းဆွေကောင်းနှင့် ပေါင်းသင်းဆက်ဆံ၍ ကောင်းမှုများနှင့် မွေ့လျော်နိုင်သူဖြစ်ရန် ကြိုးစားကြရမည်ဖြစ်သည်။ ❖

**ပထမဦး ဆုံးခြေလှမ်း**

လူတို့၏ သဘောသဘာဝသည် အသိုက်အဝန်းနှင့်နေထိုင်သည့်အလေ့အထရှိရာ တစ်ဦးတည်းရပ်တည်နေထိုင်ရန်မဖြစ်နိုင်သဖြင့် လူမှုပတ်ဝန်းကျင်၌ရှင်သန်ရပ်တည်နေထိုင်ရာတွင် လူမှုဆက်ဆံရေးက အလွန်အရေးကြီးသည်။ လူမှုဆက်ဆံရေးကောင်းမွန်သူတစ်ဦးသည် မည်သည့်အရပ်ဒေသတွင် နေထိုင်ရသည်ဖြစ်စေ မည်သည့်အလုပ်အကိုင်၌လုပ်ကိုင်ရသည်ဖြစ်စေ အောင်မြင်ပျော်ရွှင်သောဘဝကို ဖန်တီးရယူနိုင်ကြမည်ဖြစ်သည်။ မွေးဖွားခြင်းနှင့် သေဆုံးခြင်းတို့ကြား တိုတောင်းလှသည့်ကာလအတွင်းတွင် ရှင်သန်နေထိုင်ရသည့်လူတစ်ဦးအနေဖြင့် ဘဝအဓိပ္ပာယ်ပြည့်စုံနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ကြရာတွင် ပေါင်းသင်းဆက်ဆံရေးက အရေးကြီးပြီး မိတ်ကောင်းဆွေကောင်းနှင့် ပေါင်းဖက်မိရေးကပို၍ အရေးကြီးသည်။

မိုင်ထောင်ချီသောခရီးတစ်ခု၏ ကနဦးအစဖြစ်သည့်ပထမဦးဆုံးသောခြေလှမ်းသည် အရေးကြီးသကဲ့သို့ မွေးဖွားခြင်းနှင့်သေဆုံးခြင်းကြား ဘဝခရီးကိုလျှောက်လှမ်းကြမည့် လူတစ်ဦးအတွက် ဘဝခရီးအစဖြစ်သည့်လူငယ်ဘဝက အရေးကြီးသည်။ လောကဇာတ်ခုံပေါ်တွင် ကံဇာတ်ဆရာအလိုကျ ကပြအသုံးတော်ခံကြရာ၌ အချိုးကျကျလှလှပပကာရန်ညီညွတ်စွာ ကပြနိုင်ရန်အတွက် မိတ္တဗလတည်းဟူသော မိတ်ကောင်းဆွေကောင်းနှင့် ပေါင်းသင်းဆက်ဆံ၍ ကောင်းမှုများနှင့် မွေ့လျော်နိုင်သူဖြစ်ရန် ကြိုးစားကြရမည်ဖြစ်သည်။ "ဖေဖေ၊ မေမေ၊ ကိုကို၊ မမ"အစ ချီကာစကားပြောဖို့ကြိုးစားရင်းဖြင့် လူ့ဘဝနယ်တွင်းသို့ ဝင်ရောက်၍ လူတစ်ဦးအနေဖြင့် ရပ်တည်နေထိုင်ခြင်းကို အစပြုရသည့်ကလေးဘဝကတည်းက ယဉ်ကျေးလိမ္မာစွာပြုမူ၊ ပြောဆို၊ ဆက်ဆံနိုင်ရေးအတွက် မိဘဆွေမျိုးများက သွန်သင်ဆုံးမကြသည်။ စာသင်ကျောင်းသို့ရောက်သည့် အရွယ်တွင်လည်း ဆရာ၊ ဆရာမများက ချိုသာယဉ်ကျေးစွာပြုမူပြောဆိုနေထိုင်နိုင်ရေးသွန်သင်ဆုံးမကြသည်။ ဘဝနယ်သို့ တိုးဝင်ရသည့်အရွယ်တွင်လည်း တစ်ကိုယ်ကောင်းစိတ်ဖြင့် မိမိအတွက်ချည်းဟူသောပြုမူ၊ ပြောဆိုမှုများမပြုလုပ်ဘဲ မိမိသူတစ်ပါးနှစ်ဦးနှစ်ဖက် အကျိုးရှိစေသောပြုမူ၊ ပြောဆိုမှုများကိုပြုလုပ်တတ်စေရန် ဘာသာတရားများက ထိန်းကျောင်းတည့်မတ်ပေးသည်။

**နှုနယ်ခဉ်မှာလိုရာသို့ပုံသွင်းပါ**

ငယ်စဉ်အခါတွင် ကောင်းမွန်စွာပြုစုပျိုးထောင်ခံရခြင်းမရှိသကဲ့သို့ အဆွေခင်ပွန်းကောင်းတို့ဖြင့် ပေါင်းသင်းဆက်ဆံရခြင်းမရှိဘဲ မကောင်းမှုဒုစရိုက်များဖြင့်သာ မွေ့လျော်ခဲ့ရသူများအနေဖြင့် အရွယ်ရောက်လာသည့်အခါ ဘာသာတရားများကမည်သို့ပင် ညွှန်ပြစေကာမူ မကောင်းမှုနှင့်သာမွေ့လျော်နေမည်ဖြစ်သည်။ လူငယ်သည် လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ပင်ဖြစ်ပြီး ထိုထက်ပို၍ ကျယ်ကျယ်ပြန့်ပြန့်တွေးကြည့်မည်ဆိုပါက ကမ္ဘာကြီး၏ အနာဂတ်ပင်ဖြစ်သည်။ ပေါင်းသင်းဆက်ဆံရေးတွင် အပြောအဆိုချိုသာယဉ်ကျေးခြင်းက အရေးကြီးဆုံးဖြစ်သည်။ စကားအရာတွင်လိမ္မာ၍ တစ်ဖက်သားကိုနားလည်အောင် ပြောဆိုတတ်သူများသည် မိတ်ဆွေပေါများရသဖြင့် ငယ်စဉ်ကတည်းကအပြောအဆိုချိုသာယဉ်ကျေးသူတစ်ဦးဖြစ်စေရန် လေ့ကျင့်သင်ကြားပေးနေရခြင်းဖြစ်သည်။

ရှင်မဟာရဋ္ဌသာရ၏ ဆုံးမစာတွင် မိတ္တဗလပြည့်စုံရေးအတွက် ကြိုးစားဆောင်ရွက်သင့်သည်ကို "တစ်ယောက်စကား၊ တစ်ယောက်နားမှာ၊ မခါးရအောင်၊ သတိဆောင်၍၊ မောင်တို့ဆိုလေ၊ ပျားသကာသို့ ချိုလှစေ"ဟု ဆုံးမထားသည်။ စကားအရာတွင် လိမ္မာပါးနပ်၍ ချိုသာယဉ်ကျေးစွာ ပြောဆိုဆောင်ရွက်တတ်သူများအနေဖြင့် မိမိအလိုရှိရာကို လွယ်လင့်တကူပင်ရယူဆောင်ရွက်နိုင်ကြသည်။ ငယ်စဉ်ကတည်းက ကောင်းမွန်စွာပဲ့ပြင်ထိန်းကျောင်းခံခဲ့ရသူများသည် ကြီးပြင်လာသည့်အခါ လူမှုပတ်ဝန်းကျင်တွင် ဝင်ဆံ့သောစကားအရာ၌ လိမ္မာတတ်ကျွမ်းသောသူများဖြစ်လာကာ ကျင်လည်ရာပတ်ဝန်းကျင်ကို အကျိုးပြုနိုင်သူများဖြစ်လာကြမည်ဖြစ်သည်။

**ကျေးညီနောင် ဥပမာ**

"တံငါနားနီးတံငါ မုဆိုးနားနီးမုဆိုး" ဆိုသည့်စကားနှင့်အညီ မိမိနေထိုင်ကြီးပြင်းခဲ့ရာပတ်ဝန်းကျင်နှင့် အပေါင်းအသင်းများက မိမိ၏ပြုမူပြောဆိုလုပ်ကိုင်ဆောင်ရွက်မှုများအပေါ် လွှမ်းမိုးမှုရှိသည်။ ငယ်စဉ်ကသင်ကြားခဲ့ဖူးသည့် ပုံပြင်လေးတစ်ပုဒ်ဖြစ်သည့်ကျေးညီနောင်ပုံပြင်ကို ဥပမာပေးတင်ပြလိုသည်။ အသိုက်တစ်ခုတည်းက ကျေးညီနောင်နှစ်ကောင်သည် လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် အသိုက်မှလွင့်ထွက်ကာ တစ်နေရာစီရောက်သွားရာတွင် တစ်ကောင်က ခိုးသားဓားပြတို့တည်ရှိရာနေရာသို့ ရောက်ပြီး ကျန်တစ်ကောင်က တရားဓမ္မနှင့်မွေ့လျော်သည့်ရသေ့၊ ရဟန်းတို့၏ ကျောင်းသင်္ခမ်းသို့ ကျရောက်သွားသည်။ ရသေ့တို့ထံရောက်သောကျေးသားက လိမ္မာယဉ်ကျေးလာပြီး ခိုးသားဓားပြတို့ထံရောက်သောကျေးသားကရိုင်းစိုင်းလာသည်ကို သတိပြု၍ လူငယ်များသည်လည်း လူလိမ္မာနှင့်သာပေါင်းသင်းဆက်ဆံ၍ ဘဝကိုတိုးတက်ရန် ကြိုးစားသင့်ပေသည်။

လူငယ်များကို ထူးချွန်ထက်မြက်ပြီး ဗလငါးတန်နှင့်ပြည့်ဝကာ နိုင်ငံတော်က အားကိုးအားထားပြုရသည့် လူငယ်များဖြစ်လာစေရေးအတွက် အခြေခံအဆုံးအမတစ်ခုဖြစ်သည့် ၃၈ ဖြာမင်္ဂလာတရားတော်များတွင် လူငယ်များ၏ဘဝတိုးတက်ရေးအတွက် ပေါင်းသင်းဆက်ဆံရေး၊ မိတ္တဗလပြည့်စုံရေးက အရေးကြီးသည်ကို ညွှန်ပြဆုံးမထားသည်။ "အသေဝနာစ ဗာလာနံ"လူမိုက်ကိုပေါင်းသင်းဆက်ဆံမှု၊ မှီဝဲ ဆည်းကပ်မှုမရှိခြင်း၊ "ပဏ္ဍိတာနဉ္စ သေဝနာ" ပညာရှိလူလိမ္မာကိုသာ ပေါင်းသင်းဆက်ဆံခြင်း၊ မှီဝဲဆည်းကပ်ခြင်းတို့သည် "ဧတံမင်္ဂလမုတ္တမံ"မင်္ဂလာမည်၏ဟုဆုံးမထားသည်။ လူမိုက်ဆိုသည်မှာ အသိဉာဏ်ဆင်ခြင်တုံ တရားကင်းမဲ့သူ၊ မိုက်မဲသူဖြစ်ပြီး ပြုမူ၊ ပြောဆို၊ လုပ်ကိုင်ဆောင်ရွက်မှုမှန်သမျှသည် မကောင်းမှုကိုသာ ဦးတည်တတ်သဖြင့် တတ်နိုင်သလောက် ရှောင်ရှားသင့်သည်။

**အတုယူမမှားစေရန်**

သတ္တဝါတို့၏သဘောသဘာဝသည် နီးစပ်ရာပတ်ဝန်းကျင်၊ မိမိနှင့် နီးစပ်သူတို့၏ အပြုအမူ၊ အပြောအဆိုတို့ကို မသိစိတ်ကအလိုလိုအတုယူ၍ လိုက်လံပြုကျင့်တတ်သဖြင့် လူငယ်တို့၏ဖြူစင်သောဘဝတွင် မိတ်ကောင်းနှင့်ပေါင်းဖက်ရရေးသည် အလွန်အရေးကြီးသည်။ ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထုများအနက်မှ ဂိရိဒတ္တဇာတ်သည် နီးစပ်ရာကိုအတုယူမိကာ မင်္ဂလာမြင်းတော်ပင် ခြေခွင်၍ အသွင်မလှဖြစ်ခဲ့ရသည်ကို ဥပမာပေးသည့်ဇာတ်တော်ပင်ဖြစ်သည်။ ဗာရာဏသီပြည်ရှိသာမမင်းသည် ၎င်း၏ ပဏ္ဍဝအမည်ရှိသောမင်္ဂလာမြင်းတော်ကို ထိန်းကျောင်းရန် မြင်းထိန်းတစ်ဦးဖြစ်သည့် ဂိရိဒတ္တကိုတာဝန်ပေးခဲ့သည်။ မြင်းထိန်းဂိရိဒတ္တသည် ခြေခွင်နေသောသူတစ်ဦးဖြစ်သဖြင့် မင်္ဂလာမြင်းတော်ကို နှာရှုပ်ကြိုးကိုင်၍ ရှေ့ကနေသွားသည့်အခါ ခြေခွင်နေသဖြင့် ထော့နဲ့ထော့နဲ့ဖြင့်သွားရသည်။ အချိန်ကြာလာသည့်အခါ မင်္ဂလာမြင်းတော်ကလည်း ထော့နဲ့ထော့နဲ့ဖြင့် လမ်းလျှောက်တတ်လာသည်။ မင်္ဂလာမြင်းတော်နှင့် မလျော်ညီသောအခြေအနေသို့ ရောက်ရှိလာသည့်အခါ ဆေးဆရာဖြင့် ကုသော်လည်း မပျောက်သဖြင့် ဘုရားလောင်းပညာရှိရောက်ရှိလာပြီး မြင်းထိန်းကို ခြေမခွင်သောသူဖြင့်လဲလိုက်သည့်အခါမှ မင်္ဂလာမြင်းတော်က ပုံမှန်လမ်းပြန်လျှောက်သွားခြင်းသည် နီးစပ်ရာအတုယူတတ်သည့် သတ္တဝါတို့၏ စိတ်ကိုပြသနေခြင်းဖြစ်သဖြင့် လူငယ်များအနေဖြင့် အပေါင်းအသင်းကြောင့် မကောင်းသတင်းထွက်မည့်အခြေအနေကို ရှောင်ရှားနိုင်ရန် ကြိုးစားရမည်ဖြစ်သည်။

**မကောင်းသည့်ဓာတ်မကူးစက်စေရန်**

"စိတ်"ဆိုသည်မှာ "အာရုံကိုသိတတ်သောသဘောတရား၊ စွဲလမ်းမှု" ဟုအဓိပ္ပာယ်ရပြီး "ဓာတ်" ဆိုသည်မှာ "ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောကဲ့သို့သော အရင်းခံသဘော"ဟု အဓိပ္ပာယ်ရသည်။ "ဓာတ်"ဆိုသည့်သဘောမှာ ကူးစက်တတ်သည့်သဘောရှိသဖြင့် လူမိုက်နှင့်ပေါင်းသင်းမိသည့်အခါ လူမိုက်၏ မကောင်းသည့် "ဓာတ်" များကူးစက်လာသဖြင့်အချိန်ကြာလာသည်နှင့်အမျှ မိမိ၏စိတ်တွင်စွဲလမ်းမှုအသွင်အဖြစ် ဖြစ်တည်လာကာ "စိတ်ဓာတ်" ယိမ်းယိုင်လာပြီး ကိုယ်တိုင်မကောင်းမှုကျူးလွန်လာတတ်သည်။ "မကောင်းမှုတို့ကိုသာ အစဉ်အမြဲတွေးတောခြင်း၊ ကြံစည်ခြင်း၊ လုပ်ကိုင်ဆောင်ရွက်ခြင်း" တို့သည် လူမိုက်၏ သဘောသဘာဝများပင်ဖြစ်သည်။ ထိုအပြုအမူများကို မြင်တွေ့ရဖန်များလာသည့်အခါ ပုံမှန်ဖြစ်ရိုးဖြစ်စဉ်ကဲ့သို့ပင်မှတ်ယူကာ ကိုယ်တိုင်ထိုကဲ့သို့ပြုကျင့်မိလာတတ်သဖြင့် လူငယ်များအနေဖြင့် "လူမိုက်ဆိုလျှင် ရှောင်သွေလွဲလို့ မမှီဝဲနဲ့ကင်းအောင်နေ"ဆိုသည့် မင်္ဂလာတရားတော်နှင့်အညီနေထိုင်နိုင်ရန် ကြိုးစားသင့်ပေသည်။

အရက်၊ ကွမ်းယာ၊ ဆေးလိပ်သောက်တတ်သူနှင့် ပေါင်းဖက်မိသည့်အခါ မိမိ၏ခြေလှမ်းများကဦးတည်ချက်မှားကာ အပေါင်းအသင်းခေါ်ဆောင်ရာအရက်ဆိုင်သို့သာဦးတည်သွားနိုင်သဖြင့် သတိပြုဆင်ခြင်အပ်သည်။ မူးယစ်ဆေးဝါးသုံးစွဲတတ်သူနှင့်ပေါင်းဖက်မိ၍ ကိုယ်တိုင်မူးယစ်ဆေးဝါးမသုံးစွဲတတ်သော်လည်း လက်တည့်စမ်း၍သုံးစွဲကြည့်ရာမှ ဆေးစွဲပြီး ဘဝပျက်သွားတတ်သဖြင့် ဂရုပြုသင့်သည်။ ငွေကြေးချမ်းသာမှုကိုအလေးထား၍ မတော်လောဘတက်ကာ မိမိအတွက်ကိုချည်း စဉ်းစားတတ်သည့် လူတချို့နှင့်ပေါင်းဖက်မိပြီး ငွေအရလွယ်သည့် မကောင်းမှုဒုစရိုက်လုပ်ငန်းများဖြစ်သည့် "ခိုးမှု၊ လိမ်လည်မှု၊ သူတစ်ပါးပစ္စည်းမတရားရယူမှု၊ ငွေကြေးလိမ်လည်မှုနှင့်ခဝါချမှု၊ အဂတိလိုက်စားမှု၊ ခြိမ်းခြောက်ငွေညှစ်မှု" စသည့် လုပ်ငန်းများကိုပြုလုပ်၍ အသက်မွေးဝမ်းကျောင်းပြုမိကြမည်ဆိုပါက မိမိနှင့်မိမိပတ်ဝန်းကျင်ကိုပျက်စီးစေနိုင်ပြီး နောက်ဆုံးတွင်နိုင်ငံ၏ အနာဂတ်ကိုပါ ပျက်စီးစေသဖြင့် မကောင်းမှုဒုစရိုက်ကျူးလွန်သူများနှင့် ပေါင်းဖက်မိခြင်းမရှိစေရန် သတိပြုသင့်ပေသည်။

**ဗလငါးတန်ပြည့်ဝစေရန်**

စာပေဖတ်ရှုလေ့လာပြီး အားလပ်ချိန်တိုင်းကို ကျောင်းစာကြည့်တိုက်၌သာ အချိန်ကုန်လွန်စေတတ်သောမိတ်ဆွေနှင့်ပေါင်းဖက်မိပါက မိမိကိုယ်တိုင်လည်းစာကြည့်တိုက်သို့သွား၍ စာအုပ်ဖတ်သည့်အလေ့အထရှိလာမည်ဖြစ်ပြီး ဉာဏဗလပြည့်စုံသူတစ်ဦးဖြစ်လာမည်ဖြစ်သည်။ အားကစားပြုလုပ်သူနှင့် ပေါင်းဖက်မိသည့်အခါ ကိုယ်တိုင်အားကစားပြုလုပ်သူတစ်ယောက် ဖြစ်လာမည်ဖြစ်ပြီး ကာယဗလပြည့်စုံသည့် လူငယ်တစ်ဦးဖြစ်လာမည်ဖြစ်သည်။ စိတ်ဓာတ်မွန်မြတ်၍ ဖြောင့်မတ်တည်ကြည်ပြီး ကောင်းမှု၌သာ မွေ့လျော်သူ၊ မကောင်းမှုတို့ကိုပြုလုပ်လေ့မရှိသူနှင့် ပေါင်းဖက်မိသည့်အခါ ကိုယ်တိုင်ကိုယ်ကျင့်သိက္ခာကောင်းမွန်သောစာရိတ္တဗလပြည့်စုံသူတစ်ဦးဖြစ်လာမည်ဖြစ်သည်။

မိမိရသင့်ရထိုက်သောဥစ္စာပစ္စည်းများကို ရရှိရန်မွန်မြတ်သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြင့် အသက်မွေးသူနှင့်ပေါင်းဖက်မိသည့်အခါ ကိုယ်တိုင်ကောင်းမွန်သောအသက်မွေးမှုဖြင့် ဘောဂဗလပြည့်စုံရေး ကြိုးစားသည့်လူငယ်ဖြစ်လာမည်ဖြစ်သည်။ ဗလငါးတန်ပြည့်ဝသည့် လူငယ်တစ်ဦးဖြစ်လာစေရေးအတွက် မိတ်ကောင်းဆွေကောင်းနှင့် ပေါင်းဖက်ရခြင်းသည်အရေးကြီးပြီး မိတ်ဆွေကောင်းနှင့်ပေါင်းဖက်မိခြင်းမရှိပါက ကျန်သောခွန်အားများကိုပါ ဆုံးရှုံးနိုင်မည်ဖြစ်သဖြင့် ဗလငါးတန်ပြည့်ဝစေရန် မိတ်ကောင်းဆွေကောင်းနှင့် ပေါင်းဖက်၍ ဘဝတက်လမ်းကို ရှာဖွေနိုင်ကြသည့်လူငယ်များဖြစ်လာရန် ဦးတည်ရေးသားဖော်ပြလိုက်ရပါသည်။

**ကိုးကား**

**- ဆုံးမစာပေါင်းချုပ်ကြီး၊ မာဃဝ။**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဇန်နဝါရီလတွင် ကျားပျံစပါးတင်းရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ဘိုကလေး ဖေဖော်ဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဇန်နဝါရီလတွင် ကျားပျံစပါးတင်းရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဘိုကလေးမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလက ကျားပျံစပါးတင်းရေ ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ ကျားပျံစပါးတင်းရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇန်နဝါရီလက ကျားပျံစပါးတင်းရေ ၈၅၀၀၀ ထိ ရန်ကုန်စျေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဘိုကလေးမြို့ကနေ စပါးတွေ၊ ဆန်တွေနဲ့ အခြားလယ်ယာထွက်ကုန်တွေ ရန်ကုန်စျေးကွက်ကို အများဆုံးတင်ပို့ရောင်းချပါတယ်။ ကျားပျံစပါးအမျိုးအစားက အချောအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်စျေးကွက်က ဝယ်ယူမှုများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ ကျားပျံစပါးအမျိုးအစားကို ရန်ကုန်စျေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြားစပါးတွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်းမှာတော့ လတ်တလောအနေနဲ့ပါ ကျားပျံစပါးအမျိုးအစားက အရောင်းအဝယ် ပိုဖြစ်နေပါတယ်"ဟု ဘိုကလေးမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလက တင်ပို့ရောင်းချခဲ့သည့် ကျားပျံစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၂၂၅၀၀၀၀ ထိ စျေးပေါက်နေကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့် အလမ်းရရှိနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ပဲခူးမြို့နယ် တမာပင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပဲခူး ဖေဖော်ဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တမာပင်ကျေးရွာတွင် စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၃ ဒသမ ၇ သန်း လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တမာပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ် ၁၈ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ကိုင်သူ ၅၉ ဦးကို ၁၁ ဒသမ ၉ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦး ၃ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား အသင်းသူ ၁၃၇ ဦးကို ငွေကျပ် ၃၃ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သုတ**

# မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၂၇၀၈၃ ဧက စိုက်ပျိုးပြီးစီး

**မုံရွာ ဖေဖော်ဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၂၇၀၈၃ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၂၇၃၀၁ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၂၇၀၈၃ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ဆီထွက်သီးနှံ ၂၇၃၀၁ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လက်ရှိမှာတော့ ၂၇၀၈၃ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ စားသုံးဆီဖူလုံရေးနဲ့ ဆီထွက်သီးနှံတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်နေပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။



မုံရွာမြို့နယ်တွင် ဆီထွက်သီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၆၇၅၃ ဧက၊ နှမ်း ၁၂၅၅၅ ဧက၊ နေကြာ ၇၇၇၅ ဧက စုစုပေါင်း ၂၇၀၈၃ ဧက တို့ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် မြေပဲ ၆၈၃၆ ဧက၊ နှမ်း ၁၂၇၂၀ ဧက၊ နေကြာ ၇၇၄၅ ဧက စုစုပေါင်း ၂၇၃၀၁ ဧကတို့ဖြစ်ကြောင်း သိရသည်။

မုံရွာမြို့နယ်တွင် ဆီထွက်သီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရန်အတွက် နည်းပညာများဆောင်ရွက်ပေးလျက်ရှိကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# ချောက်မြို့နယ် စမ်းနီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**ချောက် ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သစ်တိုကန်ကျေးရွာအုပ်စု စမ်းနီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် စမ်းနီကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ်ပုံမှန်ဖြည့်သွင်းရမည့် စာရင်းဇယားများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လုပ်ငန်းအမျိုးအစားအလိုက် ရန်ပုံငွေထုတ်ချေးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စမ်းနီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၈ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၄ ဦးကို ငွေကျပ် ၄၀ ဒသမ ၂ သန်းကို ထုတ်ချေးပေးထားရာ အဆိုပါစီမံကိန်းရန်ပုံငွေများဖြင့် တစ်နိုင်တစ်ပိုင်အသေးစားစီးပွားရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့်အတွက် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာကြောင်း ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်က ပြောပြ၍ သိရသည်။ **အထွေး**

# မင်းဘူးမြို့နယ် ရွှေချောင်းကျေးရွာ၌ ၄၀၀ ပို့ဗာတ်အားလိုင်းသွယ်တန်းပြီးစီးမှု စစ်ဆေး

**မင်းဘူး ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝတိုးတက်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် ရွှေချောင်းကျေးရွာ ကျေးရွာတွင်း ၄၀၀ ဗို့ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၁၆ ရက် ညနေပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မင်းဘူးမြို့နယ် ရွှေချောင်းကျေးရွာ၌ အရှည်ပေ ၆၃၀ ရှိ ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းခြင်း လုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၅၅ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၇ ဒသမ ၂၆ သိန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဖေဖော်ဝါရီ ၅ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုထံမှ သိရသည်။ **ခင်မာ**

တိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# စစ်ရေးစွမ်းရည်တည်ဆောက်မှု အရှိန်မြှင့်တင်နေသောဖိလစ်ပိုင်

ဝင်းဇင်(သုတေသန)



ဖိလစ်ပိုင်နိုင်ငံအနေဖြင့် စစ်ရေးစွမ်းဆောင်မှုကို အနိမ့်ဆုံးအဆင့် ဟန့်တားနိုင်မှုစွမ်းဆောင်ရည်မှသည် ကမ္ဘာ့အဆင့်မီတပ်မတော်တစ်ရပ်အဖြစ် အရှိန်မြှင့်တင် တည်ဆောက်လျက်ရှိကြောင်း ဖိလစ်ပိုင်တပ်မတော်(AFP)မှပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးမီဒျေးလော်ဂီက သတင်းထောက်များကို ပြောကြားသွားခဲ့သည်။

ဗိုလ်မှူးကြီးမီဒျေးလော်ဂီက စစ်ရေးစွမ်းဆောင်ရည်မြင့်မားလာသောတရုတ်နိုင်ငံကဲ့သို့ မဟာအင်အားကြီးနိုင်ငံများကို ရင်ဆိုင်နိုင်ရေးအတွက် ဖိလစ်ပိုင်တပ်မတော်ကို အလယ်အလတ်အဆင့်စွမ်းအားရှိသောတပ်မတော်တစ်ရပ်အဖြစ်သို့ ပြုပြင်ပြောင်းလဲတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ကာကွယ်ရေးအသုံးစရိတ်အတွက် ခွင့်ပြုထားသော အမေရိကန်ဒေါ်လာ ၃၆ ဘီလီယံမှ ရေငုပ်သင်္ဘောများ ဝယ်ယူသွားရန်ဆုံးဖြတ်ထားရှိကြောင်း ပြောကြားသွားခဲ့သည်။

ထို့ပြင် ဖိလစ်ပိုင်ရေတပ် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် ရွိုင်ဗင်ဆင့်ကလည်း မိမိတို့အနေဖြင့် ရေငုပ်သင်္ဘောသုံးစီးခန့် ထပ်မံဝယ်ယူသွားရန် လိုအပ်ကြောင်း၊ ၂၀၁၂ ခုနှစ်က စတင်အကောင်အထည်ဖော်ခဲ့သည့် ကာကွယ်ရေးဆိုင်ရာခေတ်မီအဆင့်မြှင့်တင်မှု ၁၅ နှစ်စီမံကိန်းအရ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ခေတ်မီတိုက်လေယာဉ်များ၊ စစ်သင်္ဘောများနှင့် ဒုံးကျည်စနစ်များလည်း ဝယ်ယူဖြည့်တင်းသွားရန် လိုအပ်ကြောင်း ပြောကြားသွားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည် ၂၀၂၄ ခုနှစ် မတ်လတွင် အိန္ဒိယနိုင်ငံထုတ် Brahmos အမျိုးအစား အသံလွန်ဒုံးကျည်စနစ်ကိုလည်း လက်ခံရရှိသွားမည်ဖြစ်ကြောင်း၊ ၎င်းစနစ်သည် အနာဂတ်အတွက် ခေတ်မီဆန်းသစ်သော စစ်လက်နက်ပစ္စည်းများဝယ်ယူမှု၏ ရှေ့ပြေးနိမိတ်ပင်ဖြစ်ကြောင်း၊ Brahmosဒုံးကျည်သည် ဖိလစ်ပိုင်နိုင်ငံကို အသံလွန်နည်းပညာခေတ်သို့ ပို့ဆောင်ပေးနိုင်သော အဆုံးအဖြတ်ပေးမည့်လက်နက်စနစ်ပင်ဖြစ်ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံသည် အသံထက် သုံးဆမြန်သော ခရုဇ်ဒုံးပျံတပ်ခွဲသုံးခုတွင် တပ်ဆင်သွားမည်ဖြစ်ကြောင်း အမျိုးသားလုံခြုံရေးကောင်စီ ပြောရေးဆိုခွင့်ရှိသူ ဂျွန်နသန်မာလယာက ပြောကြားသွားခဲ့သည်။

အရှေ့တောင်အာရှနိုင်ငံဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံသည် သမားရိုးကျနှင့်အချိုးမညီသော စစ်ရေးစွမ်းဆောင်ရည်များ တည်ဆောက်သွားလိုသောဆန္ဒပြင်းပြလျက်ရှိသည်။ အကြောင်းမှုကား ဖိလစ်ပိုင်အနေဖြင့် ပိုင်နက်နယ်မြေအငြင်းပွားလျက်ရှိသော တောင်တရုတ်ပင်လယ်အရေးအပြင် တရုတ်(တိုင်ပေ)အရေးတို့အပါအဝင် တရုတ်နိုင်ငံနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်လာနိုင်သော အရေးပေါ်အခြေအနေများအတွက် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ရလျက်ရှိသည်။ တရုတ်(တိုင်ပေ)နှင့် ဖိလစ်ပိုင်နိုင်ငံကို မြောက်ပိုင်းပြည်နယ်များမှ ကျဉ်းမြောင်းသော ဘာရှိရေလက်ကြားဖြင့် ပိုင်းခြားထားသည်။

လက်ရှိအချိန်တွင် အရှေ့တောင်အာရှ၏စီးပွားရေးအလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ဖိလစ်ပိုင်နိုင်ငံသည် ကာလရှည်ကြာ လျစ်လျူရှုထားသော တပ်မတော်အတွက် ကာကွယ်ရေးဆိုင်ရာဘဏ္ဍာငွေအရင်းအမြစ်များ ပိုမိုရရှိလာပြီဖြစ်သည်။

၁၉၇၀ ပြည့်လွန်နှစ်များတွင် ဖိလစ်ပိုင်သည် အိမ်နီးချင်းနိုင်ငံငယ်များကို ခြိမ်းခြောက်ခဲ့ပြီး စပရတ်တလီကျွန်းစုများ၌ စစ်ဘက်ဆိုင်ရာအဆောက်အအုံများဆောက်လုပ်ခဲ့သည်။ ထိုစဉ်က အမေရိကန်သည် တောင်တရုတ်ပင်လယ်တွင် ပိုင်ဆိုင်မှုအငြင်းပွားနေသောနိုင်ငံများနှင့် ပဋိပက္ခဖြစ်ပွားလာမည်ကိုစိုးရိမ်မကင်းဖြစ်ခဲ့သည်။ ထို့ကြောင့် အမေရိကန်သည် တောင်တရုတ်ပင်လယ် အငြင်းပွားမှုနှင့်စပ်လျဉ်း၍ အဓိပ္ပာယ်နှစ်ရပ်ကောက်ယူနိုင်သော မဟာဗျူဟာကို ကာလရှည်ကြာ စွဲကိုင်ထားလျက်ရှိသည်။

ထိုစဉ်က ဖိလစ်ပိုင်နိုင်ငံသည် Sabah ကျွန်းကို ပြန်လည်ထိန်းချုပ်နိုင်ရေးအတွက် မလေးရှားကို ကျူးကျော်တိုက်ခိုက်ခဲ့သည်။ ရေနံကြွယ်ဝသော Sabah ကျွန်းသည် တစ်ချိန်က Sulu ပြည်နယ်ထိန်းချုပ်မှုအောက်တွင်ရှိခဲ့သော်လည်း လက်ရှိအချိန်တွင် ဖိလစ်ပိုင်နိုင်ငံ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်နေပြီဖြစ်သည်။ သို့သော် အဂတိလိုက်စားမှုများ၊ နိုင်ငံရေးမတည်ငြိမ်မှုများနှင့် မတည်မငြိမ်ဖြစ်နေသော မင်ဒါနာအိုကျွန်းတွင် ဆယ်စုနှစ်များစွာကြာ သောင်းကျန်းသူများရှိနေခြင်းသည် ဖိလစ်ပိုင်နိုင်ငံ၏စစ်ရေးစွမ်းဆောင်ရည်များကို တဖြည်းဖြည်းယိုယွင်းဆုတ်ယုတ်လာစေခဲ့သည်။

၂၀ ရာစုကုန်ပိုင်းခန့်တွင် ကမ္ဘာ့အကြီးမားဆုံးကျွန်းစုများပိုင်ဆိုင်ထားရှိသည့် ဖိလစ်ပိုင်နိုင်ငံသည် ဒေသတွင်း၌ အသေးဆုံးနှင့် ခေတ်နောက်အကျဆုံးရေတပ်များအနက်မှ တစ်ခုအဖြစ် ရပ်တည်လာတော့သည်။ သောင်းကျန်းသူများနှင့် ဆယ်စုနှစ်များစွာကြာ တိုက်ပွဲဆင်နွှဲနေရသော ဖိလစ်ပိုင်ကြည်းတပ်သည် AFP ၏အရင်းအမြစ်များကို အများဆုံးအသုံးပြုလျက်ရှိသည်။ ထို့ပြင် ဖိလစ်ပိုင်နိုင်ငံအနေဖြင့် နှစ်ပေါင်းများစွာကြာသည့်တိုင်အောင် အသံလွန်တိုက်လေယာဉ်တစ်စင်းမျှ ပိုင်ဆိုင်နိုင်ခြင်းမရှိခဲ့ပေ။

၂၁ ရာစု၏ ပထမဆယ်စုနှစ်ကာလတစ်လျှောက်တွင် ဖိလစ်ပိုင်နိုင်ငံသည် အမေရိကန်သမ္မတဂျော့ဒဗလျူဘုရှ်အစိုးရအဖွဲ့၏ ကမ္ဘာလုံးဆိုင်ရာအကြမ်းဖက်ဝါဒတိုက်ဖျက်ရေးအတွက် ဒုတိယရှေ့တန်းမျက်နှာစာအဖြစ် သယ်ပိုးခဲ့ရသဖြင့် ဖိလစ်ပိုင်၏စစ်ဘက်စွမ်းဆောင်ရည်များတွင် ကွာဟချက်များ ပိုမိုဖြစ်ပေါ်စေခဲ့သည်။ သို့သော် ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၆ ခုနှစ်ထိ တာဝန်ထမ်းဆောင်ခဲ့သော သမ္မတဘင်နစ်ခိုအကွီနိုလက်ထက်တွင် ပြောင်းလဲမှုများစတင်ခဲ့သည်။ ၎င်းသည် ဖိလစ်ပိုင်ရေတပ်နှင့် လေတပ်ကို ခေတ်မီအောင် အလျင်အမြန်တည်ဆောက်သွားမည့် AFP ခေတ်မီအဆင့်မြှင့်တင်မှု အက်ဥပဒေကိုပြဋ္ဌာန်းခဲ့သည်။

ထို့နောက် နှစ်အနည်းငယ်အတွင်းမှာပင် ဖိလစ်ပိုင်နိုင်ငံသည် တောင်ကိုရီးယားနိုင်ငံမှ အမေရိကန်ဒေါ်လာ ၄၁၅ ဒသမ ၇ သန်းတန်ဖိုးရှိသော ခေတ်မီတိုက်လေယာဉ်များဝယ်ယူခဲ့သည်။ အလားတူ ဖိလစ်ပိုင်ရေတပ်အနေဖြင့်လည်း အမေရိကန်ဒေါ်လာသန်း ၄၀၀ တန်ဖိုးရှိသော BRP Gregorio Del Pilar (PF15)၊ BRP Ramon Alcaraz (PF16)၊ Hamilton နှင့် Hero အတန်းအစား စစ်ရေယာဉ်များ ဝယ်ယူခဲ့သည်။ ကာကွယ်ရေးအသုံးစရိတ်သည် ၂၀၀၄ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ၃၆ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။

ထို့ပြင် ကာကွယ်ရေးအဆင့်မြှင့်တင်မှုတွင် ၎င်း၏ မဟာမိတ်များ၏ပံ့ပိုးကူညီမှုအနေဖြင့် အမေရိကန်သည် ပြီးခဲ့သည့်နှစ်များအတွင်း ဖိလစ်ပိုင်နိုင်ငံကို နိုင်ငံခြားစစ်ရေးအထောက်အပံ့အကူအညီများ တိုးမြှင့်ပေးအပ်ခဲ့သည်။ ထို့ပြင် အဓိကမိတ်ဖက်နိုင်ငံများဖြစ်သည့် ဂျပန်နိုင်ငံကလည်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့ကို ဘက်စုံသုံးကင်းလှည့်ရေယာဉ်များ ပံ့ပိုးခဲ့သကဲ့သို့ တောင်ကိုရီးယားနိုင်ငံကလည်း ဖိလစ်ပိုင်ရေတပ်အတွက် Pohang အတန်းအစား ကော်ဗက်စစ်ရေယာဉ်တစ်စီး လှူဒါန်းခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည် မူလက တရုတ်နိုင်ငံနှင့် စပ်လျဉ်း၍ အနိမ့်ဆုံးဟန့်တားနိုင်မှုစွမ်းဆောင်ရည် တည်ဆောက်ရန် မျှော်မှန်းထားရှိသည်။ သို့သော် လက်ရှိအချိန်တွင် အတားအဆီးများနှင့် နှောင့်နှေးကြန့်ကြာမှုများရှိနေသည့်တိုင်အောင် အရှေ့တောင်အာရှနိုင်ငံ၏ စစ်ဘက်ဆိုင်ရာခေတ်မီအဆင့်မြှင့်တင်ရေးကြိုးပမ်းမှုသည် ၂၁ ရာစု၏ အလယ်အလတ်အဆင့်ရှိသော တပ်မတော်တစ်ရပ်အဖြစ် တည်ဆောက်သွားရန် မျှော်မှန်းထားရှိသည်။

**❖ ဖိလစ်ပိုင်နိုင်ငံသည် ရေငုပ်သင်္ဘောများအပါအဝင် နောက်ဆုံးပေါ် စစ်လက်နက်ပစ္စည်းများ ဝယ်ယူရေးအတွက် အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၆ ဘီလီယံတန်ဖိုးရှိသောစစ်ဘက်ဆိုင်ရာ ခေတ်မီအဆင့်မြှင့်တင်မှု ၁၀ နှစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် နိုင်ငံများစွာသည် ဖိလစ်ပိုင်နိုင်ငံနှင့် အမေရိကန်ဒေါ်လာ ဘီလီယံများစွာတန်ဖိုးရှိသော ကာကွယ်ရေးကန်ထရိုက်များ လက်မှတ်ရေးထိုးနိုင်ရန် ကြိုးပမ်းလျက်ရှိကြသည်။ ❖**

၂၀၂၃ ခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံသည် ဗီယက်နမ်နိုင်ငံကို ကျော်တက်ခဲ့သဖြင့် အရှေ့တောင်အာရှဒေသတွင် စီးပွားရေးအလျင်အမြန်ဖွံ့ဖြိုးတိုးတက်သောနိုင်ငံဖြစ်လာခဲ့ပြီး အနာဂတ်တွင်လည်း ဆက်လက်တိုးတက်ရန် အလားအလာကောင်းများရှိနေသည်။ ထို့ကြောင့် ဖိလစ်ပိုင်သည် ဒေသတွင်း၌ စီးပွားရေးအင်အားကြီးနိုင်ငံများအနက် တစ်နိုင်ငံအဖြစ်ရပ်တည်လာနိုင်မည်ဖြစ်သည့်အတွက် ကာကွယ်ရေးအသုံးစရိတ်များ ပိုမိုသုံးစွဲလာနိုင်မည်ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံသည် ရေငုပ်သင်္ဘောများအပါအဝင် နောက်ဆုံးပေါ် စစ်လက်နက်ပစ္စည်းများ ဝယ်ယူရေးအတွက် အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၆ ဘီလီယံတန်ဖိုးရှိသော စစ်ဘက်ဆိုင်ရာခေတ်မီအဆင့်မြှင့်တင်မှု ၁၀ နှစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုင်ငံများစွာသည် ဖိလစ်ပိုင်နိုင်ငံနှင့် အမေရိကန်ဒေါ်လာဘီလီယံများစွာ တန်ဖိုးရှိသော ကာကွယ်ရေးကန်ထရိုက်များ လက်မှတ်ရေးထိုးနိုင်ရန် ကြိုးပမ်းလျက်ရှိကြသည်။ ပြင်သစ်နိုင်ငံအနေဖြင့် ဖိလစ်ပိုင်နိုင်ငံနှင့် တပ်ဖွဲ့များအလည်အပတ်လာရေးဆိုင်ရာသဘောတူညီချက် လက်မှတ်ရေးထိုးရန် စူးစမ်းလေ့လာလျက်ရှိသည်။ ပြင်သစ်၏ Naval Group သည် ဖိလစ်ပိုင်နိုင်ငံကို Scorpene အတန်းအစား ရေငုပ်သင်္ဘောနှစ်စီးရောင်းချသွားရန် ကမ်းလှမ်းထားရှိသည်။

စပိန်အစိုးရလက်အောက်ခံကုမ္ပဏီတစ်ခုဖြစ်သည့် Navantiaသည် ဖိလစ်ပိုင်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံတန်ဖိုးရှိသော S80 အတန်းအစား Isaac Peral ရေငုပ်သင်္ဘောနှစ်စီးရောင်းချသွားရန် ကမ်းလှမ်းထားရှိသည်။ စပိန်နိုင်ငံအနေဖြင့် ရေငုပ်သင်္ဘောအခြေစိုက်စခန်း တည်ဆောက်ရန်နှင့် စစ်ရေယာဉ်များအတွက် အခြားလိုအပ်သော အုပ်ချုပ်ပံ့ပိုးမှုများ လုပ်ဆောင်ပေးရန် ကမ်းလှမ်းထားရှိသည်။

ဖိလစ်ပိုင်နိုင်ငံအတွက် ကာကွယ်ရေးဆိုင်ရာပစ္စည်းများ အဓိကရောင်းချပေးလျက်ရှိသည့် တောင်ကိုရီးယားနိုင်ငံအနေဖြင့်လည်း ရေငုပ်သင်္ဘောရောင်းချနိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိသည်။ Hanwha Ocean သည် Jang Bogo-III ရေငုပ်သင်္ဘောများ ရောင်းချရန် ကမ်းလှမ်းထားရှိသည်။ ၎င်းရေငုပ်သင်္ဘောသည် ပဲ့ထိန်းဒုံးကျည်စနစ်များ၊ ကိုယ်ပျောက်စွမ်းဆောင်ရည်ရှိစေမည့် အဆင့်မြင့်တွန်းကန်အားနှင့် လစ်သီယံဘက်ထရီနည်းပညာတို့ကို အသုံးပြုထားသည်။ တောင်ကိုရီးယားနိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံကို အဆင့်မြင့်စစ်ရေယာဉ်များနှင့် တိုက်လေယာဉ်များ ပံ့ပိုးပေးထားပြီးဖြစ်သည့်အတွက် စစ်လက်နက်ပစ္စည်း ရောင်းချလိုသော ပြိုင်ဘက်နိုင်ငံများအကြားတွင် ယုံကြည်အားထားရသည့် မိတ်ဖက်အဖြစ် ရပ်တည်လျက်ရှိသည်။

တစ်ချိန်က ဒေသတွင်း၌ အင်အားချည့်နဲ့သော တပ်ဖွဲ့အဖြစ် ရှုမြင်ခံရသော ဖိလစ်ပိုင်စစ်ဘက်သည် ရေငုပ်သင်္ဘောများဝယ်ယူခြင်းအားဖြင့် အင်အားတောင့်တင်းလာတော့မည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ ခေတ်မီတိုက်လေယာဉ်များ၊ စစ်ရေယာဉ်များနှင့် ဒုံးကျည်စနစ်များဝယ်ယူဖြည့်တင်းခြင်းသည် ဖိလစ်ပိုင်တပ်မတော်ကို ဒေသတွင်း၌ အလယ်အလတ်အဆင့်ရှိ တပ်မတော်အဖြစ် ရပ်တည်လာစေနိုင်မည်ဖြစ်ပေသည်။

**ကိုးကား**

- **Philippines gunning for fast and massive military build-up by Asia Times.**

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## ရိုးသားသူ

ကလေးတို့ရေ. . ဒီတစ်ပတ်ပြောပြမဲ့ပုံပြင်လေးက ရိုးသားသူ ဆိုတဲ့ပုံပြင်လေးဖြစ်ပါတယ်။ တစ်ခါတုန်းက ဗာရာဏသီပြည်မှာ ဒိသာပါမောက္ခဆရာကြီးဇနီး မောင်နှံရှိတယ်ကွဲ့။ ဆရာကြီးတို့ ဇနီးမောင်နှံဟာ တပည့်ပေါင်းများစွာကို ပညာတွေသင်ကြားပေးနေပေမဲ့ ဆရာကြီးတို့ရဲ့ စည်းစိမ်ဉစ္စာနဲ့ပညာတွေကို ဆက်ခံ ထိန်းသိမ်းမဲ့ သားသမီးတစ်ယောက်မှမရှိဘူးတဲ့ကွယ်။

ဒိသာပါမောက္ခဆရာကြီးနဲ့ဇနီးဟာ တပည့်တွေကို ပညာသင်ကြားပေးရင်း အကြံတစ်ခုရတယ်။ သားသမီး မရှိတဲ့ ငါတို့ရဲ့စည်းစိမ်နဲ့ပညာအမွေကို ဆက်ခံ ထိန်းသိမ်းဖို့ တပည့်တွေထဲက စိစစ်ရွေးချယ်မယ်ဆိုတဲ့ အကြံပေါ့ကွယ်။ စိစစ်ရွေးချယ်မဲ့စည်းကမ်းနဲ့ လျှို့ဝှက် နည်းလမ်းကို ဆရာကြီးတို့ ဇနီးမောင်နှံနှစ်ယောက် တိတ်တဆိတ်တိုင်ပင်ထားခဲ့ကြတယ်။

နောက်တစ်နေ့မှာ ဒိသာပါမောက္ခဆရာကြီးက တပည့်တွေကိုကြေညာတယ်။ ဆရာကြီးရဲ့စည်းစိမ် ဉစ္စာနဲ့ပညာအမွေကိုဆက်ခံပြီး ထိန်းသိမ်းစောင့်ရှောက်မဲ့မွေးစားသားတပည့် ဒါမှမဟုတ် မွေးစားသမီးတပည့် ရွေးချယ်လိုတယ်။ အဲဒီလိုရွေးချယ်ဖို့ ပြိုင်ပွဲတစ်ခု ကျင်းပမယ်။ ပြိုင်ပွဲကို တပည့်တွေထဲက ဘယ်သူမဆို ယှဉ်ပြိုင်ခွင့်ရှိတယ်လို့ ကြေညာလိုက်တယ်။

ပြိုင်ပွဲကိုယှဉ်ပြိုင်မဲ့ တပည့်ယောကျ်ားလေးတွေက ဆရာကြီးပေးတဲ့ သီးနှံမျိုးစေ့ထုပ်ကိုယူသွားပြီး တစ်လ အတွင်း သီးနှံတွေစိုက်ပျိုးရိတ်သိမ်းပြီးယူခဲ့ရမယ်။ တပည့်မိန်းကလေးတွေကတော့ ဆရာကြီးပေးတဲ့ ပန်းမျိုးစေ့ထုပ်ကိုယူသွားပြီး ပန်းအလှအိုးစိုက်ပျိုးယူခဲ့ ရမယ်လို့ပြောလိုက်တယ်။ တပည့်တွေအားလုံး ဒိသာ ပါမောက္ခဆရာကြီးပေးတဲ့ မျိုးစေ့တစ်ထုပ်စီ ကိုယ်စီ ကိုယ်ငယူပြီး ပြန်သွားကြတယ်။

တပည့်တွေဟာ ဆရာကြီးသတ်မှတ်ပေးတဲ့အချိန် ကာလအတွင်း ကြိုးစားပမ်းစားစိုက်ပျိုးကြသတဲ့။ ဆရာ ကြီးနဲ့ဇနီးလဲ အကောင်းဆုံးစိုက်ပျိုးပြနိုင်မဲ့တပည့်ကို စောင့် မျှော်ရင်းနောင်ရေးကိုတွေးတောနေကြတာပေါ့ကွယ်။

အချိန်တစ်လပြည့်ချိန်မှာတော့ တပည့်ယောကျ်ား လေးတွေက သူတို့စိုက်ပျိုးရခဲ့တဲ့သီးနှံတွေ ရိတ်သိမ်း ပြီး ဆရာကြီးဆီယူလာကြတယ်။ တပည့်မိန်းကလေး တွေကလဲ သူတို့စိုက်ပျိုးပြုစုထားတဲ့ပန်းအလှအိုးလေး တွေကိုယ်စီယူပြီး ဆရာကြီးဆီရောက်လာကြတယ်။

ဆရာကြီးက အပ်နှံလာတဲ့တပည့်ယောကျ်ားလေး တွေရဲ့သီးနှံတွေကို တစ်ယောက်ပြီးတစ်ယောက်



ကြည့်ရှုပြီး ဘယ်သူ့သီးနှံက ပိုသာတယ်ဆိုတာ အကဲ ခတ်သတဲ့။ ဆရာကြီးရဲ့ဇနီးကတော့ တပည့်မိန်းကလေး တွေစိုက်ပျိုးယူလာတဲ့ ပန်းအလှအိုးတွေကို တစ်ယောက် ပြီးတစ်ယောက်ကြည့်ရှုပြီး ဘယ်သူ့ပန်းအိုးကပိုသာ တယ်ဆိုတာ အကဲခတ်သတဲ့။ တပည့်ယောကျ်ားလေး တစ်ယောက်ချင်းက ဆရာကြီးစစ်မေးတဲ့အခါ ဒီသီးနှံ ရဖို့ ဘယ်လိုကြိုးစားစိုက်ပျိုးခဲ့ရတယ်ဆိုတာ ပြည့်ပြည့် စုံစုံရှင်းပြကြတယ်။ တပည့်မိန်းကလေးတစ်ယောက် ချင်းကလဲ ဆရာကြီးရဲ့ဇနီးစစ်မေးတဲ့အခါ ဒီအလှ ပန်းအိုးရဖို့ ပန်းတွေကိုဘယ်လိုကြိုးစားစိုက်ပျိုးခဲ့ရ တယ်ဆိုတာ ပြည့်ပြည့်စုံစုံရှင်းပြကြတယ်။

ဒါပေမဲ့ တပည့်ယောကျ်ားလေးတွေထဲမှာ တစ်ယောက် ကတော့ ဘာသီးနှံမှပြစရာပါမလာခဲ့ဘူးတဲ့။ အဲဒီ တပည့်ကို ဆရာကြီးကမေးမြန်းကြည့်တဲ့အခါ ဆရာကြီး ပေးလိုက်တဲ့မျိုးစေ့ထုပ်ကို ကြိုးကြိုးစားစားစိုက်ပျိုး ခဲ့ပါတယ်။ ဒါပေမဲ့ ဘာအပင်မှပေါက်မလာလို့ ဆရာကြီးကိုပြသအပ်နှံဖို့ သီးနှံမပါခဲ့ဘူးလို့ဖြေတယ်။ သူ့ရဲ့စကားကိုကြားတော့ သီးနှံအပ်နှံနိုင်တဲ့တပည့် တွေက လှောင်ပြောင်ရယ်မောကြတယ်။ ဆရာကြီး ကတော့ပြုံးနေပြီး ဘာမှမပြောသေးဘူးကွဲ့။ အလားတူ ပဲ တပည့်မိန်းကလေးတွေထဲမှာလဲ တစ်ယောက်က ဘာပန်းအလှအိုးမှ ပြစရာပါမလာခဲ့ဘူးတဲ့။ အဲဒီ တပည့်မကို ဆရာကြီးရဲ့ဇနီးကမေးမြန်းတဲ့အခါ ဆရာ ကြီးပေးလိုက်တဲ့ ပန်းမျိုးစေ့ထုပ်ထဲက မျိုးစေ့တွေကို ကြိုးစားစိုက်ပေမဲ့ ဘာအပင်မှ ပေါက်မလာလို့ ပြစရာ ပန်းအလှအိုးပါမလာခဲ့ဘူးလို့ဖြေတယ်။ သူ့ရဲ့စကားကို ကြားတော့ ပန်းအလှအိုးပြနိုင်တဲ့တပည့်မိန်းကလေး တွေက လှောင်ပြောင်ရယ်မောကြတယ်။ ဆရာကြီးရဲ့ ဇနီးကတော့ပြုံးနေပြီး ဘာမှမပြောသေးဘူးတဲ့။

နောက်ဆုံးမှာတော့ ဆရာကြီးက အမွေဆက်ခံဖို့ မွေးစားမဲ့ တပည့်ယောကျ်ားလေးတစ်ယောက်ရဲ့အမည် ကိုကြေညာလိုက်ပါတယ်။ ဆရာကြီးရဲ့ဇနီးကလဲ အမွေ ဆက်ခံဖို့ တပည့်မိန်းကလေးတစ်ယောက်ရဲ့အမည်ကို ကြေညာလိုက်ပါတယ်။ ဆရာကြီးတို့ဇနီးမောင်နှံရဲ့ ကြေညာချက်ကို ကြားလိုက်ရတဲ့တပည့်တွေအားလုံး အံ့သြသွားကြတယ်။ မကျေမနပ်စကားတွေလဲ ဆို ကြတယ်။ ဘာကြောင့်လဲဆိုတော့ ဘာသီးနှံမှမအပ်နှံ နိုင်တဲ့ တပည့်ယောကျ်ားလေးနဲ့ ဘာအလှပန်းအိုးမှ မအပ်နှံနိုင်တဲ့ တပည့်မိန်းကလေးကို ရွေးချယ်ကြေညာ လိုက်လို့တဲ့ကွယ်။

ဆရာကြီးက ဘာမှမအပ်နိုင်တဲ့တပည့်နှစ်ယောက် ကိုရွေးချယ်တယ်ဆိုပြီး တပည့်တွေကမကျေမနပ်နဲ့ မေးမြန်းကြတယ်။ အဲဒီတော့မှ ဆရာကြီးက ငါမင်းတို့ရဲ့ ရိုးသားမှုကိုစမ်းသပ်ချင်လို့ ရေနွေးပွက်ပွက်ဆူအောင် ပြုတ်ထားတဲ့မျိုးစေ့တွေကို စိုက်ဖို့ပေးခဲ့တယ်။ အဲဒီ မျိုးစေ့တွေဟာ ဘယ်လောက်ကြိုးစားစိုက်စိုက် အပင် ပေါက်မှာမဟုတ်ဘူး။ ဆရာကြီးတို့ရွေးချယ်လိုက်တဲ့ တပည့်ယောကျ်ားလေးနဲ့ တပည့်မိန်းကလေးက သူတို့ ကြိုးစားစိုက်ပျိုးပေမဲ့ အပင်မပေါက်တဲ့အကြောင်း ရိုးရိုးသားသားပြန်အဖြေပေးကြတယ်။ ကျန်တပည့် အားလုံးကတော့ ရွေးချယ်ခံရလိုဇောနဲ့ မဟုတ်မမှန် လိမ်ညာပြီး သီးနှံတွေ၊ ပန်းအလှအိုးတွေကိုပြခဲ့ကြတယ်။ တပည့်တို့သိထားရမှာက ပညာကိုတတ်အောင် ဆရာ ကြီးသင်ပေးလို့ရတယ်။ ရိုးသားမှုကိုတော့သင်ပေးလို့ မရဘူး။ ပြီးတော့ ဆရာကြီးတို့မွေးစားပြီး အမွေ ဆက်ခံခွင့်ပေးချင်တာကလဲ ရိုးသားသူတွေကိုပဲလို့ တစ်ဆက်တည်းရှင်းပြလိုက်တယ်။

အဲဒီနောက်မှာ ဆရာကြီးတို့ဇနီးမောင်နှံက ရိုးသား တဲ့တပည့်ယောကျ်ားလေးနဲ့ တပည့်မိန်းကလေးကို သူတို့ရဲ့စည်းစိမ်ဉစ္စာနဲ့ ပညာရာထူးအမွေတွေကို ဆက် ခံခွင့်ပေးလိုက်ပါတော့တယ်။ ဒါ့ပြင် ရိုးသားတဲ့တပည့် နှစ်ယောက်ကို လက်ထပ်ထိမ်းမြားပေးပြီး နောင် ဆရာကြီးနဲ့ဇနီးတို့မရှိရင် ဒိသာပါမောက္ခရာထူးကို လွှဲပြောင်းအပ်နှံကြောင်း ကြေညာလိုက်ပါတယ်။

ကလေးတို့လဲ ဒီပုံပြင်ထဲက ရိုးသားတဲ့တပည့် နှစ်ယောက်လို ရိုးသားကြိုးစားသူတွေဖြစ်အောင် အတုယူလုပ်ကိုင်နိုင်ကြပါစေကွယ်။

**ညွန့်ဝင်း(နတ်တလင်း)**

## အလုပ်ကိုယ်စီ

♦ ပျားကလေးများ ဝတ်ရည်သယ်
ပျားရည်ထုတ်ဖို့ကွယ်။

♦ ဝမ်းစာရေးတွက် အစာချီ
ပုရွက်ဆိတ်တို့ အတန်းညီ။

♦ မိုးလေကာကွယ် လုံခြုံရေး
အသိုက်ဆောက်တဲ့ ငှက်ကလေး။

♦ အစွမ်းကိုယ်စီ အသုံးချ
လုပ်အားအလှပြ။ ။

**မောင်ကြည်လင်(ရွှေကိုးကြာ)**



## နောင်တစ်ခေတ်ရဲ့ ကြယ်ပွင့်များ

♦ မိုးသောက်လာပေါ့ မနက်မှာ
လှုံ့လထားကြပါ၊
ဝီရိယဟာ အရေးကြီး
အောင်မြင်ဖို့လမ်းနိုး။

♦ ဇွဲထားမငြီး ကြိုးစားပါ
သားသားမီးမီးရာ၊
ရည်မှန်းချက်သာ ဖြစ်အောင်လုပ်
နောက်ကိုသာမဆုတ်။

♦ ရှေ့ကိုအဟုတ် လျှောက်ကြနော်
စာကြိုးစားပျော်ပျော်၊
နောင်တစ်ခေတ်သော် အရွယ်ရောက်
ကြယ်ပွင့်အလားတောက်။
သားသားမီးမီးလျှောက်။ ။



**မိုးမြင့်စံ(မေတ္တာရိပ်)**

# ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းအား ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/ တင်သွင်းခြင်းကို **၁၈-၂-၂၀၂၄ ရက်နေ့** (အစား) **၂၅-၂-၂၀၂၄ ရက်နေ့**အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် ဗိုလ်လောင်းလျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ဂရိတ်ဖရသီးသည် ကင်ဆာဖြစ်စေသောအင်ဇိုင်းကို ဟန့်တားပေးသည်။ ဆေးလိပ်ဖြတ်ပြီးနောက်ပိုင်း အဆုတ်သန့်ရှင်းရေးအတွက် အထူးကောင်းမွန်သည်။




COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



သန့်ရှင်းသောရေကို သောက်ပေးခြင်းဖြင့် အဆုတ်၏ရေဓာတ်ကို ထိန်းသိမ်းပေးပြီး ချွဲ သလိပ်၊ နှပ်၊ နှာရည် စသည့်စွန့်ပစ်ပစ္စည်းများကို အလွယ်တကူယိုစိမ့်ထွက်ရှိလာပြီး အဆုတ်ကို သန့်စင်စေသည်။

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ညအိပ်ရာမဝင်ခင် Cranberry ခေါ် အနီရောင်အချဉ်သီးဖျော်ရည် သောက်ပေးခြင်းဖြင့် အဆုတ်ထဲရှိ ဗက်တီးရီးယားပိုးမွှားများကို တိုက်ထုတ်ပေးနိုင်သည်။



ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၄၆၄၅ ဧက စိုက်ပျိုးပြီးစီး



**ကသာ ဖေဖော်ဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၄၆၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၃၅၃၂ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၆၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ကသာခရိုင်အတွင်း စားဖိုဆောင်သီးနှံ ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၀၀၀ ကျော်စိုက်ပျိုးပြီးစီးပါပြီ။ စားဖိုဆောင်သီးနှံ စိုက်ပျိုးမှုကတော့ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ပါတယ်။ ဒါ့ပြင် စားဖိုဆောင်သီးနှံ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာနိုင်ပါတယ်"ဟု ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ကသာခရိုင်တွင် မြို့နယ်အလိုက် စားဖိုဆောင်သီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် ငရုတ် ၁၉ ဧက၊ ကြက်သွန်နီ ၁၁၈ ဧက၊ ကြက်သွန်ဖြူ ၄၃ ဧက၊ အာလူး ၅၉ ဧက၊ အင်းတော်မြို့နယ်တွင် ကြက်သွန်နီဧက ၄၂၀၊ ကြက်သွန်ဖြူ ၆၈ ဧက၊ အာလူးဧက ၂၀၀၊ ထီးချိုင့်မြို့နယ်တွင် ငရုတ် ၃၈၅ ဧက၊ ကြက်သွန်နီ ၁၀၂၅ ဧက၊ ကြက်သွန်ဖြူ ၁၉၇ ဧက၊ အာလူး ၉၈ ဧက၊ပန်းမောက်မြို့နယ်တွင်ငရုတ် ၇၁ ဧက၊ ကြက်သွန်နီ ၈၁၇ ဧက၊ ကြက်သွန်ဖြူ ၅၈၇ ဧက၊ အာလူး ၅၃၈ ဧက စုစုပေါင်း ၄၆၄၅ ဧက ဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် မြို့နယ်အလိုက် စားဖိုဆောင်သီးနှံစိုက်ပျိုးရန် လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ငရုတ် ၁၉ ဧက၊ ကြက်သွန်နီ ဧက ၈၀၊ ကြက်သွန်ဖြူ ၃၆ ဧက၊ အာလူး ၄၆ ဧက၊ အင်းတော်မြို့နယ်တွင် ကြက်သွန်နီ ၂၈၃ ဧက၊ ကြက်သွန်ဖြူ ၅၆ ဧက၊ အာလူး ၁၆၄ ဧက၊ ထီးချိုင့်မြို့နယ်တွင် ငရုတ် ၃၈၅ ဧက၊ ကြက်သွန်နီ ၆၉၂ ဧက၊ ကြက်သွန်ဖြူ ၁၆၃ ဧက၊ အာလူး ၇၇ ဧက၊ ပန်းမောက်မြို့နယ်တွင် ငရုတ် ၇၃ ဧက၊ ကြက်သွန်နီ ၅၅၁ ဧက၊ ကြက်သွန်ဖြူ ၄၈၂ ဧက၊ အာလူး ၄၂၅ ဧက စုစုပေါင်း ၃၅၃၂ ဧကဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် စားဖိုဆောင်သီးနှံစိုက်ပျိုးသည့်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အထွက်နှုန်းကောင်းမွန်ရန်၊ GAP စိုက်နည်းစနစ်ဖြင့်စိုက်ပျိုးရန် နည်းပညာပေးခြင်းစသည့်လုပ်ငန်းများကိုဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၂၀၆)

## ရပ်စောက်မြို့နယ် ရေပြာတိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရပ်စောက် ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပျော်ကျေးရွာအုပ်စု ရေပြာတိုးကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ ဆင်းရဲမှုလျော့ကျစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရပ်စောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရွှေရယ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဦးစီးအရာရှိ ဒေါ်ခင်နှင်းသက်နှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ကျပ် ၄၅ ဒသမ ၂၅ သန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ရေပြာတိုးကျေးရွာတွင် စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ် ၄၅ ဒသမ ၂၅ သန်းထုတ်ချေးပေးခဲ့ကြောင်း ရပ်စောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရွှေရယ်ထံမှ သိရသည်။

**မောင်နိုင်**

**ပလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက်ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များ ဆက်လက်ထွန်းကားပြန့်ပွားလာသည်နှင့်အမျှ လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာများတွင် အမျိုးသားရေးလမ်းကြောင်းမှန်အတိုင်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပြီး အမျိုးသားရေးကိုယ်ခံစွမ်းအားများ မြင့်မားလာမည်ဖြစ်သည်ကို ပြောကြားလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင်ပြုလုပ်သော (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# မြစ်ကြီးနားမြို့၊ မိုးညှင်းမြို့နှင့် ပဲခူးမြို့တို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေကို ကြိုဆိုထောက်ခံပွဲပြုလုပ်



ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေကို ကြိုဆိုထောက်ခံပွဲပြုလုပ်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂၇/၂၀၁၀ ဖြင့်ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှစတင်၍ အာဏာတည်ကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲများကို ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မေခပန်းခြံ၌လည်းကောင်း၊ မိုးညှင်းမြို့ မြို့မစုပေါင်းရုံးရှေ့ကွင်း၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဥဿာမြို့သစ်(၅)ရပ်ကွက်ရှိ ခရိုင်အားကစားကွင်း၌လည်းကောင်း အသီးသီး ပြုလုပ်ကြသည်။

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

### ကျိုက်ပီရွှေသောင်ကွင်းဒီရေတော ကြိုးပြင်ကာကွယ်တောသတ်မှတ်

စာမျက်နှာ - ၁၉



### စစ်မှန်သော မျိုးချစ်စိတ်ဓာတ်နှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်

ဆောင်းပါး စာမျက်နှာ - ၁၀

### ထူးခြားသည့် ညအပူချိန်များ

၁၇-၂-၂၀၂၄

| | | |
|---|---|---|
| ဟားခါး | သုည | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၅ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၆ | ဒီဂရီစင်တီဂရိတ် |
| မိုင်းဆယ်န်း | ၆ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၇ | ဒီဂရီစင်တီဂရိတ် |
| တီးတိန် | ၇ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၇ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၇ | ဒီဂရီစင်တီဂရိတ် |

Quality For You VEGA ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You

ပစ္စည်းထည့်ပုံးအမျိုးမျိုး

ပစ္စည်းထည့်ပုံးအမျိုးမျိုး

ရေချိုးခန်းသုံးပစ္စည်းများ



ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၄၉